

လူငယ်တို့အတွက်
ဘဝခွန်အားပြောစကားများ၊
ဒေါ်အောင်ဆန်းစုကြည်
ပိုးစိုင်း(ဂျာနယ်လစ်)
စုစည်းတင်ပြသည်
Design: Aung Myo(Rays)


ဒေါ်အောင်ဆန်းစုကြည်
(သို့မဟုတ်)
သံမဏိကြိုးမျှင်
မောင်သွေးချွန်

စာစဉ်အမှတ်(၃၀၆)

ဖြန့်ချိရေး

မဇ္ဈိမစာပေ

အမှတ်(၂၃၇)၊ပထမထပ်(ဝဲ)၊ ၃၉လမ်း(ထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅

# လူငယ်တို့အတွက်
# ဘဝခွန်အား ပြောစကားများ

## ဒေါ်အောင်ဆန်းစုကြည်

ဖိုးစိုင်း(ဂျာနယ်လစ်) စုစည်းတင်ပြသည်

*ပုံနှိပ်မှတ်တမ်း*
**ပထမအကြိမ်၊ အုပ်ရေ(၁၀၀၀)**
*ထုတ်ဝေသည့်ကာလ*
**ဩဂုတ်၊ ၂၀၁၆။**
*ထုတ်ဝေသူ*
**ဦးအောင်ခိုင်မြင့်(မဇ္ဈိမစာပေ)မြဲ-၀၀၂၆၅**
အမှတ်(၄၇)၊ (၁)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာ။
*မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်*
**ဦးမျိုးမြင့်ကျော်၊**
**မြတ်ထက်ဟိန်းပုံနှိပ်တိုက်၊မြဲ-၀၀၄၆၉**
အမှတ်(၈)၊ အခန်း(၀၀၄)၊ လိပ်ကန်လမ်း၊
ပုဇွန်တောင်ဥယျာဉ်အိမ်ယာ၊ ပုဇွန်တောင်။
*အတွင်းဖလင်*
**ကိုဦး (၀၉ ၅၀၇၀၆၆၃)**
*မျက်နှာဖုံးပန်းချီ*
**မောင်မောင်တိုး**
*မျက်နှာဖုံး*
**အောင်မျိုး (Rays)**
*အတွင်းအပြင်အဆင်*
**လင်းဟိန်း**
*တန်ဖိုး*
**၂၀၀၀**
*အတွင်းဓာတ်ပုံများ*
**ဖိုးစိုင်း(ဂျာနယ်လစ်)**

**ဖိုးစိုင်း(ဂျာနယ်လစ်) စုစည်းတင်ပြသည်**
လူငယ်တို့အတွက် ဘဝခွန်အားပြောစကားများ
ဒေါ်အောင်ဆန်းစုကြည်
ပထမအကြိမ်၊ မဇ္ဈိမစာပေ၊ ရန်ကုန်။
စာ-၁၇၆၊ ၁၂.၆ x ၁၈.၅ စင်တီ

# အမှာ

သည်စာအုပ်သည် နိုင်ငံရေးတက်ကြွမ်းစာအုပ် တစ်အုပ် မဟုတ်သလို ပြီးခဲ့သည့် စနစ်ဆိုး၊ မင်းဆိုးကို ပြန်လည် ဝေဖန်သော သုံးသပ်ရေးသားထားသည့် စာအုပ်လည်း မဟုတ်ပါ။ ထို့အတူ အောင်မြင်ရေးအကြောင်း ဟောပြောပို့ချသည့် စာအုပ်မဟုတ်ပြန်သလို သူဌေးဖြစ်နည်း စာအုပ်လည်း မဟုတ်ပါ။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ လူထုနှင့် တွေ့ဆုံသည့် ဟောပြောပွဲများ၌ လူငယ်များအတွက် ပြောကြားခဲ့သည့် စိတ်ခွန်အားဖြစ်စေသော၊ အတွေးစာစု၊ ဒဿနစကားများကို ပြန်လည် ကောက်နုတ်ဖော်ပြခြင်းသာ ဖြစ်ပါသည်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်

သည့် ဘဝအတွေ့အကြုံများ၊ သင်ခန်းစာများ၊ ဒုက္ခအခက်အခဲများအား မည်သို့ကျော်လွှားနိုင်သည်ကို ခွန်အားပေးသော စကားများအဖြစ်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ ခက်ခဲနက်နဲသည့် စိတ်ခွန်အား လှုံ့ဝှက်ချက်များကို အတုယူစံထားရမည့် အမှန်တရားများအဖြစ် နှောင်းလူငယ်များအတွက် မှတ်တမ်းတင်ပေးခြင်း ဖြစ်ပါသည်။

ခေတ်ပြောင်း၊ စနစ်ပြောင်းမှာ ကျနော်တို့သည် ပြီးခဲ့သည်များကို ထပ်ဖန်တလဲလဲ ဝေဖန်ပြစ်တင်နေယုံနှင့် ပြီးပြည့်စုံသော ပန်းတိုင်ကို ရောက်မည် မဟုတ်ပါ။ မိမိတို့ တစ်နိုင်တပိုင် ထမ်းပိုးသယ်ရွက်ရမည့် ကိစ္စများကို မိမိတို့ ကိုယ်တိုင် သယ်ပိုးထမ်းရွက်နိုင်ရန် တိုင်းပြည်တပြည်၏ အခြေခံကျသော၊ ရတနာသယံဇာတများဖြစ်သည့် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များအတွက် ရည်ရွယ်၍ ယခုစာအုပ်ကို စီစဉ်ပေးခြင်း ဖြစ်ပါသည်။

စာအုပ်တွင်ပါဝင်သော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အတွေးအခေါ်ဆိုင်ရာ ဘဝခွန်အား စကားများ၊ စာစုများ၊ ဒဿနစကားများသည် **၁၉၈၈** ခုနှစ်မှ **၂၀၁၅** ခုနှစ်အတွင်း ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သော မိန့်ခွန်းများနှင့် RFA သတင်းဌာနမှ ဆရာဦးခင်မောင်စိုး စီစဉ်တင်ဆက်သည့် ဒီမိုကရေစီ ''ခရီးကြမ်းနှင့် ဒေါ်အောင်ဆန်းစုကြည်'' ရေဒီယိုအသံလွှင့်ချက်များထဲမှ ပြန်လည်ကောက်နုတ် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဖိုးစိုင်း(ဂျာနယ်လစ်)၊ ၂၀၁၆။



# စည်းနဲ့ကမ်းနဲ့ထိန်းဖို့လို

❝ ကျမတို့ တိုင်းပြည်မှာ လူကြီးနဲ့လူငယ် ကြားထဲမှာ ကွဲကွာမှုတွေ ရှိပါတယ်။ အဲဒီ ကွဲကွာမှုတွေကိုလည်း ဖြေရှင်းဖို့ လိုပါတယ်။ လူငယ်တွေက လူငယ်တွေ၊ လူကြီးတွေက လူကြီးတွေဆိုတဲ့ စိတ်ထားတွေ ဖြစ်နေပါတယ်။ ပြည်သူလူထုရဲ့အင်အားဟာ တစ်နေ့ထက်တစ်နေ့ ကြီးလာပါပြီ။ ဒီလို ကြီးလာလို့လည်း ပိုပြီးတော့ စည်းနဲ့ကမ်းနဲ့ ထိန်းဖို့လိုပါတယ်။ စည်းမရှိတဲ့ အင်အား၊ အမှန်တရားနဲ့ မကိုက်ညီတဲ့ အင်အားဆိုတာ ဘယ်တော့မှ ကောင်းကျိုး မပေးနိုင်ပါဘူး။❞

♦

# မိဘများက ကိုယ့်သားသမီးကို တိုးတက်စေချင်ရင်

❝ လူတွေဟာ မွေးကတည်းက ဗီဇလေးတွေ ပါလာတယ်။ တချို့ကလေးတွေဆိုရင် သူ့ကို မုန့်ပေးတယ်ဆိုရင် သူတစ်ယောက်တည်း တိတ်တိတ်ကလေးကုပ်ပြီး စားတယ်။ တချို့ကလေးတွေကတော့ သူရှိတဲ့ မုန့်ကလေးကိုဖဲ့ပြီး သူများကို ပေးတယ်။ အဲဒီတော့ ဗီဇပါလာတယ်ဆိုတော့ ကိုယ့်အိမ်က အိမ်သားထဲမှာကို ကြည့်ရင်သိနိုင်တယ်။ ဘယ်သူကတော့ အများအကျိုးကို စဉ်းစားတယ်။ ဘယ်သူကတော့ ကိုယ်ကျိုးအတွက်သာ ရှာတယ်ဆိုတာ ငယ်ငယ်ကတည်းက

ဗီဇက ပါလာတယ်။ ပါလာပေမယ့် မိဘများက ကိုယ့်သား သမီးများကို တိုးတက်စေချင်တယ်ဆိုရင် ချောင်ထဲမှာသွား ပြီး သူ့ ရှိတဲ့မုန့်ကို တစ်ယောက်တည်း စားတတ်တဲ့ကလေးကို 'မင်းဒီလိုပဲ လုပ်လို့ရှိရင် တခြားလူ မုန့်ရရင်လည်း မင်းကို ပေးမှာ မဟုတ်ဘူး။ သားတစ်ယောက်တည်း သားမုန့်ကို တစ်ယောက်တည်း ကုပ်ပြီးစား၊ သားအစ်ကိုတွေ သားညီတွေ မုန့်ရလာရင်သားကို ဝေပြီးစားမှာ မဟုတ်ဘူး' ဆိုပြီးတော့ ငယ်ငယ်ကတည်းက အများအကျိုးဆောင်တတ်အောင် သင် ပေးရမှာပေ့ါ ❞

♦

# လူငယ်တွေ မှန်မှန်ကန်ကန် ဖြောင့်ဖြောင့်မတ်မတ် ဖြစ်ဖို့

❝ ကျမငယ်ငယ်တုန်းက သင်ခဲ့ရတဲ့ကဗျာလေး တစ်ပုဒ်ရှိပါတယ်။ ဒီကဗျာကတော့ အင်္ဂလိပ်ဘာသာက ပြန်ထားတဲ့ကဗျာပဲ။ လူငယ်များနဲ့လည်း အင်မတန်မှ စပ်ဟပ်တယ်လို့ ကျွန်မထင်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီကဗျာစာသားအရ ကျောင်းသားများကို မှာချင်ပါတယ်။ ဒီကဗျာက ဘယ်လိုလဲဆိုတော့ …

"ကျွန်ုပ်ကို ယုံသောသူများကြောင့်
ဖြောင့်မတ်မည်။
ဂရုစိုက်သော်သူများကြောင့် သန့်ရှင်းမည်။
ဆောင်ရွက်ရန် များသောကြောင့် ခွန်အားနှင့်
ပြည့်မည်။

ပင်ပန်းခံရများသောကြောင့် ရဲရင့်မည်။
မိတ်ဆွေမဲ့သူနှင့် ရန်သူကို မိတ်ဖွဲ့မည်။
ပေးကမ်းကြောင်းမေ့လျက် စွန့်ကြဲပေးကမ်းမည်။
ခွန်အားနည်းကြောင်းသိလျက် စိတ်နှိမ်ချမည်။
ရွှင်လန်းချစ်ခင်မော်ကြည့်လျက် ထူးပင့်မည်'' တဲ့။

ပြောတဲ့ကိစ္စအားလုံးဟာ မှန်မှန်ကန်ကန် ဖြောင့်ဖြောင့်မတ်မတ် ဖြစ်ရမယ်။ ဒီလိုလုပ်မှပဲ ကိုယ့်ပေါ်မှာ ယုံကြည်တဲ့သူတွေရဲ့ ယုံကြည်ချက်တွေဟာ မပျက်သွားဘူး ❞

◆




မဇ္ဈိမတာပေ

# ကျွန်ုပ်ကိုယုံသောသူများကြောင့် ဖြောင့်မတ်မည်

❝ ကျွန်ုပ်ကို ယုံသောသူများကြောင့် ဖြောင့်မတ်မည်။ လူတိုင်း လူတိုင်းဟာ ဖြောင့်မတ်ရမယ်။ အထူးသဖြင့် လူငယ်ကျောင်းသားများဟာ ကောင်းတဲ့အကျင့်စာရိတ္တတွေ မွေးရမယ်။ ကိုယ့်ကို ယုံတဲ့သူများ ရှိလို့ရှိရင် ကိုယ်က ဖြောင့်မတ်ဖို့ တာဝန်ရှိတယ်။ တချို့က ကိုယ်ဟာ သူများကို လှည့်ဖျားနိုင်ရင် လူတော်၊ လူလည်လို့ ထင်တယ်။ သူတို့ကို သူတို့ လူတော်လို့ မှတ်တယ်။ ဒါဟာ မမှန်ဘူး။ တကယ်ဆို လို့ရှိရင် ကိုယ့်ကို ယုံကြည်တဲ့သူရှိရင် ကိုယ်က ဖြောင့်မတ်ရ

မယ်။ ဖြောင့်ကို ဖြောင့်မတ်ရမယ်။ အယုံအကြည်သွင်းပြီး တော့ လူတစ်ယောက်ကို လှည့်ဖျားတာဟာ လုံးလုံးမမြင့် မြတ်ဘူး။ အင်မတန်မှ ရှက်စရာ ကောင်းပါတယ်။ လူတိုင်း လူတိုင်းဟာ ကိုယ့်မှာ ယုံကြည်တဲ့သူ အနည်းဆုံးတစ်ယောက် တော့ ရှိမှာပဲ။ တစ်ယောက်ရှိရင်တောင် ဒီတစ်ယောက် အတွက် ဖြောင့်မတ်ရမယ်။ ကိုယ့်ကို အများက ယုံကြည်နေ လို့ရှိရင် အများအတွက် ဖြောင့်မတ်ရမယ် ❞

♦

# ဂရုစိုက်သောသူများကြောင့် သန့်ရှင်းပါ

❝ ဂရုစိုက်သောသူများကြောင့် သန့်ရှင်းမည်တဲ့။ ဂရုစိုက်သော သူဆိုတာ ကိုယ့်ကို ဘယ်သူက ဂရုအစိုက်ဆုံးလည်း၊ လူငယ်များဆိုရင် သိပါတယ်။ ကိုယ့်မိဘများက ဘယ်သူ့ကို ဂရုအစိုက်ဆုံးလဲ။ မိဘများက ကိုယ့်ကို ဂရုစိုက်ပြီးတော့ ကျွေးမွေးတယ်။ မွေးမြူတယ်။ သန့်ရှင်းစင်ကြယ်အောင်လို့ ထားတယ်။ ရေချိုးပေးတယ်။ ငယ်ငယ်က ဆိုလို့ရှိရင် ။ အဝတ်လဲပေးတယ်။ အဝတ်သန့်သန့်ရှင်းရှင်း ဝတ်ပေးတယ်။ ထမင်းကျွေးတယ်။ အမျိုးမျိုးလုပ်ပေးတယ်။ ဒါပေမဲ့ ကိုယ့်ရဲ့ ဝိညာဉ်၊ စိတ်ကို သန့်ရှင်းအောင်၊ ဖြူစင်အောင် အပြင်က မလုပ်ပေးနိုင်ဘူး။ အဲဒီတော့ ကိုယ့်ကို အပြင်ကနေ ဝိုင်းပြီးတော့ ဂရုစိုက်တဲ့သူတွေရှိရင် ကိုယ့်အတွင်း စိတ်နှလုံးသား ဖြူစင်အောင်၊ သန့်ရှင်းအောင်လို့ ကိုယ်က ဂရုစိုက်ဖို့လိုတယ်။ ဒါကြောင့်မို့လို့ ဂရုစိုက်သောသူများကြောင့် ရှင်သန်မည်လို့ ဆိုပါတယ် ❞

♦

# ဆောင်ရွက်ရန်များသောကြောင့် ခွန်အားနှင့်ဖြည့်ပါ

“ ဆောင်ရွက်ရန်များသောကြောင့် ခွန်အားနှင့်ဖြည့်မည်။ အခုခေတ်မှာဆိုရင် ဒါကို ထူးထူးထွေထွေ ရှင်းပြနေစရာ မလိုဘူး။ ကျမတို့ အားလုံးဟာ ဆောင်ရွက်ရန် အများကြီး ရှိတယ်။ ဒီမိုကရေစီလမ်းဟာ ရှည်မယ့်လမ်းဖြစ်တယ်။ အင်မတန်မှ အန္တရာယ်များမယ့်လမ်း ဖြစ်တယ်။ ပင်ပန်းခံပြီး တော့ လျှောက်ရမယ့်လမ်း ဖြစ်တယ်။ ဒါကြောင့် ဆောင်ရွက် ရန် များသောကြောင့် ခွန်အားနှင့် ဖြည့်ရမယ်တဲ့။ ကိုယ့် ခွန်အားကို မွေးရမယ်။ ခံနိုင်ရည်ရှိအောင်လို့ ကြိုးစားရ မယ် ”

◆



# ပင်ပန်းခံရမှုများနှင့် ရဲရင့်ပါ

❝ ပင်ပန်းခံရများသောကြောင့် ရဲရင့်မည်တဲ့။ ဒီလမ်းဟာ အန္တရာယ်များတယ်။ ဒုက္ခတွေများတယ်။ ဒီဒုက္ခတွေ၊ အန္တရာယ်တွေကို ရင်ဆိုင်နိုင်အောင်လို့ ကိုယ်က ရဲစွမ်းသတ္တိ ရှိရမယ်။ ရဲစွမ်းသတ္တိဆိုတာ ကြောက်လျက်နဲ့မှန်တာကို လုပ် ရဲတာ သတ္တိအစစ်အမှန်ပဲ။ ဒီခေတ်မှာ ဆိုလို့ရှိရင် မှန်တာ လုပ်တဲ့သူတွေ အများကြီး အချုပ်အနှောင်ခံရတယ်။ အများ ကြီး ဒုက္ခအပေးခံရတယ်။ ဒါပေမယ့်လည်း မှန်တာမို့လို့ ဆိုပြီးတော့ လုပ်ရဲတဲ့ သတ္တိရှိရမယ်။ ပင်ပန်းခံရများသော ကြောင့် ရဲရင့်ရမယ် ❞

◆

# မိတ်ဆွေမဲ့သူနှင့် ရန်သူကိုမိတ်ဖွဲ့ပါ

❝ နောက်မိတ်ဆွေမဲ့သူနှင့် ရန်သူကို မိတ်ဖွဲ့မည်။ ဒါကတော့ အင်မတန်မှ သဘောထားကြီးတယ်ဆိုတာ ပြတာပဲ။ မိတ်ဆွေမရှိတဲ့ သူများ၊ ရန်သူများကို ကိုယ်က မိတ်ဆွေဖွဲ့နိုင်တယ်ဆိုတာ ကိုယ်က သဘောထား ကြီးကြီးနဲ့ ထားတယ်။ အာဃာတတရားမထားဘူး။ တကယ်ဆိုလို့ရှိရင် ကိုယ်လုပ်တဲ့ အလုပ်ဟာအမြဲပဲ အမှန်တရားကို အခြေခံပြီးလုပ်တာ ဖြစ်ရမယ်။ မေတ္တာတရားကို အခြေခံပြီးလုပ်တာ ဖြစ်ရမယ်။ အခုဒီတိုက်ပွဲမှာဆိုရင်လည်း ပြည်သူလူထုအပေါ်မှာ မေတ္တာရှိလို့ တိုင်းပြည်အပေါ်မှာ မေတ္တာရှိလို့လုပ်တဲ့ တိုက်ပွဲဆိုတာ ဖြစ်ရမယ်။ ဒါကြောင့် မိတ်ဆွေမဲ့သူမပြောနဲ့၊ ရန်သူပင်လျှင် မိတ်ဖွဲ့နိုင်တဲ့ သဘောထားကြီးသူမျိုး ဖြစ်ရမယ်။ ဒီလိုသဘောထားကြီးကြီး ထားရမယ် ❞

◆

# ပေးကမ်းကြောင်းမေ့ထားပြီး စွန့်ကြဲပေးကမ်းပါ

❝ ပေးကမ်းကြောင်းမေ့လျက် စွန့်ကြဲပေးကမ်းမည်ဆိုတာ လူတစ်ဦး တစ်ယောက်ဟာ ပေးလို့ရှိရင် တကယ့်စေတနာနဲ့ပေးရင် ငါပေးတယ်၊ ငါပေးတယ်၊ ငါပေးတယ်လို့ ပြောနေစရာမလိုဘူး။ တစ်ချိန်လုံးလည်း စိတ်ထဲမှာ ဒီလူကို ငါပေးခဲ့တာပဲ။ ငါပေးခဲ့တာပဲ။ ငါပေးခဲ့တာပဲ ထားလို့ရှိရင် တကယ်စစ်မှန်တဲ့ စေတနာ မဟုတ်ဘူး။ စစ်မှန်တဲ့ စေတနာနဲ့ ပေးကမ်းစွန့်ကြဲတဲ့သူဟာ ဒီဟာကို တစ်ချိန်လုံး စိတ်ထဲမှာ မထားဘူး။ ငါပေးပါလား၊ ငါပေးပါလား၊ ငါပေးပါလား။ ဒီအတိုင်းပဲ အခုတိုင်းပြည်အတွက် လူမျိုးအတွက် လုပ်နေတဲ့သူတွေဟာ ငါဟာ တိုင်းပြည်အတွက် လုပ်နေပါလား၊ ငါဟာ လူမျိုးအတွက် လုပ်ခွင့်ရတာကို ကျေးဇူးတင်ရမယ်။ ဂုဏ်ယူရမယ်။ လုပ်ခွင့်ရတာကို ကိုယ်က ဝမ်းသာရမယ်။

တချို့က အမြဲပြောတယ်။ လူငယ်အချင်းချင်း ပြိုင်ပြီးတော့ ပြောတာ။ အဲ့ဒါဆိုရင် အန်တီက မကြိုက်ဘူး။ ဒို့က မတ်လ ကတည်းက ပါလာတာ။ သူက ဇွန်လမှ ပါလာတာ စသဖြင့်ပေါ့လေ။ တစ်ယောက်နဲ့တစ်ယောက် နှိုင်းပြီးတော့ ပြောကြတယ်။ ဒီလိုမပြောသင့်ဘူး။ အားလုံးလုပ်တဲ့သူများဟာ သူ့အချိန်နဲ့၊ သူ့အခါနဲ့၊ သူ့နေရာနဲ့ တကယ်ပဲ စိတ်ပါလက်ပါနဲ့ သတ္တိနဲ့ လုပ်တယ်ဆိုရင် အားလုံးမှာ ဂုဏ်ရှိတာပဲ။ ကိုယ်က လုပ်ခဲ့တာကိုပဲ စဉ်းစားနေရင် ကိုယ်လုပ်ခဲ့တာတွေကိုပဲ ထပ်တလဲလဲပြောနေရင် ဒါဟာ စေတနာမမှန်ဘူး။ အဲဒီတော့ ပေးကမ်း စွန့်ကြဲတဲ့အခါကျရင် စွန့်ကြဲကြောင်းကို မေ့ထားပြီးတော့ ပေးကမ်းသလို တိုင်းပြည်အတွက် လုပ်ပေးတဲ့အခါကျရင်လည်း လုပ်ပေးကြောင်းကို မေ့ပြီး လုပ်ပေးကြပါ။ လုပ်ပေးနိုင်တဲ့ အခွင့်အရေးအတွက် ကျေးဇူးတင်ကြပါ။ ဂုဏ်ယူကြပါ။ ငါလုပ်ပေးတယ်ဆိုပြီးတော့ မာန မကြီးကြပါနဲ့ ”

♦


Photo: NLD Facebook

# စိတ်နှိမ့်ချတဲ့ အရည်အချင်းမွေးပါ

❝ လူတိုင်းလူတိုင်းဟာ စိတ်နှိမ့်ချတဲ့ အရည်အချင်းရှိရမယ်။ ကိုယ့်ကိုယ်ကိုယ် သိပ်ပြီးတော့အထင်ကြီးလို့ရှိရင် နောင်တိုးတက်မှု မရှိနိုင်ဘူး။ တိုးတက်မှုရှိတဲ့ လူဆိုတာ ကိုယ့်မှာ ချို့ယွင်းချက်တွေရှိတယ်။ ကိုယ့်မှာ ပြင်စရာတွေ အများကြီးရှိသေးတယ်။ ကိုယ့်မှာ အားနည်းချက်တွေ အများကြီးရှိသေးတယ်လို့ နားလည်တဲ့သူများဟာ ကိုယ့်မှာ တိုးတက်ဖို့ လမ်းတွေအများကြီးရှိတယ်။ ငါကဖြင့် သိလှပြီ၊ တတ်လှပြီလို့ ထင်လို့ရှိရင် တိုးတက်ရေးလမ်းကြောင်း ပိတ်သွားလိမ့်မယ်။

အဲ့ဒီတော့ လူကြီးတွေတင် မဟုတ်ဘူး။ လူငယ်တွေပင် ငယ်လျက်နဲ့ တိုးတက်ဖို့ လမ်းကြောင်း ပိတ်သွားတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူတို့ ကိုယ်သူတို့ သိပ်တော်လှပြီ၊ သိလှပြီ၊ တတ်လှပြီလို့ ထင်သွားတယ်။ အဲဒီလို ထင်သွားရင် ပြီးပြီ။ ဒီလူရဲ့ ဘဝခရီးဟာ နောင်ထပ်ပြီးတော့ တိုးတက်စရာ မရှိတော့ဘူးလို့ ကျမ ယုံကြည်တယ်။ တိုးတက်ဖို့ဆိုတာဟာ ကိုယ့်ကိုယ်ကိုယ် တစ်ချိန်လုံး သုံးသပ်နေရမယ်။ ကိုယ့်ကိုယ်ကိုယ် စိတ်နှိမ့်ချရမယ်။

ဘာပဲလုပ်လုပ်၊ ဘယ်လောက် အသက်ရှည်ရှည် ပညာရှာစရာတွေ အများကြီးရှိသေးတယ်။ ကိုယ့်ကိုယ်ကိုယ် ပြုပြင်စရာတွေ အများကြီးရှိသေးတယ်။ အသက်အရှည်ဆုံး နေသွားတဲ့သူ၊ ပညာအရှိဆုံး လူတောင်မှ ပညာအကုန်လည်း မရှိနိုင်ဘူး။ အတွေ့အကြုံအကုန်လည်း မရှိနိုင်ဘူး။ လူတိုင်း အပြစ်အနာအဆာ ကင်းတယ်လို့ မရှိနိုင်ဘူး။ အဲဒီတော့ ကိုယ်မှာ အပြစ်အနာအဆာတွေကို ပြုပြင်ဖို့ဆိုတာ တစ်သက်လုံး ကြိုးပမ်းသွားရမယ်။ အသက်(၉၀)ကျရင်လည်း ကြိုးပမ်းရမှာပဲ။ အသက် ၂၀၊ ၃၀ ဆိုရင်တော့ မပြောနဲ့တော့။ တချို့က ၃၀ လောက်ဆိုလို့ရှိရင် တတ်ပြီ၊သိပြီ၊ ငါလည်း ဘွဲ့ရပြီလို့ ထင်ကြတယ်။

အထူးသဖြင့် နိုင်ငံခြားမှာ အန်တီ ခဏခဏမြင်ခဲ့တယ်။ အသက် ၇၀၊ ၈၀ ကျမှ တစ်ခုခုထပ်ပြီးတော့ သင်တယ်၊ ကျောင်းပြန်ပြီး တော့တက်တယ်။ သူတို့ကိုယ်သူတို့ ပြုပြင်ချင်တဲ့ စိတ်ဟာ တစ်သက်လုံး ထားတယ်။ အားလုံးဟာ ဒီလိုပဲ ထားရမယ်။ ဒါကြောင့်မို့လို့ ကိုယ့်ကိုယ်ကိုယ် စိတ်နှိမ့်ချရမယ်။ ကိုယ်ဟာ သိပ်ပြီးတော့ တော်တယ်၊ သိပ်ပြီးတော့ တတ်တယ်လို့ ဘယ်တော့မှ စိတ်ထဲမှာ မထားပါနဲ့။ ဘယ်လောက် တော်တော် ပိုပြီးတော့ တော်နိုင်သေးတယ်။ ဘယ်လောက် တတ်တတ် ပိုပြီးတော့ တတ်နိုင်သေးတယ်။ ဘယ်လောက် ကောင်းကောင်းပိုပြီးတော့ ကောင်းနိုင်သေးတယ်။ ကိုယ်ဟာ အသက်ရှင်နေသမျှတော့ ကိုယ့်ကိုယ်ကိုယ် ပြုပြင်နိုင်စရာ အကြောင်းတွေ အများကြီး ရှိပါသေးတယ် ❞

◆

# ရှင်လန်းချစ်ခင်မော်ကြည့်လျက် ထူးပင့်ပါ

“ နောက်ဆုံးဟာကတော့ ရှင်လန်းချစ်ခင် မော်ကြည့်လျက် ထူးပင့်မည်တဲ့။ ဒါဟာ အထူးသဖြင့် လူငယ်တွေနဲ့ ဆီလျော်ပါတယ်။ ရှင်ရှင်လန်းလန်း ချစ်ချစ်ခင်ခင်နဲ့ မော်ကြည့်ရမယ်။ အထက်ကို ကြည့်ရမယ်။ အောက်ကို မကြည့်ရဘူးဆိုတာ အဆင့်မြင့်မြင့် စဉ်းစားရမယ်။ မြင့်မြတ်တဲ့စိတ်သဘောထားတွေ မွေးရမယ်။ ရှင်ရှင်လန်းလန်း ရှိရမယ်။ လူငယ်တို့သဘာဝဟာ ရှင်ရှင်လန်းလန်းရှိရမယ်။ လူငယ်ဖြစ်လျက်နဲ့ ရှုံ့ရှုံ့မဲ့မဲ့ သုန်သုန်မှုန်မှုန်နဲ့ ဖြစ်နေလို့ရှိရင် လူကြီး

ဘဝကျ ဘယ်လောက် စိတ်ညစ်စရာ ကောင်းမလဲ။ ဒါလည်း စဉ်းစားကြအုံး။ ကိုယ်ငယ်တုန်းမှာ ရွှင်ရွှင်လန်းလန်းနေကြပါ။ အလုပ်က ဘယ်လောက်ပဲ ခက်ခက်ခဲခဲ ကိုယ့်ဘက်မှာ ဘာ ရှိသလဲ။ ကိုယ့်ဘက်မှာ ကျန်းမာရေး ရှိတယ်။ လူငယ်များဟာ ကျန်းမာတယ်။ ရှေ့မှာ နှစ်တွေ နှစ်ပေါင်း များစွာရှိတယ်။ လုပ်စရာအချိန် အများကြီးရှိတယ်။ အဲ့ဒီတော့ ဘာပဲ လုပ်ရ လုပ်ရ၊ ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း၊ နောက်ကျလို့ရှိရင် အများကြီးကောင်းနိုင်စရာတွေရှိတယ် ဆိုပြီးတော့ ရွှင်ရွှင် လန်းလန်းနဲ့ နေကြပါ။ အဲ့ဒီလို ရွှင်ရွှင်လန်းလန်းနဲ့နေကြတဲ့ သူများဟာ အကယ်၍ ကံမကောင်းလို့ အသက်မရှည်နိုင် သော်လည်း ကိုယ်နေခဲ့ရတဲ့ သက်တမ်းတိုအတွင်းမှာ ရွှင်ရွှင် လန်းလန်းနဲ့ ပြည့်ပြည့်ဝဝ နေသွားရမှာ။ အဲ့ဒီတော့ ရွှင်လန်း ချစ်ခင် မော်ကြည့်လျက်၊ ချစ်ခင်ရမယ်။

တစ်ယောက်နဲ့ တစ်ယောက် မေတ္တာထားရမယ်။ လူငယ်များဟာ သံယောဇဉ် နည်းတယ်။ စွဲလန်းချက်တွေ နည်းတယ်။ အဲ့ဒီတော့ အဲဒီအချိန်မှာ လူငယ်များရဲ့ နှလုံး

သားထဲမှာ မေတ္တာတွေဟာ အများကြီးထားနိုင်တယ်။ ကိုယ့်ရဲ့မိတ်ဆွေတွေ၊ ကိုယ်ရဲ့ သူငယ်ချင်းတွေ၊ ကိုယ်ရဲ့ မိဘဆွေမျိုးသားချင်းတွေကို ချစ်ချစ်ခင်ခင် ထားကြပါ။ ဒီချစ်ခင်တဲ့စိတ်ကို မွေးကြပါ။ ဒါမှ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်နဲ့ အလုပ်မှာလည်း အောင်မြင်နိုင်တယ်။ ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာလည်း အောင်မြင်နိုင်မှာ ဖြစ်ပါတယ် ❞

♦

၁၉၈၉-ခုနှစ်၊ ဇန်နဝါရီ ၁၆ရက်၊ မြောင်းမြမြို့တွင် လူငယ်များအား ဒေါ်အောင်ဆန်းစုကြည် ငယ်စဉ်ကသင်ကြားခဲ့ရသည့် အင်္ဂလိပ်ကဗျာတစ်ပုဒ်ကို ရှင်းလင်းဟောပြောခဲ့ခြင်းဖြစ်သည်။

ယင်းကဗျာသည် ၁၉၈၈-ခုနှစ်၊ ဒီဇင်ဘာလအတွင်းက မော်လမြိုင်မြို့ရှိ လူငယ်များနှင့် တွေ့ဆုံစဉ် ရွတ်ဆိုပြခဲ့သည့် ကဗျာတစ်ပုဒ်လည်း ဖြစ်သည်။



# ရဲဘော်လေးတွေနဲ့ ကျောင်းသားလူငယ်တွေ

❝ လူငယ်များရဲ့ ဘဝကို သာယာပါစေ။ လူငယ်များရဲ့ ဘဝ သာယာမှ ကျမတို့ရဲ့ တိုင်းပြည်ဟာ တိုးတက်နိုင်မှာပါ။ လူငယ်များရဲ့ ဘဝသာယာအောင် ဖန်တီးမပေးနိုင်ရင် နောင်ခေတ်အဆက်ဆက် ကျမတို့ လူမျိုးများ သာယာမှုရနိုင်မှာ မဟုတ်ပါဘူး။ လူငယ်များဟာ ရွှင်လန်းဖို့လိုပါတယ်။ အခု ကျတော့ ဒီစနစ်အောက်မှာ လူငယ်များပင် ရွှင်ရွှင်လန်းလန်း မနေရဘဲနဲ့ သွေးမြေအကျခံပြီး ဝင်ပြီးလှုပ်ရှားနေတာ တွေ့ရတယ်။ အဲဒီလိုဖြစ်နေတဲ့ အဖြစ်မျိုးကို ကျမတို့ ရှောင်ချင်တယ်။ နောင်လည်း ထပ်ပြီးတော့ မဖြစ်စေချင်ဘူး။ လမ်းမှာ ကျမတို့ သွားလို့ရှိရင် ရဲဘော်လေးတွေ မြင်ရတယ်။ ရဲဘော်

လေးတွေ ဆိုတာလည်း လူငယ်ပဲ။ ဒီက ကျောင်းသားတွေနဲ့ အသက်သိပ်ကွာတာ မဟုတ်ဘူး။ ရဲဘော်လေးတွေနဲ့ ကျောင်းသားတွေကို ရန်သူသဘော ဖြစ်အောင် လုပ်ထားတာ အင်မတန်ဆိုးတယ်လို့ ကျမမြင်ပါတယ်။ လူငယ်အချင်းချင်းပဲ ဘာဖြစ်လို့ မိတ်ဆွေမဖြစ်နိုင်ရမှာလဲ။ မိတ်ဆွေ မဖြစ်အောင် လုပ်ထားတဲ့ လူတွေကြောင့်သာ ဒီလိုဖြစ်နေတာပဲ။ အဲဒီတော့ ရဲဘော်လေးတွေ၊ ကျောင်းသားလူငယ်လေးတွေ အားလုံးဟာ မဟာမိတ်များအနေနဲ့၊ မိတ်ဆွေများအနေနဲ့ ချစ်ချစ်ခင်ခင်နဲ့ ပေါင်းနိုင်တဲ့ ပြည်ထောင်စုကြီးကို တည်ထောင်ချင်တယ် ❞

♦

# လူငယ်များဟာ ပြုပြင်စရာတွေ အများကြီးရှိတယ်

❝ ကျောင်းသားလူငယ် တော်တော်များများကတော့ သူတို့ရဲ့ ယုံကြည်ချက်နဲ့ ဘာမာနမှမရှိဘဲနဲ့ တိုင်းပြည်အကျိုးဆောင်နေတာပဲ။ တချို့ကတော့ ငါတို့လုပ်ခဲ့ပြီ ဆိုပြီးတော့ နည်းနည်းမာနလေးတွေ ဝင်လာတာ တွေ့ရတယ်။ အဲဒီတော့ ဒီလိုမာနတွေ မရှိပါနဲ့။ ငယ်စဉ်တုန်းအခါက ဒီလိုမာနတွေရှိရင် ကြီးလာတဲ့အခါကျ ဘာမှတန်ဖိုးရှိတဲ့ လူတစ်ယောက် မဖြစ်နိုင်ပါဘူး။ လူငယ်များဟာ ပြုပြင်စရာတွေ အများကြီးရှိပါတယ်။ ပြုပြင်ဖို့အချိန်တွေလည်း အများကြီးရှိပါသေးတယ်။

ဒီအချိန်တွေကို အချိန်ပြည့် ကိုယ့်အတွက် အဖိုးတန်အောင်၊ ကိုယ့်တိုင်းပြည်အတွက် အဖိုးတန်အောင်၊ ကိုယ့်လူမျိုးအတွက် အဖိုးတန်အောင် လုပ်ကြပါ။ ကိုယ့်ကိုယ်ကိုယ်တစ်နေ့ထက်တစ်နေ့ပိုပြီး တန်ဖိုးရှိတဲ့ လူပုဂ္ဂိုလ်တစ်ယောက်ဖြစ်အောင် ကြိုးစားကြပါ။ ကြိုးစားမယ်ဆိုရင် နောင် ၁၀ နှစ်၊ အနှစ်၂၀အတွင်း ကျမတို့ တိုင်းပြည်ကြီးဟာ အင်မတန်မှ သာယာဝပြောတဲ့ တိုင်းပြည်ကြီး ဖြစ်နိုင်ပါတယ်။အကယ်၍ နောင် ၁၀နှစ်၊ အနှစ် ၂၀ အတွင်းမှာ မတိုးတက်ဘူးဆိုရင် ကျမတို့ ပြည်သူလူထုရဲ့ ချွတ်ယွင်းချက်ကြောင့်ပဲ ဖြစ်ရမယ် ❞

♦



# နေရာလိုချင်တယ်ဆိုတာ ကိုယ့်တစ်ယောက်တည်းအတွက်၊ နေရာပေးချင်တယ်ဆိုတာ အများအကျိုးအတွက်

❝ ဒီမိုကရေစီစနစ်အောက်မှာဆိုရင် ပြည်သူလူထုဟာ မိမိတို့ စည်းကိုမိမိတို့ထိန်းရမယ်။ စည်းကမ်းရှိဖို့လိုမယ်။ တခြားသူက လာပြီးတော့ စည်းတွေထိန်းရမှာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် ထိန်းရမယ်။ ဒီလို ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်တဲ့လူမျိုးသာ တကယ့်လွတ်လပ်တဲ့ လူမျိုးလို့ ခေါ်နိုင်တယ်။ နေရာလိုချင်တယ်ဆိုတာ ကိုယ့်တစ်ယောက်တည်းအတွက်ပါ။ နေရာပေးချင်တယ်ဆိုတာ အများအကျိုးအတွက်ပါ။ အဲဒီတော့ နေရာမလိုချင်ကြပါနဲ့။ နေရာပေးချင်ကြပါ။ အရည်အချင်းရှိပြီး အကျင့်စာရိတ္တကောင်းတဲ့သူတွေကို နေရာပေးကြပါ ❞

◆

# မရှက်သင့်တဲ့နေရာမှာ ရှက်နေကြတယ်

" မြန်မာနိုင်ငံလို ဆင်းရဲတဲ့နိုင်ငံမှာ ချမ်းသာနေရတာ အင်မတန်မှ ရှက်ဖို့ကောင်းပါတယ်။ ကျမတို့ နိုင်ငံသူ နိုင်ငံသားတွေဟာ မရှက်သင့်တဲ့နေရာမှာ ရှက်နေကြပါတယ်။ တောင်သူလယ်သမား၊ ကျေးလက်လူထုက ထမင်းနှစ်နပ်ကို အနိုင်နိုင်စားနေရချိန်မှာ တချို့က ငါးနပ်၊ ခြောက်နပ်စားနေတာ ရှက်စရာပါ။ တကယ့် အကျင့်စာရိတ္တကောင်းပြီး စိတ်သဘောထား မြင့်မြတ်တဲ့ လူများအနေနဲ့တော့ မြန်မာနိုင်ငံမှာ မိမိချမ်းသာဖို့သာ ကြိုးစားတာဟာ ရှက်စရာ ဘယ်လောက်ကောင်းမလဲလို့ တွေးထင်ကြမှာပါ "

♦

# မောင်ဖုန်းမော် ကျဆုံးသွားရခြင်းဟာ နှမြောစရာ ကောင်းတယ်

❝ ဒီနေ့ဟာ မောင်ဖုန်းမော် ကျဆုံးသွားတာ တစ်နှစ်ပြည့်တဲ့နေ့ ဖြစ်ပါတယ်။ မောင်ဖုန်းမော်ဟာဆိုရင် ကျဆုံးတဲ့အချိန်တုန်းက လူငယ်တစ်ယောက်ဖြစ်ပါတယ်။ ဒီလို လူငယ်တစ်ယောက် ကျဆုံးရတယ်ဆိုတာ အင်မတန်မှ နှမြောစရာကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလူငယ်ရဲ့ ဘဝမှာ အများကြီး လုပ်စရာကိုင်စရာတွေ ရှိသေးတယ်။ ဒီလုပ်စရာ၊ ကိုင်စရာတွေကို မလုပ်လိုက်ရဘဲနဲ့ ဆုံးရှုံးသွားရတယ် ဆိုတာ အင်မတန်မှ နှမြောစရာ ဖြစ်ပါတယ်။

မောင်ဖုန်းမော် ဆုံးရှုံးရခြင်းကိစ္စဟာ အတ္ထုပ္ပတ္တိကို ဖတ်ကြည့်လို့ရှိရင် အသက်ပင်ဆုံးရှုံးသွားရတာ မဟုတ်ဘူး။ ဆုံးရှုံးသွားတဲ့ အခါကျတော့လည်း ဂုဏ်သိက္ခာနဲ့တောင် မဆုံးရှုံးသွားရဘူး။ သူ့ မိသားစုများဟာ အေးအေးဆေးဆေး၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လုပ်သင့်လုပ်ထိုက်တဲ့ ကိုယ့်ထုံးတမ်း စဉ်လာအရ ကျဆုံးသွားတဲ့ လူတစ်ယောက်အတွက် ကောင်း ကောင်းမွန်မွန် လုပ်ချင်တာတွေတောင်မှ အေးအေးဆေးဆေး မလုပ်လိုက်ရဘူးဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီလို မလုပ်လိုက်ရခြင်းဟာ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးတွေ ဆုံးရှုံးနေလို့ပဲ ❞

♦



မဍ္ဍိမတာဓပ

# ကိုယ့်တိုင်းပြည်အတွက် စွန့်စားနိုင်တဲ့ အရည်အချင်း မွေးမြူရမယ်

❝ လူငယ်ဆိုတာဟာ သတ္တိရှိရမယ်။ လူငယ်ဆိုတာဟာ တကယ်တော့ အနှောင်အဖွဲ့အများကြီး နည်းပါတယ်။ လူကြီးတွေလို မဟုတ်ဘူး။ လူကြီးတွေဟာ မိသားစုတာဝန်ရှိတယ်။ ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်း ရှာဖို့တာဝန်ရှိတယ်။ ကိုယ့်ရဲ့သားသမီးများကို ပြုစုဖို့တာဝန်ရှိတယ်။ လူငယ်များကျတော့ ပိုပြီးတော့ လွတ်လပ်တယ်။ ပိုပြီးလွတ်လပ်တော့ ကိုယ့်ရဲ့ဘဝကို ကိုယ့်တိုင်းပြည်အတွက်ဆိုပြီးတော့ စွန့်စားနိုင်တဲ့ အရည်အချင်းကို မွေးမြူရမယ်။

လူငယ်များဟာ ဒီလို စွန့်စားနိုင်တဲ့ အရည်အချင်းတွေရှိမှ ဒီ တိုင်းပြည်အတွက် မျှော်လင့်ချက်တွေ ရှိနိုင်တယ်။ တိုင်းရင်းသား လူမျိုးစုများဆိုလို့ရှိရင် အခုပြည်ထောင်စုကြီး

မှာ အများကြီးရှိတယ်။ တစ်ရာကျော်ရှိတယ်။ ဒီလို တစ်ရာကျော်ရှိတဲ့ တိုင်းရင်းသားလူမျိုးစု အားလုံးဟာ ညီညီညွတ်ညွတ်ရှိဖို့ စိတ်သဘောထားချင်း တူညီဖို့ဆိုတာဟာ လူငယ်တွေကနေ စရမယ်။ ငယ်ရွယ်တဲ့အချိန်အခါမှာဆိုလို့ရှိရင် အစွဲအလမ်းတွေ အင်မတန်မှ နည်းတယ်။ အစွဲအလန်းတွေ အင်မတန်မှ နည်းတဲ့အခါကျတော့ သဘောထားကြီးပြီး အမြင်ကျယ်ကျယ်နဲ့ မှန်မှန်ကန်ကန်လုပ်နိုင်တဲ့ အရည်အချင်းတွေရှိတယ်။ ဒီလိုအရည်အချင်းတွေကို ပြုစုပျိုးထောင်ရမယ်။ ဆက်ပြီးတော့ မွေးထုတ်ရမယ်။ လူငယ်များဟာ မှန်မှန်ကန်ကန်နဲ့ လုပ်သွားမယ်ဆိုလို့ရှိရင် တစ်သက်လုံး မှန်ကန်သွားနိုင်တယ်။ လူကြီးများဟာ မှားပြီးတဲ့အမှားတွေကို ပြန်ပြင်ဖို့ ခက်ပါတယ်။ လူငယ်တွေဆိုတော့ ပြန်ပြင်ဖို့အချိန်တွေလည်း အများကြီးရှိတယ်။ ပြင်ဖို့ အခွင့်အရေးတွေလည်း အများကြီးရှိတယ်။ ဒါကြောင့်မို့လို့ မှန်မှန်ကန်ကန်လုပ်ဖို့အတွက်ကို ကြိုးစားကြပါ ❞

♦

# အသက်ရှင်တုန်း ဘာလုပ်နိုင်လဲ၊ ဘယ်သူ့အတွက် အကျိုးပြုနိုင်လဲ

❝ ပြည်ထောင်စုအတွက်လုပ်တဲ့ လူငယ်များဟာ နောင်ကျလို့ရှိရင် ပြည်ထောင်စုအတွက် ဆက်ပြီးတော့ လုပ်နိုင်တဲ့ လူကြီးများ ဖြစ်လာပါလိမ့်မယ်။ ငယ်ငယ်ရွယ်ရွယ်ကတည်းက မှန်မှန်ကန်ကန် လုပ်သွားနိုင်မှ နောင်ကိုဆက်ပြီးတော့ မှန်ကန်မှာပါ။ လွတ်လပ်ရေး ကြိုးပမ်းမှုတုန်းက ပါဝင်ခဲ့တဲ့ ကျောင်းသားသမဂ္ဂက နိုင်ငံရေးခေါင်းဆောင်များ၊ ဒို့ဗမာ အစည်းအရုံးက နိုင်ငံရေးခေါင်းဆောင်များဆိုတာ အသက် ၁၈ နှစ်၊ ၁၉ နှစ် အရွယ်ကနေစပြီးတော့ လွတ်လပ်ရေး အတွက် ကြိုးပမ်းခဲ့တာပါ။ အမျိုးသားရေးထဲမှာ ငယ်ငယ်ရွယ်ရွယ်ကတည်းက စပြီး ပါဝင်ခဲ့တာပါ။ ဖေဖေဆိုလို့ရှိရင် ၁၈ နှစ်လောက်ကစပြီး နိုင်ငံရေးကို လုပ်တယ်။ အသက်ဆုံး သွားတဲ့ ၃၂ နှစ်အထိ နိုင်ငံရေးပဲ ဆက်ပြီး လုပ်သွားပါတယ်။

သူ့တသက်လုံးဟာ တိုင်းပြည်အတွက် နိုင်ငံရေးအတွက်ဆိုပြီး အမျိုးသားရေးပဲဆက်ပြီး လုပ်သွားတာပါ။ ဒီလိုလုပ်သွားတော့ ဘယ်လောက်ပဲ အသက်ဟာတိုတို သေရကျိုးလည်း နပ်တယ်။ အသက်ရှင်ရကျိုးလည်း နပ်တယ်။

ကိုယ့်တိုင်းပြည်အတွက် ကိုယ့်ဘဝကို စွန့်လွှတ်ရတယ်ဆိုတာ အင်မတန်မှ မြင့်မြတ်တဲ့ စွန့်လွှတ်ခြင်းပဲ။ ဒီလို စွန့်လွှတ်ချင်တဲ့ စိတ်တွေ ရှိရမယ်။ စွန့်လွှတ်ရဲတဲ့ သတ္တိတွေ ရှိရမယ်။ လူတိုင်းလူတိုင်းဟာ တစ်နေ့မဟုတ် တစ်နေ့က သေရမှာပဲ။ လူဖြစ်လာတော့မှ သေရမှာပဲဆိုတဲ့ အသိဟာ လူတိုင်းရဲ့ စိတ်ထဲမှာ ရှိရမယ်။ ဒီတော့ ကိုယ်အသက် ရှင်တုန်း ဘာလုပ်နိုင်သလဲ။ ဘယ်သူတွေအတွက် အကျိုးပြုနိုင်သလဲဆိုတာ စဉ်းစားရမယ်။ ကိုယ်အသက်ရှင်နိုင်တုန်းသာ လုပ်နိုင်မယ်။ မသေချင်ဘူးဆိုလို့ မရဘူး။

ဒါပေမဲ့ ကိုယ်အသက်ရှင်နေတုန်းတော့ ဘယ်လိုနေသွားမယ်ဆိုတာ ကိုယ်ရွေးလို့ ရတယ်။ ကိုယ့်တိုင်းပြည်အတွက် ကိုယ့်အသက်ကို စွန့်သွားမယ်။ ကိုယ့်တိုင်းပြည်အတွက် ကိုယ့်ဘဝကို သုံးသွားမယ်ဆိုတာ ကိုယ့်မှာ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ မသေချင်ဘူးဆိုတာတော့ ဘယ်သူမှ ဆုံးဖြတ်ပိုင်ခွင့်မရှိဘူး။ လူတွေရဲ့ စိတ်ထဲမှာ သေဖို့ထက် ကြောက်နိုင်တဲ့ကိစ္စဘာမှမရှိဘူး။ သေဖို့ဟာ အကြောက်ဆုံးပဲ။ သေဖို့ကိုမကြောက်ဘူးဆိုလို့ရှိရင် တခြားကြောက်စိတ်တွေကို ကျော်လွှားပြီးတော့ ကိုယ်က အောင်မြင်မှု ယူနိုင်ပါတယ်။ သေဖို့ကြောက်နေလို့ ဘာမှ အကျိုးမရှိဘူး။ တစ်နေ့မဟုတ် တစ်နေ့တော့ သေရမှာပဲ ❞

♦



# လူငယ်တွေဆိုတာ မြှောက်တိုင်း မြှောက်လို့လည်း မဖြစ်ဘူး၊ ခြောက်တိုင်းကြောက်လို့လည်း မဖြစ်ဘူး

❝ လူငယ်တို့ရဲ့ စိတ်ဆိုတာ တက်ကြွရမယ်၊ ထက်ရမယ်၊ သတ္တိ ရှိရမယ်။ ငယ်စဉ်အခါက ကြောက်တတ်တဲ့သူဟာ ကြီးလို့ရှိရင် မျှော်လင့်ချက် လုံးလုံးမရှိဘူး။ ဒီတော့ တချို့က အသက်ကြီးမှတောင် ရဲရဲဝံ့ဝံ့လုပ်နိုင်လို့ရှိရင် လူငယ်တွေက ဘာလို့မလုပ်နိုင်ရမှာလဲ။ ကြိုးစားကြပါ။ အားလုံးဝင်ပြီးတော့ ပါကြပါ။ ငါတို့လူငယ်ပဲ ဘာမှ မလုပ်နိုင်ဘူးဆိုတဲ့ စိတ်ဓာတ်မျိုး မထားကြပါနဲ့။ အရင်နှစ်တုန်းက လှုပ်ရှားမှုကြီးကို စတင်ခဲ့တာ လူငယ်တွေပဲ။

လွတ်လပ်ရေးလှုပ်ရှားမှုထဲမှာ တက်တက်ကြွကြွ ပါဝင်ခဲ့တာလည်း လူငယ်တွေပဲ။ လွတ်လပ်ရေး လှုပ်ရှားမှု

ထဲမှာ တက်တက်ကြွကြွပါဝင်ခဲ့တာလည်း လူငယ်တွေပဲ။ လူငယ်တွေဟာ လုပ်နိုင်စွမ်းရှိတယ်။ လူကြီးတွေဆီကနေ သင်ယူပါ။ လုပ်တဲ့နေရာမှာ တချို့ကျတော့ အစွန်းထွက်သွားတယ်။ ငါတို့ချည်းပဲ လုပ်လို့ရတယ်။ လူကြီးတွေ ဘာအသုံးကျလို့လဲဆိုတဲ့ လူငယ်တွေလည်း ရှိတယ်။ ဒါလည်း မှားပါတယ်။ မှန်မှန်ကန်ကန်နဲ့ လွတ်လပ်ရေးလှုပ်ရှားမှုထဲမှာ ပါဝင်သွားတဲ့ လူငယ်များဟာ လူကြီးကို လူကြီးမှန်း သိတယ်။

လူကြီးတွေကို လူကြီးနဲ့ ထိုက်တန်တဲ့နေရာ ပေးတဲ့ လူငယ်များသာလျှင် တိုင်းပြည်အတွက် အကျိုးပြုနိုင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် သိပ်ပြီးတော့ အထင်ကြီးလို့လည်း မဖြစ်ပါဘူး။ လူငယ်တွေဆိုတာ မြှောက်တိုင်းမြောက်လို့လည်း မဖြစ်ဘူး။ ခြောက်တိုင်းကြောက်လို့လည်း မဖြစ်ဘူး။ မြှောက်တိုင်းမြောက်သွားရင် အောက်ခြေလွတ်သွားမယ်။ အောက်ခြေလွတ်သွားပြီဆိုရင် ဘယ်သူ့ကိုမှ အကျိုးမပြုနိုင်တော့ဘူး ❞

◆

# ဘဝမှာ အခက်အခဲဆုံး သင်ခန်းစာတွေကို ရယူနိုင်စွမ်းရှိသူတွေကသာ အောင်ပွဲခံမှာပါ

❝ ကျမနေအိမ်မှာ အကျယ်ချုပ်နဲ့ အဖမ်းခံထားရစဉ် ကာလမှာ အဖိုးထိုက်တန်ဆုံး သင်ခန်းစာကို ရာဘင်ဒြာနတ်တဂိုး သီကုံးဖွဲ့ဆို ထားတဲ့ကဗျာတစ်ပုဒ်ကနေ ကျမ ရယူနိုင်ခဲ့ပါတယ်။ ဘာသာပြန်ဆိုထားချက်က ကျေနပ်လောက်စရာမရှိပေမယ့် တဂိုးရဲ့ကဗျာတွေဟာ ကျမတို့ ကိုယ်တိုင် အမြဲတမ်း စူးစမ်းနိုင်စွမ်းမရှိတဲ့၊ ဆုပ်ကိုင်လို့မရတဲ့၊ စိတ်ခံစားရေးရာ အတွင်းအကျဆုံးအပိုင်းထိ မှီအောင်လှမ်းထားပါတယ်။ ကဗျာအမည်က 'မင်း တစ်ကိုယ်တည်း လျှောက်ပေတော့' တဲ့။ နာမည်က ရှင်လန်းစရာမရှိသလို စာသားကလည်း အားတက်စရာ မရှိပါဘူး။

'မင်းခေါ်လို့ သူတို့မလိုက်ရင်
မင်းတစ်ကိုယ်တည်း လျှောက်ပေတော့။
ကြောက်ဒူးတုန်လို့
နံရံဘက်လှည့်ပြီး သူတို့နှုတ်ဆိတ်နေရင်
မင်းကံဆိုးတာပေါ့။
စိတ်ရှင်းရှင်းနဲ့ တစ်ကိုယ်တည်းသာ
ပွင့်ပွင့်လင်းလင်း ပြောပေတော့။
တောကြီးမျက်မည်းထဲ ဖြတ်သန်းနေတုန်း
မင်းကို သူတို့စွန့်ခွာသွားရင်
မင်းကံဆိုးတာပေါ့၊
ဆူးပြောင့်ခလုတ်တွေ ချေနင်းရင်း
သွေးစွန်းတဲ့လမ်းမှာ မင်းတစ်ကိုယ်တည်း
လျှောက်ပေတော့ ။

မုန်တိုင်းထန်တဲ့ညမှာ
မီးအိမ်ကို သူတို့မကိုင်ရင်
မင်းကံဆိုးတာပေါ့၊
ဝေဒနာမီးလျှံနဲ့ မင့်နှလုံးသားကို ထွန်းညှိပြီး
တစ်ကိုယ်တည်း တောက်လောင်ပါစေတော့။

ဒီကဗျာထဲမှာ စိတ်သက်သာစရာ စကားလုံးတစ်လုံးမှ မပါဘူး။ ခရီးအကြမ်းဆုံးမှာ အေးချမ်းကြည်နူးစရာ တွေ့ရတာလည်း မဟုတ်ပါဘူး။ အပေါ်ယံ ဟန်ဆောင်မှုလည်း မရှိပါဘူး။ ကိုယ်ကခေါ်လို့ လိုက်မယ့်သူမရှိရင်၊ တောကြီးမျက်မည်းထဲမှာ စွန့်ပစ်ခံရမယ်ဆိုရင်၊ မုန်တိုင်းထန်တဲ့ညမှာ မီးအိမ်ကိုင်မယ့်သူ မရှိဘူးဆိုရင် ကံမကောင်းတာပဲလို့သာ ဆိုပါတယ်။ ဒီကဗျာမှာ စိတ်သက်သာရာ ဘာမှမရှိပါဘူး။

ဒါပေမဲ့ ခက်ထန်အကြမ်းတမ်းဆုံး အတွေ့အကြုံက အင်အားကို ထုတ်ယူနိုင်တယ်။ ဒုက္ခဆင်းရဲကို အခြေခံပြီး ကြီးမားတဲ့ခံနိုင်ရည်ကို တည်ဆောက်နိုင်တယ်ဆိုတာကို ဒီကဗျာက သင်ခန်းစာပေးထားတာပါ။ မိမိနှလုံးသားကို ဒုက္ခမီးလျှံနဲ့ တောက်လောင်အောင် လုပ်နိုင်သူဟာ ဘယ်တော့မှ

အညံ့ခံမှာမဟုတ်ပါဘူး။ ဘဝမှာ အခက်ခဲဆုံး သင်ခန်းစာတွေကို ရယူနိုင်စွမ်းရှိသူတွေကသာ အောင်ပွဲခံမှာပါ ❞

♦

၁၉၉၇၊ မေ၊ ၂၃၊ တောင်အာဖရိကနိုင်ငံ၊ နေတယ်တက္ကသိုလ်မှ ဒေါ်အောင်ဆန်းစုကြည်အား ဥပဒေပါရဂူဘွဲ့ချီးမြှင့်သည့် အခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည်ပေးပို့သည့် အသံဖိုင်မိန့်ခွန်းမှ ကောက်နုတ်ချက်။ ယင်းအသံဖိုင်ကို ဒီမိုကရက်တစ်မြန်မာ့အသံက မြန်မာပြန်ဆို ထုတ်လွှင့်ခဲ့သည်။

# သင်တို့ရဲ့ ငယ်ရွယ်သစ်လွင်တဲ့ဘဝကို ဘယ်လိုအစပျိုးကြမှာလဲ

❝ ကျမတို့ဟာ အသက်ရှင်သန်တယ်၊ အမှားတွေ လုပ်တယ်၊ ဒုက္ခ ရောက်တယ်၊ သင်ခန်းစာယူတယ်။ ဒီဘဝ သံသရာအတိုင်း ကျမတို့ လိုက်ကြရမှာပါ။ သင်တို့ရဲ့ ငယ်ရွယ်သစ်လွင်တဲ့ဘဝကို ဘယ်လိုအစ ပျိုးကြမှာလဲ။ လူ့ဘဝမှာကြုံတွေ့ရမယ့် ဘေးအန္တရာယ်တွေကို သင်တို့ ရှောင်ရှားနိုင်အောင် အကြံဉာဏ်ပေးစရာ ကျမမှာမရှိပါဘူး။ ဒုက္ခကင်းပြီး အောင်မြင်တဲ့ ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ ဒါပေမဲ့ ကျမတို့အားလုံး ဒီလိုကံကောင်းမယ်လို့ မဟုတ်ပါဘူး။ တွေ့ရှိးတွေ့စဉ်နဲ့ တစ်ခါတလေ ဒီထက်ပိုတဲ့ စိတ်ပျက်စရာ ဝမ်းနည်းစရာတွေကို

ရင်ဆိုင်မယ့်သူတွေကိုတော့ ကျမက ကရုဏာထားကြောင်း ပြောလိုက်ပါတယ်။ မုန်တိုင်းကြောင့် ပိန်းပိတ်လို့ မှောင်နေတဲ့ ညတွေနဲ့ ကြုံတွေ့နေရတဲ့အခါမှာ သင်တို့ကို မသိပေမဲ့ သင်တို့ရဲ့ အခက်အခဲတွေကို နားလည်သဘောပေါက်ပြီး ကရုဏာစိုက်သူတွေ ရှိပါတယ်။ ဒီလူတွေ ဒီလူတွေဟာလည်း စိတ်သက်သာရာရမယ့် အလင်းရောင်ကင်းမဲ့ရတဲ့ဘဝကို သိပြီးသားဖြစ်တယ်ဆိုတာကို သင်တို့ သတိရစေချင်ပါတယ် ❞

◆


JAOS
JAPAN
SERVICE

# မေတ္တာ၊ ကရုဏာရှိရင် မုဒိတာတရားဟာ အလိုအလျောက်ပေါ်လာမယ်

" မေတ္တာ၊ကရုဏာရှိရင် မုဒိတာတရားဟာ အလိုအလျောက် ပေါ်လာပါတယ်။ အောင်မြင်တဲ့ တိုးတက်ဖွံ့ဖြိုးရေး စီမံကိန်းကြီးတွေက ထွက်ပေါ်လာတဲ့ အသီးအပွင့်တွေကတော့ လူသားတွေ ပိုပြီးချမ်းသာ သုခခံစားနိုင်လာဖို့ ဖြစ်သင့်ပါတယ်။ ဒီ စီမံကိန်းကြီးတွေကို ရေးဆွဲ အကောင်အထည် ဖော်သူတွေဟာ မုဒိတာအကျိုးကို ခံစားရမှာပါ။ မစ္ဆေရစိတ် သို့မဟုတ် ဗျာပါဒစိတ် ကင်းရှင်းစွာသူများကို စိတ်ချမ်းသာနေတာကို ဝမ်းသာရွှင်လန်းနေတာဟာ မုဒိတာပါ။ "

◆

*၁၉၉၇၊ နိုဝင်ဘာ၊ ၃ အင္ဂမမြောက်ပုပ်ရဟန်းမင်းကြီးပေါလ် အထိမ်းအမှတ်ဟောပြောပွဲ၌ ဒေါ်အောင်ဆန်းစုကြည်၏ အသံဖိုင်မိန့်ခွန်းမှ ကောက်နုတ်ချက်။*

# တိုးတက်ဖွံ့ဖြိုးရေးဖြစ်စဉ်မှာ အခြေခံအချက်ကတရားမျှတမှု

❝ လူ့ဘဝအခြေအနေကို မြင့်တင်တဲ့ တိုးတက်ဖွံ့ဖြိုးရေး ဖြစ်စဉ်တွေမှာ အခြေခံဖြစ်တဲ့အချက်က တရားမျှတမှု ဖြစ်ပါတယ်။ တရားမျှတမှုဟာ အင်မတန် အရေးကြီးတာကြောင့် မေတ္တာ၊ ကရုဏာ တရားတွေထက် ဦးစားပေးသင့်တယ်။ မေတ္တာ၊ ကရုဏာဆိုတာက လူပုဂ္ဂိုလ် တစ်ဦးချင်းနဲ့ပိုပြီး သက်ဆိုင်တယ်။ လူ့အဖွဲ့အစည်းရဲ့ငြိမ်းချမ်းမှုက သဟဇာတဖြစ်မှုစတာတွေနဲ့ သိပ်ပြီးပတ်သက်တာ မဟုတ်ဘူးလို့ ပြောမယ့်သူတွေလည်း ရှိနိုင်ပါတယ်။

ဒါပေမဲ့ လူသားအားလုံးကို စိတ်ကောင်း စေတနာကောင်းထားတဲ့ မေတ္တာအစစ်အမှန်နဲ့ ကရုဏာတရားကို ပညာနဲ့သဟဇာတဖြစ်အောင် လုပ်ထားမယ်ဆိုရင် တရားမျှတမှုမရှိဘဲ မနေပါဘူး။ အကြင်နာတရား သက်ဝင်နေတာကြောင့် အကောင်းဆုံးသော တရားမျှတမှုဖြစ်လာပါလိမ့်မယ်❞

◆

# နိုင်ငံရေးကို အခြေခံအားဖြင့် နားလည်ဖို့လိုတယ်

❝ ကလေးတွေပညာတတ်မှ ဒီနိုင်ငံရဲ့ အနာဂတ်ကောင်းမွန်လာ မှာပါ။ ကျမတို့ ကလေးတွေကို ပညာသင်ပေးတယ်။ ပညာသင်တဲ့ အခါကျရင် ကလေးတွေကို ပျော်ပျော်ရွှင်ရွှင်နဲ့ ပညာသင်စေချင်တယ်။ ဒါမှ ပညာသင်ရတာ ပျော်မှာ၊ သူတို့ ပညာရမှာပါ။

အထူးသဖြင့် ကျောင်းသူ၊ကျောင်းသား လူငယ်တွေကို အားပေး စကားလေးနဲ့ နိဂုံးချုပ်ချင်ပါတယ်။ ကျမတို့ နိုင်ငံရဲ့ အနာဂတ်ဟာ ဒီကျောင်းသူ၊ ကျောင်းသားလူငယ်လေးတွေရဲ့ လက်ထဲမှာဖြစ်ပါတယ်။ ဘာလုပ်ချင်လဲဆိုတော့ ဆရာဝန်ဖြစ်ချင်တဲ့လူနဲ့၊ သဘောၤသားဖြစ်ချင်တဲ့ လူနဲ့၊ ဆရာမကြီးလုပ်ချင်တဲ့သူနဲ့၊ နိုင်ငံရေးလုပ်ချင်တဲ့သူနဲ့

အမျိုးမျိုးပေါ့နော်။ ကျမက ပြောတယ်။ ဘာပဲလုပ်လုပ် ဆရာဝန်ပဲ လုပ်လုပ် ၊ သဘော်သားပဲ လုပ်လုပ်။ နောက်ဆုံး ကျတော့ နိုင်ငံရေးကို အခြေခံအားဖြင့် နားလည်ဖို့လိုတယ်။ နိုင်ငံရေးနဲ့ ပြည်သူ၊ ပြည်သားရေး နားလည်မှ ဒီနိုင်ငံရဲ့ အနာဂတ်ကို ကိုယ်ဖြစ်ချင်သလို ကိုယ်တည်ဆောက်လို့ ရမှာ။


ကိုယ်က နိုင်ငံရေးကို နားမလည်လို့ရှိရင် ကိုယ်လိုချင်တဲ့ နိုင်ငံရေးကို ဘယ်လိုတည်ဆောက်ရမလဲဆိုတာကို နားလည်မှာ မဟုတ်ဘူး။ ဒါကြောင့်မို့လို့ ကျမတို့ ကျောင်းသူ၊ ကျောင်းသားတွေ အားလုံးကို ပညာသင်ပေးတဲ့ တစ်ချိန်တည်းမှာပဲ နိုင်ငံရေးဆိုတာဘာလဲ၊ နိုင်ငံဆိုတာဘာလဲ၊ နိုင်ငံသူ နိုင်ငံသားများရဲ့ တာဝန်ဟာ ဘာလဲဆိုတာကို တစ်ခါတည်း ကျမက သင်ပေးနိုင်ရမှာ ဖြစ်ပါတယ် ❞

◆

# လူဆိုတာ ထက်မြက်ရမယ်၊ လုပ်ရဲရမယ်၊ ကိုင်ရဲရမယ်

“ ဒီခေတ်ကတော့ ကျမတို့ တိုးတက်သင့်နေပြီလေ။ တင်းပုတ်နဲ့ မဆော်ပဲနဲ့ တစ်ယောက်နဲ့တစ်ယောက် အလွန် အကျွံစကားနဲ့ပဲ ပြောဆော်ပေါ့။ စကားနဲ့ဆိုတော့ ဆော်ဖို့ လည်း မလိုပါဘူး။ စကားချင်းဖလှယ်ပြီးတော့ (အစွယ် ပေါက်လို့ရှိရင် အစွယ်ကို လှအောင်လို့ ပြင်ပေးလိုက်မယ်၊ သွားပုံစံဖြစ်သွားအောင်လို့) လူဆိုတာ သွားတော့ရှိရမှာ ပေါ့။ ဒါပေမဲ့ အစွယ်ပေါက်နေပြီဆိုရင်တော့ မဟုတ်တော့ဘူး။ သွားရှိတယ်ဆိုတာ ထက်မြက်တာကိုပြောတာ၊ အစွယ်ပေါက် တယ်ဆိုတာ အနိုင်ကျင့်တာကို ပြောတာ။ ယုတ်မာတာကို ပြောတာ။ လူဆိုတာ ထက်မြက်ရမယ်၊ လုပ်ရဲရမယ်၊ ကိုင်ရဲ ရမယ် ”

♦



# လူ ဗီဗီသသ နေချင်ရင်

❝ လူဆိုတာ လူပီပီသသ နေချင်လို့ရှိရင် မယုတ်မာရဘူး။ နှိပ်စက် ချင်တဲ့ စိတ်လည်း မရှိရဘူး။ မကြမ်းတမ်းရဘူး။ ဒါကတော့ လူပီသချင်ရင် အဲဒီလို ရှိရမယ်။ ဒီတော့ ကျမ တို့ အခုပြိုင်ရမှာ ဘယ်ဘက်ကနေ ပိုပြီးတော့ တိုက်နိုင်တယ်။ ခိုက်နိုင်တယ်။ ဘယ်ဘက်ကနေ လက်နက်နဲ့ အင်အားကြီး တယ်။ ဘယ်ဘက်က ပိုပြီးတော့ ဖြုစင်တယ်။ ဘယ်ဘက်က ပိုပြီးတော့ စစ်မှန်တဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေကို မွေး တယ်ဆိုတာကို အဲဒါတွေကို ပြိုင်ရမှာပဲ ❞

♦

# လူငယ်တွေကို နိုင်ငံရေးမှာ ပါလာစေချင်တယ်

❝ ကျမတို့ လူငယ်တွေကို အထူးသဖြင့် အားပေးချင်တာက ကျမတို့နိုင်ငံက အခုမှစပြီးတော့ ဒီမိုကရေစီနိုင်ငံ ထူထောင်ဖို့ ကြိုးစားနေတယ်ဆိုတော့ အနာဂတ်အတွက် လုပ်စရာတွေ အများကြီးရှိတယ်။ အခုကတည်းက ကျမတို့ရဲ့ လူငယ်တွေကို နိုင်ငံရေးဖြစ်စဉ်ထဲမှာ ပါလာစေချင်တယ်။ တချို့လူငယ်တွေက နိုင်ငံရေးကို စိတ်မဝင်စားဘူးဆိုပြီးတော့ ပြောတာတွေ ရှိတယ် ❞

◆

# လူငယ်တွေကို သင်ပေးချင်တယ်

" ကျမအခု နှစ်လ၊သုံးလအတွင်းမှာပေါ့နော်၊ တစ်တိုင်းပြည်လုံးမှာ ခရီးထွက်တဲ့အခါကျတော့ လူငယ်တွေက တက်တက်ကြွကြွ ပါဝင်နေတာကို တွေ့နေရတယ်။ အဲဒါဟာ ကျမတို့အတွက် အင်မတန်မှ ကောင်းတဲ့ လက္ခဏာပါ။ လူငယ်တွေ မပါလို့ရှိရင် ကျမတို့ အနာဂတ်အတွက် ဘာမှ စိတ်ချရမှာ မဟုတ်ဘူး။ ဒီလူငယ်တွေကို ကျမတို့ ငယ်ငယ်ကတည်းက နိုင်ငံရေးသဘောတရားတွေ၊ နိုင်ငံရေးလုပ်နည်း လုပ်ထုံးတွေကို ကျမတို့ သင်သွားချင်တယ်။ ဒါမှ ခေတ်အဆက်ဆက်မှာ ကျမတို့ နိုင်ငံဟာ အခြေခံအားဖြင့် အင်မတန်မှ ခိုင်မာတဲ့ ဒီမိုကရေစီ ဖြစ်သွားမှာပါ "

◆

# လူငယ်တွေ မျှော်လင့်ချက်ပျောက်နေတဲ့ အကြောင်းအရင်းက

" ကျမတို့ လူငယ်တွေကို အားကိုးပါတယ်။ နောက်ပြီး တော့ လူငယ်အားကိုးတဲ့ အချိန်ထဲမှာလည်း ကျမတို့ လူငယ် တွေကို အားပေးတဲ့စကား ပြောချင်ပါတယ်။

လူငယ်တော်တော် များများဟာ ကျမ သတိထားမိတာ ကတော့ မျှော်လင့်ချက် ပျောက်နေတဲ့ ပုံပေါက်တယ်။ မျှော် လင့်ချက် ပျောက်ဝေ တယ်ဆိုတဲ့ အကြောင်းအရင်းကလည်း ကျမတို့ရဲ့ ပညာရေးစနစ်နဲ့ အများကြီး ဆက်နွယ်နေတယ် လို့ ကျမထင်ပါတယ်။ ဒီနိုင်ငံရဲ့ ပညာရေးစနစ်က လူငယ် တွေကို တကယ်ကို မိမိတို့ရဲ့ ဘဝကို ဆောက်တည် ပိုင်ခွင့် ပေးမယ့် အလုပ်ရအောင်လို့ အထောက်အကူမပေးဘူး။ ပြော ရမယ်ဆိုလို့ရှိရင် ဘွဲ့သာရသွားမယ် အလုပ်မရတဲ့ အခြေ အနေတွေ ဖြစ်နေကြတယ် "

◆



မဋ္ဌိမတဓပ

# ကျမတို့က လူငယ်တွေကို အားကိုးတယ်

❝ ကျမတို့က ဒီပြဿနာကို လက်တွေ့ကျကျ ဖြေရှင်းရမယ်။ လက်တွေ့ကျကျ ဖြေရှင်းရမယ်ဆိုတာ ကျမတို့အမြင်မှာတော့ ဘွဲ့ရပြီးသား လူငယ်တွေ ဒါမှမဟုတ် ဘွဲ့မရဘဲနဲ့ ကျောင်းပြီးသွားတဲ့ လူငယ်တွေ၊ ကျောင်းကို ဆယ်တန်းတိုင် မရောက်နိုင်တဲ့ လူငယ်တွေ၊ အကြောင်းကြောင်းကြောင့်ထွက်ပြီးတော့ အလုပ်လုပ်ရတဲ့ လူငယ်တွေရဲ့ အရည်အချင်းတွေကို မြှင့်တင်ရေးအတွက် ကျမတို့ ကြိုးစားမှာပါ။ ဘဝအသက်မွေးဝမ်းကျောင်း ပညာပေးဖို့ ကျမတို့ ဦးတည်ရမယ်။

ပညာဆိုတာ ကိုယ့်အသက်မွေးဖို့တောင် ကိုယ်မမွေးနိုင်လို့ရှိရင် ဘယ်လိုလုပ်သုံးမလဲ။ ဘာပဲပြောပြော ကိုယ်သင်ထားတဲ့ ပညာတွေဟာ ကိုယ့်အတွက် နိစ္စဓူဝ စားသုံးနိုင်ဖို့အတွက်တော့ လုံလောက်ရမယ်။ ကိုယ့်အတွက်တောင်မှ ထမင်းနပ်မှန်အောင်လို့ စားနိုင်တဲ့ အခြေအနေမရှိလို့ရှိရင် တိုင်းပြည်အတွက် ဝင်ရောက်ပြီး လုပ်ပေးဖို့ဆိုတာ အင်မတန်မှ ခက်ပါတယ်။ ဒါ ကျမတို့က လူငယ်တွေကို အားကိုးတယ်လို့ ပြောတဲ့အချိန်ထဲမှာလည်း လူငယ်တွေကို ကျမတို့တာဝန်ရှိတယ်လို့ လက်ခံပါတယ်။ ဒါကြောင့်မို့လို့ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရေးကိစ္စကို ကျမတို့ အမျိုးသားရေး ဒီမိုကရေစီအဖွဲ့ချုပ်က ဦးစားပေးပြီးတော့ ကြိုးစားပြီး လုပ်သွားပါမယ်လို့ ကျမပြောချင်ပါတယ် ❞

◆

# ငါတို့ကံကြမ္မာကို ငါတို့ဖန်တီးမယ်

❝ လူငယ်တွေကလည်း ကြိုးစားပြီးတော့ သင်ကြားကြပါ။ စိတ်ဓာတ် မကျပါနဲ့။ ကျမတို့နိုင်ငံမှာ အခြေအနေတွေ ကောင်းနိုင်ပါတယ်။ ဒါပေမဲ့ ကောင်းဖို့ဆိုတာ ပြည်သူလူထု အားလုံး ပါဝင်မှုဖြစ်မှာပါ။ အဲဒါတော့ ကျမ သတိပေးပါရစေ။ ပြည်သူတွေဟာ ငါတို့ ကံကြမ္မာကို ငါတို့ ဖန်တီးမယ်ဆိုတဲ့ စိတ်ဓာတ်ကို ခိုင်ခိုင်မာမာ ဆွဲကိုင်ထားပါ။ တခြားလူလက်ကို မအပ်ထားပါနဲ့။

ကျမတို့ လက်ထဲမှာလည်း မအပ်ထားပါနဲ့။ ကိုယ့်လက်ထဲမှာ ကိုယ် ခိုင်ခိုင်မာမာ ဆွဲကိုင်ထားပါ ❞

◆

# အာဏာရှင်အစိုးရများရဲ့ ဝါဒဖြန့်ချိရေး

❝ ကျမ အဲဒီလူငယ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဝင်ပါလို့ ကျမ ပြောတာပါ။ အဲတော့ သူက ဘာပြန်ဖြေလဲဆိုတော့ ကျွန်တော်က ပါတီနိုင်ငံရေး မလုပ်ချင်ဘူး။ အမျိုးသားနိုင်ငံရေးပဲ လုပ်ချင်တယ်တဲ့။ အဲဒီဟာကို ကျမက ဒါနဲ့ လူငယ်နဲ့ ပြောတဲ့စကားကို မှတ်ထားပြီးတော့ မိန့်ခွန်းပြောတဲ့အခါမှာ အဲဒါကို ထည့်ပြီးပြောတော့ ပြောပါတယ်။

အမျိုးသားနိုင်ငံရေးနဲ့ ပါတီနိုင်ငံရေးကို ခွဲခြားပြီးတော့ ပြည်သူတွေ မြင်အောင်လို့ အမျိုးသားနိုင်ငံရေးလုပ်ခြင်းဟာ ပါတီနိုင်ငံရေးထက် မြင့်မားကောင်းမွန်ပြီးတော့ ပါတီနိုင်ငံရေးဟာ အောက်တန်းကျတဲ့ နိုင်ငံရေးမျိုးဆိုပြီးတော့ ပြည်သူတွေ မြင်အောင်လို့ လုပ်တာဟာ အာဏာရှင်အစိုးရများရဲ့

ဝါဒဖြန့်ချိရေးပါပဲ။ ဒီမိုကရေစီလမ်းကို လျှောက်မယ်ဆိုလို့ ရှိရင် ပါတီတွေ မရှိလို့ မဖြစ်ပါဘူး။ နိုင်ငံရေးပါတီတွေက တစ်ဆင့် ဒီမိုကရေစီအလုပ် တော်တော်များများကို လုပ်လို့ရ တာ ဖြစ်ပါတယ်။

အခုဆိုလို့ရှိရင်တောင်မှ ကျမတို့ ဒီမှာစုပြီးတော့ ကျမ တို့ တွေ့ကြတယ်ပေါ့နော်။ တကယ်တော့ ကျမမိန့်ခွန်းပြော တာထက် အမေးအဖြေမျိုး ပိုပြီးတော့ စိတ်ဝင်စားပါတယ်။ ပြည်သူတွေက မေးတာ ကျမ ပြန်ဖြေမယ်။ ကျမ သိချင်တာကို ပြည်သူတွေက တင်ပြမယ်။ ပရိသတ်ထဲက တင်ပြမယ်ဆို တာ… ဒါမျိုးကို ကျမပိုပြီးတော့ စိတ်ဝင်စားတယ်။ ပိုပြီးတော့ လည်း ပျော်စရာကောင်းလိမ့်မယ်လို့ ထင်ပါတယ် ❞

◆



# မေးခွန်းတွေ မေးတတ်၊ အဖြေကို ရှာတတ်ရမယ်

❝ ကျမ ခုနကတည်းက ဒီအလာမှာပေါ့နော်။ အမေ့အိမ်ကျောင်း လေးတစ်ခုမှာ ရပ်ပြီးတော့ ကလေးတွေနဲ့ စကားပြောခဲ့ပါတယ်။ ကလေးတွေနဲ့ စကားပြောတဲ့အခါကျတော့ ကျမက မေးတယ်။ ပညာဆိုတာကို ဘယ်လို နားလည်ကြလဲလို့ မေးတယ်။ ဒီတော့ ကလေးတွေက ဘယ်လိုဖြေလဲဆိုတော့ တစ်ယောက်ကတော့ နိုင်ငံခေါင်းဆောင်ဖြစ်အောင်လို့၊ တစ်ယောက်ကတော့ မိဘတွေကို လုပ်ကျွေးနိုင်အောင်လို့၊ တစ်ယောက်ကတော့ နိုင်ငံကို အကျိုးပြုနိုင်အောင်လို့ စသဖြင့် ဖြေကြတယ်။ အဲဒီအဖြေတွေက တကယ်တော့

ပညာဆိုတာ ဘာလဲဆိုတဲ့ မေးခွန်းကို ဖြေတာမဟုတ်ဘူး။ ပညာကို ဘယ်လိုသုံးနိုင် မလဲလို့ဆိုတဲ့ မေးခွန်းကို ဖြေတာပဲ ဖြစ်တယ်လို့ ကျမဒီလိုပဲ မြင်တယ်။

ကျမတို့ရဲ့ ပြည်သူလူထုဟာ ကျမ ထပ်တလဲလဲ ပြောနေတယ်။ မေးခွန်းတွေ မေးတတ်ပြီးတော့ မေးခွန်းရဲ့ အဖြေကိုလည်း ရှာတတ်ရမယ်။ ဒီတော့ ကျမက ကလေးတွေကို ရှင်းပြတယ်။ ပညာဆိုတာ အခြေအနေတစ်ခုကို မှန်မှန်ကန်ကန် သုံးသပ်ပြီးတော့ အဲဒီ သုံးသပ်ချက်အရ လုပ်တတ်ခြင်းပဲ၊ ဒါပေမဲ့ လုပ်တတ်ရုံနဲ့ မပြီးသေးဘူးပေ့ါနော်။ လုပ်ရဲတာလည်း ရှိရမယ် ❞

◆

# လူငယ်တွေ ပျက်စီးရတဲ့ အခြေအနေ

❝ မြန်မာနိုင်ငံမှာ လူငယ်တွေရဲ့ အလုပ်လက်မဲ့ပြဿနာလည်း သေချာကိုင်တွယ်ဖို့ လိုပါတယ်။ အလုပ်လက်မဲ့ပြဿနာလည်း လူ့ဘောင်အသိုင်းအဝိုင်းမှာ သူတို့လုပ်နိုင်ကိုင်နိုင်တဲ့ အလားအလာတွေ မရှိတော့ဘူးဆိုပြီး ယုံကြည်ချက်တွေ ပျောက်သွားနိုင်ပါတယ်။ သူတို့ဘဝမှာ ဘာမှ အဓိပ္ပာယ်မရှိတော့ဘူးဆိုပြီးတော့ မူးယစ်ဆေးတွေ စွဲတာတွေကအစ အဲဒီလိုမျိုး လူငယ်တွေမှာ အလုပ်လက်မဲ့ ဖြစ်တာကြောင့်မို့ လူငယ်တွေ ပျက်စီးရတဲ့ အခြေအနေတွေ ရှိနေပါတယ်။

လူငယ်တွေအတွက် အသက်မွေးမှုပညာ အရေးကြီးတာကြောင့် ရင်းနှီးမြှုပ်နှံဖို့ အလားအလာရှိတဲ့သူတွေအနေနဲ့ ကိုယ့်အတွက်ကိုပဲ ကိုယ်မကြည့်ဘဲနဲ့ မြန်မာလူငယ်တွေနဲ့ အကျိုးလည်းရှိအောင်၊ နောက်လုပ်ငန်းက ရရှိလာတဲ့ အကျိုးတွေကိုလည်း ရင်းနှီးမြှုပ်နှံသူဘက်ကရော မြန်မာ ပြည်သူဘက်ကရော အကျိုးရှိအောင် တာဝန်သိသိနဲ့ ဆောင်ရွက်ဖို့ လိုပါတယ် ❞

◆

# လူငယ်တွေဟာ နိုင်ငံရဲ့ အနာဂတ်ပဲ

❝ အဲဒီတော့ အခုခေတ်လူငယ်တွေကို ပြောချင်တယ်။ လူငယ်တွေဟာ နိုင်ငံရဲ့ အနာဂတ်ပဲ။ အဲဒီတော့ လူငယ်တွေ ဆိုတာဟာ တော်ဖို့လိုတယ် ဆိုတာဟာ ဘာလဲ။ တော်ဖို့လို တယ်ဆိုတာဟာ စာတော်တာကို ပြောတာမဟုတ်ပါဘူး။ စာတော်တာလည်း ကောင်းပါတယ်။ တကယ်တော့ အဓိက အားဖြင့် တော်တယ်ဆိုတာ မှန်ကန်တဲ့ စိတ်ထား ထားတတ် တာကို ပြောတာပါ။ ကျမတို့ အားလုံးဟာ သာမန်ပုထုဇဉ် လူသားတွေဆိုတော့ ခြောက်ပြစ်ကင်းသဲလဲစင်တွေတော့ မဟုတ်ဘူးပေါ့နော်။ မှားတဲ့အခါတွေလည်း ရှိတယ်။ ကိုယ် သိပ်ပြီးတော့ အင်အားထည့်သင့်သလောက် မထည့်တာတွေ လည်း ရှိတယ်။ ဒါပေမဲ့ ကျမတို့အားလုံးဟာ ဆက်ပြီးတော့ ကြိုးစားသွားနိုင်မဲ့ အခွင့်အရေးတွေ ရှိပါတယ် ❞

♦



# ကိုယ့်အတွက်ကိုယ် စဉ်းစားလေ
# အများအတွက် မစဉ်းစားလေ

❝ အဲဒီတော့ မေတ္တာရဲ့ ဆန့်ကျင်ဘက်က ဘာလဲဆိုတော့ အတ္တပါ။ အတ္တဆိုတာ ကိုယ့်အတွက်ပဲ ကိုယ်စဉ်းစားတယ်။ လူတစ်ယောက် ကိုယ့်အတွက်ကိုယ် စဉ်းစားလေလေ၊ အများအတွက် မစဉ်းစားလေလေပါ။ အဲဒီတော့ အများအပေါ်မှာ မေတ္တာမထားနိုင်ဘူး။ ဒီဟာဟာ တခြားမပြောနဲ့၊ မိသားစုအချင်းချင်းမှာတောင် ဖြစ်ပါတယ်။ကျမတို့ တွေ့ဖူးတယ်။ ဝမ်းနည်းစွာနဲ့ တွေ့ဖူးတယ်။ မိဘဖြစ်လျက် သားနဲ့

သားသမီးအပေါ်မှာ တာဝန်မကျေတာ။ သားသမီးအပေါ်မှာ မေတ္တာနည်းပြီးတော့ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်တဲ့ မိဘမျိုးတွေ့သလို၊ သားသမီးရှိလျက်နဲ့ မိဘကို ပြန်မကြည့်တာ။ မိဘအပေါ်မှာ မေတ္တာ မထားဘဲနဲ့ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်တဲ့ သားသမီးတွေလည်း ကျမတို့ တွေ့ခဲ့ဖူးပါတယ်။ ကျမတို့ ပရိသတ်တွေလည်း ဒီလိုပဲ တွေ့ခဲ့ဖူးမှာပါ။ အဲဒီတော့ အဓိကအားဖြင့် ကိုယ့်အတွက်ကိုယ် ကိုယ်ကြည့်မယ်ဆိုရင် ကျမတို့ တခြားလူတွေအတွက် မေတ္တာမထားနိုင်ပါဘူး ❞

◆

# တနိုင်ငံလုံးကိုလုပ်ပေးနိုင်တဲ့ အခွင့်အရေး လူငယ်တွေမှာရှိတယ်

❝ အထူးသဖြင့် လူငယ်တွေကို ကျမ ပြောပါရစေ။ ကြိုးစားကြပါ။ လူကြီးတွေရဲ့ လုပ်ကိုင်မှုကိုကြည့်ပါ။ မှန်တာတွေကို အတုခိုးပါ။ မမှန်တာတွေကို အတုမခိုးပါနဲ့။ ပြုပြင်သင့်တာကို ပြုပြင်ပါ။ အထူးသဖြင့် တနိုင်ငံလုံးကို လုပ်ပေးနိုင်တဲ့ အခွင့်အရေး လူငယ်တွေမှာ ရှိပါတယ်။ ငါတို့ခေတ်ကျရင် ငါတို့နိုင်ငံဟာ ပိုပြီးတိုးတက်ရမယ်။ ပိုပြီးတော့ အေးချမ်းရမယ်။ ပိုပြီးတော့ ခေတ်မီရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ပိုပြီးတော့ လုပ်စေချင်တယ် ❞

◆

# ပညာရေးစနစ်က အလွတ်ကျက်ဖြေရတဲ့စနစ်

❝ ကျမတို့ရဲ့ စာသင်ကျောင်းတွေမှာလည်း ကျောင်းစာကြည့်တိုက်ဆိုတာ မရှိသလောက်ဖြစ်နေပါပြီ။ စာပေလေ့လာဖတ်ရှုချိန်ဆိုတာလည်း ကျောင်းစာသင်ချိန်တွေထဲမှာ မရှိတော့ပါဘူး။ စာအုပ်စာပေတွေလည်း ကျောင်းသားတွေရဲ့ ပတ်ဝန်းကျင်မှာမရှိတော့ပါဘူး။ ပညာရေးစနစ်ကလည်း အလွတ်ကျက်ဖြေရတဲ့ စနစ်ဖြစ်လေတော့ အခြားသော ကျောင်းပြင်ပ အတွေးအခေါ်၊ အယူအဆနဲ့ ဆင်ခြင်နိုင်စွမ်းတွေကို ကန့်သတ်ထားပြီး စာပေဖတ်ရှုတာတွေကို ကန့်သတ်ထားသလို ဖြစ်နေပါတယ်။

ဒီအခြေအနေမှာ ကျမတို့ရဲ့ ကျောင်းသားလူငယ်တွေ စာပေနဲ့ အလှမ်းဝေးသွားတာ သိပ်ဝမ်းနည်းဖို့ ကောင်းပါတယ်။ ကျမတို့ရဲ့ မြို့ရွာ၊ ရပ်ကွက်တွေမှာလည်း စာကြည့်တိုက်ရှိတဲ့ မြို့၊ ရွာ၊ ရပ်ကွက်ဆိုတာ အင်မတန် ရှားပါးလှပါတယ်။ စာအုပ်စာပေတွေ အလွယ်တကူ မရနိုင်တဲ့အတွက် ကျမတို့ရဲ့ လူငယ်လေးတွေ စာပေလေ့လာဖတ်ရှုမှု အားနည်းသွားပါတယ်။ ဒီနေ့ခေတ်မှာ နည်းပညာက လွန်စွာ အဆင့်မြင့်တာနဲ့အလျှောက် ကျမတို့ရဲ့ လူနေမှုဘဝတွေကို များစွာ ပြောင်းလဲစေပါတယ်။

အခုဆိုရင် ကျမတို့ရဲ့ကလေးတွေဟာ ကွန်ပျူတာဂိမ်းတွေ၊ အင်တာနက်ဂိမ်းတွေနဲ့ လူမှုကွန်ရက်တွေမှာ သူတို့ရဲ့ အချိန်အများစုကို အသုံးချနေကြပါတယ်။ နည်းပညာအသုံးပြုမှု မြင့်တက်လာတာကြောင့်လည်း ကလေးတွေ စာပေဖတ်ရှုတဲ့အချိန် နည်းလာပါတယ်။ ဒါကြောင့် မြို့၊ ရွာ၊ ရပ်ကွက်နဲ့

ကျောင်းတွေတိုင်း စာကြည့်တိုက်များထားရှိနိုင်ရေးကို ကြိုးပမ်းကြရတော့မယ့်အပြင် ကလေးတွေ စာဖတ်ချင်ကြဖို့အတွက် ကလေးစာအုပ်များ ပိုမိုရေးသားထုတ်ဝေဖို့လည်း အထူးအရေးကြီးပါတယ် ❞

♦

ကလေးစာပေပွဲတော် ၂၀၁၆ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည် ပေးပို့သည့်သဝဏ်လွှာ

# အရက်အကြောင်း

❝ အရက်သောက်တာလည်း တနည်းအားဖြင့် ချဲထီ အားကိုးနေသလိုပဲ။ အားကိုးရာ ရှာတာပဲ။ စိတ်ညစ်တဲ့အခါ ကျရင် ဒီစိတ်ညစ်တာတွေ ပြေသွားမလားဆိုပြီး အရက်ကလေး သောက်လိုက်တယ်။ အရက်ကလေးသောက်နေတုန်းတော့ အရက်ကလေးမူးနေတုန်းတော့ စိတ်ညစ်တာတွေက ပျောက်သွားသလိုလို ရှိတယ်။ ဒါဟာလည်း ကိုယ့်ကိုယ်ကိုယ် အားမကိုးတဲ့ ကိစ္စပဲ။ အရက်သောက်တယ်၊ ဆေးရှူတယ်၊ ဆေးထိုးတယ်။ ဒါတွေအားလုံးဟာ ကိုယ့်ကိုယ်ကိုယ် အားမကိုးဘဲနဲ့ ပြင်ပကို အားကိုးတဲ့ကိစ္စပဲ။

အရက်သောက်လို့လည်း ဒုက္ခတွေက ပျောက်သွားမှာ မဟုတ်ဘူး။ နံပါတ်ဖိုး ရှူထိုးလို့လည်း ဒုက္ခတွေက

ပျောက်သွားမှာ မဟုတ်ဘူး။ ချဲထီထိုးလို့လည်း ဒုက္ခတွေက ပျောက်သွားမှာ မဟုတ်ဘူး။ ကိုယ့်ဒုက္ခတွေကို ကိုယ်ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပြီးတော့ ဒီဟာတွေအတွက် ဘယ်လိုဖြေရှင်းမလဲ။ ရဲရဲဝံ့ဝံ့နဲ့ ကိုယ့်ကိုယ်ကိုယ်မေးပြီးတော့ ဖြေရှင်းဖို့ ကြိုးစားမှ ဒီဒုက္ခတွေက ပျောက်မယ်။ ဒီတော့ အလုပ်ကို လုပ်ကြပါ။ ထိုင်ပြီးတော့ စိတ်ညစ်နေလို့ မပြီးဘူးနော်။ ကိုယ်စိတ်ညစ်နေတဲ့ကိစ္စတွေ ပြောင်းလဲအောင်လို့ ကိုယ်တတ်နိုင်တဲ့ဘက်က လုပ်မှဖြစ်မှာပါ။ လူတိုင်း လူတိုင်းက တတ်နိုင်တယ်။ ဟာ... တို့ကတော့ ဘာမှလုံးလုံး မတတ်နိုင်ဘူး။ တို့က နင်းပြားပဲ။ ဒီအစိုးရတက်လည်း နင်းပြားပဲ။

အဲဒီလို စိတ်ဓာတ်တွေကို ကျမ နည်းနည်းမှ သဘောမကျဘူး။ ဒါဘဝကို အရှုံးပေးတဲ့ စိတ်တွေပဲ။ ကျမတို့ဟာ ဘဝကို အနိုင်ယူချင်တယ်ဆိုတဲ့ စိတ်ဓာတ်တွေ မွေးရမယ်။ ဒီတော့ စိတ်ဓာတ်ကို ကိုယ်ပြုပြင်မှ ကိုယ်လိုရာ ပန်းတိုင်ကို ရောက်နိုင်မှာ။ ကိုယ့်စိတ်ကိုယ်တောင်မှ ကိုယ်မအောင်နိုင်ဘဲနဲ့ တခြားဘာကိစ္စကို အောင်နိုင်မှာလဲ။ အဲဒီတော့ ကိုယ့်စိတ်ကို ကိုယ်ခိုင်မာအောင် ထားပါ။ ပြင်ပကိစ္စတွေကို အားမကိုးပါနဲ့။

အတ္တာဟိ အတ္တနော နာထော၊ မိမိကိုယ်သာ ကိုးကွယ်ရာတဲ့။ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးလို့ရတယ်။ ဒီတော့ ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပြီးတော့ လုပ်ပါ။ အရက်ဆိုင်ကိုသွားပြီး အရက်ကို အားကိုးနေလို့ရှိရင် အလကားပဲ။ ခဏသာ ကိုယ့်ရဲ့ဒုက္ခကို မေ့သွားမှာ။ ဘဝအတွက် ဒုက္ခကို ရင်ဆိုင်နိုင်ဖို့ဆိုတာ ကိုယ့်ကိုယ်ကိုယ် လေ့ကျင့်ပေးရတယ်။ သတ္တိရှိအောင်၊ ခိုင်မာအောင်လို့၊ အမှန်တရားကို စွဲစွဲမြဲမြဲ ကိုင်ရဲအောင်လို့၊ အမှန်တရားကို စွဲစွဲမြဲမြဲကိုင်ထားနိုင်တဲ့ သူများဟာ ချမ်းသာပါတယ်။ သတ္တိက အလိုလိုပေါ်လာမှာပါ။ အဲဒီတော့ ကြိုးစားကြည့်ပါ။ လုပ်ကြည့်မှ သိမှာပါ။ မလုပ်ဘဲနဲ့တော့သိမှာ မဟုတ်ပါဘူး ❞

◆

# ဦးနှောက်ကို စိန်ခေါ်တဲ့စာမျိုး ဖတ်ရမယ်

❝ ကျမဆို ငယ်ငယ်က ကလေးစာအုပ်တွေ စဖတ်ခဲ့ရတာ။ တဖြည်းဖြည်းမှ လူကြီးဆန်တဲ့စာအုပ်တွေ ဖတ်လာတာ။ အခုအသက် ကြီးလာတော့ အတ္ထုပ္ပတ္တိစာအုပ်မျိုးကို ပိုစိတ်ဝင်စားလာတယ်။ အလုပ်နဲ့ ပတ်သက်တာမျိုးကို ပြောတာမဟုတ်ပါဘူး။ အပြင်စာပေတွေကို ပြောတာ။ နောက်ပိုင်း ရင့်ကျက်လာပြီး အခြားလူတွေ ဘဝတွေ အကြောင်း ပိုသိချင်လာတာလည်း ပါတယ်။ သမိုင်းကိုလည်း စိတ်ဝင်စားတယ်။ ခရီးသွား စာပေလည်း ဖတ်တယ်။ နောက်ပြီး အသက်ကြီးလာတော့ ကဗျာကို ပိုစိတ်ဝင်စားလာတယ်။ ကဗျာဆိုရင် တစ်ကြောင်းတည်းမှာကို အတွေးအခေါ်တွေ

အများကြီးပါတယ်။ စာအုပ် တစ်အုပ်ထက်တောင် ပါချင်ပါမယ်။ အဲဒီတော့ စာဖတ်တာကို အလေ့အကျင့်လုပ်ရမယ်။ နောက်ပြီး ကိုယ့်ရဲ့ အသိဉာဏ်ဦးနှောက်ကို စိန်ခေါ်တဲ့ စာမျိုးကို ဖတ်ရမယ်။ အလွယ်အပေါ့တွေ မဖတ်နဲ့ပေါ့။ တစ်ခါတလေ အပျော်သဘောနဲ့ စိတ်ပြေလက်ပျောက်ဖတ်တာ မပြောလိုပါဘူး။ ဒါပေမဲ့ ကိုယ့်ရဲ့ အသိဉာဏ်ကို စိန်ခေါ်တဲ့ စာမျိုးကိုလည်း ရွေးဖတ်ရမယ်။ ဦးနှောက်ကို အလုပ်ပေးတဲ့ စာမျိုးကို အတိုင်းအတာ တစ်ခုအထိ ဖတ်ရမယ် ”

◆



# လူတိုင်းလူတိုင်းရဲ့ တန်ဖိုး၊ ပေးသင့်ပေးထိုက်တဲ့ နေရာ

❝ လူတစ်ယောက်ရဲ့တန်ဖိုးကို ဒီလူရဲ့အသက်ကို ကြည့်ပြီးတော့ မဆုံးဖြတ်နိုင်ပါဘူး။ ဒါကြောင့် ကျမတို့ဟာ လူတိုင်းလူတိုင်းရဲ့ တန်ဖိုးကို မှန်မှန်ကန်ကန် ဝေဖန်ပြီးတော့ ပေးသင့်ပေးထိုက်တဲ့ နေရာကို ပေးကြပါ ❞

◆

# ခေါင်းဆောင်ကောင်းများ ဖော်ထုတ်နိုင်တဲ့ အရည်အချင်း

❝ ဘယ်စနစ်မျိုးမဆို အောင်မြင်ဖို့ဆိုတာ ခေါင်းဆောင်ကောင်းလည်း ရှိရမယ်။ နောက်လိုက်ကောင်းလည်း ရှိရမယ်။ အဲဒီတော့ နောက်လိုက်ကောင်း တစ်ယောက်ရဲ့ အရည်အချင်းဟာ ဘာလဲဆိုရင် အရေးအကြီးဆုံးကတော့ ခေါင်းဆောင်ကောင်းများ ဖော်ထုတ်နိုင်တဲ့ အရည်အချင်း ရှိရမယ် ❞

◆

# ၂၆ နှစ်အတွင်းက ပျက်စီးခဲ့တဲ့ကိစ္စတွေ ပြုပြင်နိုင်ဖို့

❝ တိုင်းပြည်ခေါင်းဆောင်များဖြစ်မယ့် လူငယ်များဟာ အခုကနေ စပြီးတော့ ကိုယ်မှားသလား၊ မှန်သလားဆိုတာ သုံးသပ်ရဲတဲ့ သတ္တိလည်း ရှိရမယ်။ မှားတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးတော့ ပြုပြင်နိုင်တဲ့ အရည်အချင်းလည်း ရှိရမယ်။ ကျမတို့ တိုင်းပြည်က လူငယ်များဟာ ကိုယ့်ကိုယ်ကိုယ် မှားလို့ရှိရင် သုံးသပ်နိုင်မယ်။ ဝန်ခံနိုင်မယ်။ မမှားအောင် ပြုပြင်နိုင်မယ်ဆိုရင် ၂၆ နှစ် အတွင်းက ပျက်စီးခဲ့တဲ့ ကိစ္စမှန်သမျှကို ကျမတို့ ပြန်ပြီးတော့ ပြင်သွားနိုင်မှာ ဖြစ်ပါတယ် ❞

(လှူဘောင်သစ်ဒီမိုကရစ်တစ်ပါတီရုံး၊
ပုသိမ်-၁၇-၁-၁၉၈၉)

◆

# တိုင်းပြည်အကျိုးဆောင်တဲ့ လူငယ်ဘဝကနေ လူကြီးအဖြစ်

❝ ကျောင်းသားလူငယ်များဟာ ဘယ်လိုပဲ ဖိနှိပ်မှုတွေ ရှိရှိ၊ ဘယ်လိုပဲသူများတွေ ဘယ်လိုလုပ်လုပ်၊ ဘယ်လိုပဲ သူများတွေ ညစ်ပတ်ညစ်ပတ်၊ တို့တတွေကတော့ သန့်သန့် ရှင်းရှင်း၊ စင်စင်ကြယ်ကြယ်နဲ့ တိုင်းပြည်အကျိုးဆောင်တဲ့ လူငယ်တွေ ဖြစ်အောင်နေမယ်။ နောင် တခေတ်ကျလို့ရှိရင် လည်း တိုင်းပြည်အကျိုး ဆက်ပြီးဆောင်တဲ့ လူကြီးတွေဖြစ် အောင်နေမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေ ထားကြပါ ❞

(အဖွဲ့ချုပ်ရုံး၊ လပွတ္တာ ၁၅-၁-၁၉၈၉)

◆



မဋ္ဌိမတာဝေပ

# ကလေးတွေ ကြောက်ရမှာ နှစ်ခုပဲရှိတယ်

“ ဖေဖေ အမြဲပဲ မှာခဲ့တယ်။ ကလေးတွေကို ဘာကိုမှ မကြောက်စေနဲ့။ သူတို့ ကြောက်ဖို့ရာ နှစ်ခုပဲ ရှိတယ်။ မတရားတဲ့ ကိစ္စကို လုပ်ဖို့ ကြောက်ရမယ်။ မမှန်တဲ့ကိစ္စကို လုပ်ဖို့ ကြောက်ရမယ်။ လောကမှာ ကြောက်ဖို့ဆိုတာ ဒီနှစ်ခုပဲ ရှိပါတယ်တဲ့။ အဲဒီတော့ ကျမတို့ရဲ့ မိဘပြည်သူများ ကိုလည်း အဲဒီလိုပဲ နားလည်စေချင်ပါတယ် ”

(လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရုံး၊
ဝါးခယ်မ ၁၆-၁-၁၉၈၉)

◆

# မြင့်မြတ်တဲ့ရန်သူနဲ့ ယုတ်မာတဲ့မိတ်ဆွေ

" ကျမတို့ လူမျိုးတွေကို သစ္စာရှိတဲ့လူမျိုး ဖြစ်စေချင်တယ်။ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်တဲ့နေရာမှာတောင်မှ မြင့်မြင့်မြတ်မြတ် တိုက်ခိုက်တဲ့ နည်းများနဲ့ တိုက်ခိုက်နိုင်ပါတယ်။ ရန်သူဆိုတာ မြင့်မြတ်တဲ့ ရန်သူနဲ့ ယုတ်မာတဲ့ ရန်သူနှစ်မျိုးရှိပါတယ်။ မြင့်မြတ်တဲ့ ရန်သူဆိုတာယုတ်မာတဲ့ မိတ်ဆွေထက် အများကြီးပိုပြီးတော့ တန်ဖိုးရှိပါတယ်။ ဒါကြောင့်မို့လို့ ကျမတို့ဟာ ရန်သူဖြစ်နေတဲ့ သူတွေပေါ်မှာလည်း မြင့်မြတ်တဲ့ စိတ်ထားရှိရမယ် "

(လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီရုံး၊ ပုသိမ် ၁၇-၁-၁၉၈၉)

♦

# လုပ်ရဲတာ သတ္တိမဟုတ်၊ ခံရဲတာ သတ္တိ

“ ဖေဖေက ပြောခဲ့တယ်။ လုပ်ရဲတာ သတ္တိမဟုတ်ဘူး။ ခံရဲတာဟာ သတ္တိတဲ့။ ခံရဲတယ်ဆိုတာလည်း အမှန်တရားအတွက် ခံရဲတာကို ပြောတာ။ မမှန်ကန်တဲ့ ကိစ္စအတွက် ခံရဲတာ သတ္တိမဟုတ်ဘူး။ ဒါဟာ လူမိုက်ရဲ့ ထုံးပဲ။ ကျမတို့ဟာ လူမိုက်တွေ မဟုတ်ဘူး။ အင်မတန်မှ ပညာအမြော်အမြင်ရှိတဲ့ လူထုဆိုတာ ကျမ ဖြစ်စေချင်တယ်။ ဒီလို အမြော်အမြင်ရှိတဲ့ လူထုကမှ ခေတ်သစ်မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်မှာပါ ”

(အဖွဲ့ချုပ်ရုံး၊ လပွတ္တာ ၁၅-၁-၁၉၈၉)

◆

# ဂုဏ်သိက္ခာဆိုတာ

"သူများမှားလို့ သူများမဟုတ်တာ လုပ်လို့ ကိုယ်လည်း လိုက်လုပ်မယ်ဆိုရင် ကိုယ်လည်း သူတို့နဲ့အတူ တန်းတူဖြစ်သွားမှာပဲ။ ကလေးက ငိုလို့ လူကြီးကပါလိုက်ပြီး ခြေဆောင့်ငိုလို့ရှိရင် လူကြီးသာ သိက္ခာကျမှာပေါ့။ ကလေးကတော့ ကလေးမို့လို့ ငိုတယ်ဆိုပြီး ဘေးကနေ ခွင့်လွှတ်ကြရမှာပေါ့။ လူများတွေ ဂုဏ်သိက္ခာမရှိလို့ ကိုယ်က ဂုဏ်သိက္ခာမရှိတဲ့အလုပ်ကို လုပ်ရမယ်ဆိုတာ မဖြစ်စေရဘူး။ မဖြစ်သင့်ဘူး။ အဲဒီတော့ ကျမတို့ စည်းရုံးရေးလုပ်တဲ့အခါ ဘယ်သူ့ကိုမှ ပုတ်ခတ်တာ၊ မမှန်ကန်တဲ့နည်းနဲ့ တိုက်ခိုက်တာ မလုပ်ကြပါနဲ့။ မူတွေကိုပဲ တိုက်ခိုက်ကြရပါမယ်"

(အဖွဲ့ချုပ်ရုံး၊ ကျုံမငေး ၁၅-၁-၁၉၈၉)

♦



# ကျမတို့လူမျိုး သာယာဖို့

"လူငယ်များရဲ့ဘဝကို သာယာပါစေ။ လူငယ်များရဲ့ ဘဝ သာယာမှ ကျမတို့ရဲ့ တိုင်းပြည်ဟာ တိုးတက်နိုင်မှာပါ။ လူငယ်များရဲ့ဘဝ သာယာအောင် ဖန်တီးမပေးနိုင်ရင် နောက် ခေတ်အဆက်ဆက် ကျမတို့ လူမျိုးများ သာယာမှု ရနိုင်မှာ မဟုတ်ပါဘူး"

(လွှတ်တော်သစ်ဒီမိုကရက်တစ်ပါတီရုံး၊ မုဒုံမြို့။ ၁၆-၁၂-၁၉၈၈)

# အမှန်လုပ်တဲ့သူက အောင်မြင်ရမယ်

❝ အမှန်ကို လုပ်ရတာဟာ အမှားကို လုပ်ရတာထက် အင်မတန်မှ ခက်ပါတယ်။ ဒါပေမဲ့လည်း နောက်ဆုံးကျတော့ အမှန်လုပ်တဲ့ သူကသာ အောင်မြင်ရမှာပါ။ အမှန်တရား လုပ်တဲ့သူတွေကသာ ရှုံးရင်လည်း နိုင်ရမယ်။ နိုင်ရင်လည်း နိုင်ရမယ်ဆိုတာ ပြောလို့ရပါတယ်။ အမှန်တရားအရ မလုပ်တဲ့ သူတွေကတော့ ရှုံးရင်လည်း ရှုံးမယ်။ နိုင်ရင်လည်း ရှုံးရမယ် ❞

(အဖွဲ့ချုပ်ရုံး၊ မအူပင် ၁၄-၁-၁၉၈၉)

♦

# မတရားတဲ့ကိစ္စမှန်သမျှ အသက်ပေးပြီးခုခံပါ

❝ မတရားသဖြင့် လုပ်တဲ့သူတွေကို မုန်းဖို့ဆိုတာ ကလေးလေးတွေကို သင်ထားရမယ်။ မတရားတဲ့ကိစ္စ မှန်သမျှကို ကန့်ကွက်ရမယ်။ မတရားတဲ့ ကိစ္စမှန်သမျှကို ငါတို့ အသက်ပေးပြီးတော့ ခုခံမယ်ဆိုတဲ့ စိတ်တွေကို ကလေး လူငယ်တွေထဲမှာ သွင်းထားပါ။ ကျမတို့ ကိုယ်တိုင်ကလည်း ဒီလိုစိတ်တွေ မွေးပါ ❞

(မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ သံဖြူဇရပ် ၁၆-၁၂-၁၉၈၈)

♦

# တကိုယ်ကောင်း မကြံကြပါနဲ့

“ လူတစ်ယောက်ဟာ မွေးလာပြီးတော့ ကိုယ့်အတွက် ကိုယ်လုပ်ပြီးတော့ ကိုယ်ပဲစားပြီးတော့ သေသွားပြီဆိုရင် ဘာလုပ်တော့မှာလဲ။ လူဖြစ်ရကျိုး မနပ်ဘူး။ အဲဒီတော့ တကိုယ်ကောင်း မကြံကြပါနဲ့။ အများအတွက် လုပ်ကြပါ။ အများအကျိုးဆောင်တဲ့လူများဟာ လူသာ သေသွားမယ်။ ဘယ်တော့မှ နာမည်မသေဘူး ”

(ကမာ၀က် ၁၆-၁၂-၁၉၈၈)

♦



# သစ္စာရှိဖို့ သိပ်အရေးကြီးတယ်

❝ မြန်မာမင်းတွေထဲမှာ ကျန်စစ်သားနဲ့ ဘုရင့်နောင်ဟာ သိပ်ချီးကျူးဖို့ ကောင်းတယ်။ သူတို့နှစ်ယောက်စလုံးဟာ ကျန်စစ်သား ဆိုရင် အနော်ရထာ၊ ဘုရင့်နောင်ဆိုရင် တပင်ရွှေထီးကို ပုန်ကန်ခြားနားနိုင်တဲ့ အရည်အချင်းရှိတယ်။ ဒါပေမဲ့ ကျန်စစ်သားရော ဘုရင့်နောင်ပါ သစ္စာရှိကြတယ်။ လူတော်တစ်ယောက်၊ အရည်အချင်းရှိတဲ့ လူတော်တစ်ယောက်ဟာ သစ္စာရှိဖို့ သိပ်အရေးကြီးတယ်။ ❞

(အဖွဲ့ချုပ်ရုံး၊ ပုဂံမြို့ ၂-၁၁-၁၉၈၈)

♦

# တွေးတတ်ခေါ်တတ်၊ လုပ်တတ်ကိုင်တတ်အောင်

❝ ကျမ ပညာကို အလေးထားတယ်။ ကျမတို့ ကလေးတွေရဲ့ အနာဂတ်သာ မဟုတ်ဘူး။ ကလေးတွေရဲ့ အနာဂတ်ဟာ နိုင်ငံရဲ့ အနာဂတ်ပါပဲ။ ဒီကလေးတွေ ပြုစုပျိုးထောင်ဖို့ဆိုတာ တော်တော်ကို လုပ်ယူရမယ်။ ကလေးတွေကျန်းမာရေးကောင်းအောင် လုပ်ရမယ်။ ပညာပြည့်စုံအောင် လုပ်ရမယ်။ ဒါနဲ့တင် ပြီးလားဆိုတော့ မပြီးဘူး။ မှန်ကန်တဲ့ စိတ်ဓာတ်တွေ ရှိအောင်လို့ ကျမတို့ ဝိုင်းပြီးတော့ ကြိုးစားရမှာပါ။ လူကြီးတွေက တွေးတတ်ခေါ်တတ်၊ လုပ်တတ်ကိုင်တတ်မှ လူငယ်တွေက တွေးတတ်ခေါ်တတ်၊ လုပ်တတ်ကိုင်တတ်မှာပါ ❞

◆

# မှန်ကန်တဲ့ စိတ်ထားတွေ သင်ပေးဖို့

“ ကျမ ဒီလိုပြောခြင်းအားဖြင့် ပညာတတ်တဲ့ မိဘများကမှ ပညာတတ်တဲ့ ကလေးတွေ ပေါက်ဖွားနိုင်တယ်လို့ ပြောလိုတာ မဟုတ်ပါဘူး။ တချို့ ကျမ တွေ့ဖူးပါတယ်။ မိဘတွေ ကိုယ်တိုင်က အခွင့်အရေး မရခဲ့လို့ အတန်းပညာ သိပ်မတတ်ခဲ့ပေမယ့် သားသမီးတွေက သိပ်ဖြစ်မြောက်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ မှန်ကန်တဲ့ စိတ်ထားတွေကို သင်ပေးလို့ပဲ။ မိဘတွေက ကိုယ်တိုင်အတန်းပညာသင်ဖို့ အခွင့်အရေး မရခဲ့ပေမယ့် ပညာရဲ့တန်ဖိုးကို သိတယ်။ သားသမီးတွေ ဘယ်လို ဖွံ့ဖြိုးအောင် တိုးတက်အောင် လုပ်ရမလဲဆိုတာ စဉ်းစားပြီးတော့ ပြုစုပျိုးထောင်ပေးတယ် ”

♦

# တချို့ဟာ ပညာတတ်ပေမယ့် ကိုယ့်အတွက်ပဲ ကိုယ်ကြည့်တယ်

❝ အတန်းပညာ သင်နိုင်ခွင့်မရှိခဲ့လို့ စိတ်ဓာတ်မကျပါနဲ့။ ကိုယ့်ကိုယ်ကိုယ်လည်း အထင်မသေးပါနဲ့။ လူတစ်ယောက်ရဲ့တန်ဖိုးကို သူသင်ခဲ့တဲ့ အတန်းပညာတွေနဲ့ပဲ တွက်လို့ရတာ မဟုတ်ပါဘူး။ လူတစ်ယောက်ရဲ့ တန်ဖိုးကို ဘာနဲ့တွက်နိုင်သလဲဆိုတာ ဒီလူဟာ သူ့ရဲ့အသိုင်းအဝိုင်းပေါ်မှာ ဘယ်လောက် စေတနာထားတယ်ဆိုတာနဲ့ တွက်ရမှာပါ။ အဲဒီ စေတနာတွေဟာ ဘယ်လောက် လုပ်နိုင်သလဲဆိုတာ ဒုတိယအဆင့်ပါ။ တချို့တွေဟာ ပညာအင်မတန်တတ်ပေမယ့် အတန်းပညာတွေ မြင့်ပေမယ့် ကိုယ့်အတွက်ပဲ ကိုယ်လုပ်ပြီးတော့ ကိုယ့်ရဲ့ ပတ်ဝန်းကျင်ကို လှည့်မကြည့်တဲ့သူတွေ ရှိပါတယ် ❞

(၂၀၁၂၊ ကြားဖြတ်ရွေးကောက်ပွဲစည်းရုံးရေးခရီးစဉ်၊ ကော့မှူးမြို့နယ်)

◆

Radio Free Asia (RFA) သတင်းဌာနမှ ဆရာဦးခင်မောင်စိုး စီစဉ်တင်ဆက်ခဲ့သည့် "ဒီမိုကရေစီခရီးကြမ်းနှင့် ဒေါ်အောင်ဆန်းစုကြည်" အစီအစဉ်မှ ပြန်လည်ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

ပြန်လည်ကောက်နုတ်ဖော်ပြထားသည့် ဆရာဦးခင်မောင်စိုး(RFA) နှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ အမေးအဖြေများမှာ လူငယ်တိုင်း ဖတ်ရှုသင့်သည့် ဘဝဒဿနများဟုပြောလျှင် မှားမည်မထင်ပါ။ တနည်းအားဖြင့်ဆိုသော် ဘဝအတွက် ဆောင်ရန်၊ ရှောင်ရန် လိုက်နာကျင့်ကြံရန် ဘဝခွန်အား အတွေးစာစုများ ဖြစ်ပါသည်။

ထို့အပြင် မေးမြန်းသူ ဆရာဦးခင်မောင်စိုး(RFA) နှင့် ဖြေဆိုသူ ဒေါ်အောင်ဆန်းစုကြည်တို့အနေနှင့် ဘဝတစ်လျှောက် ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများကို စာဖတ်သူများအနေနှင့် လေ့လာတွေ့ရှိရမည့် အမေးနွားကျောင်းသား၊ အဖြေ ဘုရားလောင်း ဟုဆိုသည့်အတိုင်း ပညာရှင် အမေးအဖြေများ ဖြစ်ပါသည်။

♦

၉၊ ဖေဖော်ဝါရီ၊ ၂၀၁၂။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်ကဲ့အစ်မ၊ အခု စိတ်ဓာတ်ကိစ္စနဲ့ ပတ်သက်လို့ ပြောလို့ခင်ဗျ၊ ဥပမာဆိုပါတော့ဗျာ။ ဟို… ကိုယ်ရေး ကိုယ်တာ အဆင်မပြေမှုတစ်ခုနဲ့ ကြုံတွေ့ရတဲ့နေ့မှာ တခြားသူတွေကို စကားပြောတဲ့အခါမှာ မလိုအပ်ဘဲနဲ့ ဒေါသထွက်တာမျိုး၊ နောက် တစ်ခါအလုပ်မှာ အဆင်မပြေတဲ့နေ့မျိုး မှာ အိမ်ပြန်ရောက်တဲ့အခါ ကိုယ့်မိသားစု၊ ကလေးတွေအပေါ်မှာ စိတ်မရှည်ဘဲ ပြောဆိုတာမျိုးမှာ ခင်ဗျာ။ အဲတော့ ပြဿနာတစ်ခုကို ဖြေရှင်းတဲ့အခါမျိုးမှာ တခြား ပြဿနာတစ်ခုရဲ့ ပယောဂမပါဘဲ ချင့်ချင့်ချိန်ချိန် တွေးခေါ်ဆင်ခြင် နိုင်အောင် အစ်မ ဘယ်လို ကျင့်ကြံအားထုတ်သလဲဆိုတာ ကျွန်တော် သိချင်ပါတယ် ခင်ဗျာ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အစ်မလည်း သူများတွေလိုပါပဲ။ ပင်ပန်းတဲ့အခါကျရင် စိတ်တိုချင်တာပေါ့။ ဒါပေမဲ့ စိတ်တိုတာက သတ်သတ်ပဲ။ ဆုံးဖြတ်ချက် တစ်ခုချတာက ဟိုဘက်ဒီဘက် နား

ထောင်ပြီးတော့၊ စဉ်းစားပြီးတော့ ဆုံးဖြတ်ချက်ချတာပေ့ါ။ တကယ် စိတ်တိုလို့ရှိလို့ရှိရင် အိမ်ပြန်သွားပြီး ကိုယ့်ဘာသာကိုယ် ဝုန်းဒိုင်း ဝုန်းဒိုင်းကြဲရင်တော့ ကြဲပေါ့နော်။ ဒါပေမဲ့ အလုပ်ခွင်မှာတော့ အလုပ်နဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်တွေကို ကိုယ့်အိမ်နဲ့ ပတ်သက်တဲ့ ပြဿနာတွေကြောင့် အတိမ်းအစောင်းမဖြစ်စေရဘူး။ ဒါကတော့ တာဝန်တစ်ခုပဲ။ တာဝန်အရ လုပ်သွားရမှာပဲ။

ကိုယ့်အိမ်မှာ အဆင်မပြေလို့ အလုပ်လာပြီးတော့ ဟိုရမ်း ဒီရမ်းလုပ်တာကတော့ ဒါ လက်ခံစရာအကြောင်းမရှိဘူး။ အလုပ်လာတဲ့အခါကျတော့ မျက်နှာတော့ မှုန်ကုပ်ကုပ်ဖြစ်ရင်လည်း ဖြစ်နေမယ်ပေ့ါ။ ဒါကတော့ လူဆိုတော့လည်း မတတ်နိုင်ဘူးပေါ့နော်။ ဒါပေမဲ့ ဆုံးဖြတ်ချက်တွေပေါ်မှာတော့ သက်ရောက်မှုမရှိသင့်ပါဘူး။ အစ်မကတော့ ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာ ခံစားချက်တွေကိုတော့ အလုပ်ထဲမှာ ထည့်ပြီးတော့ ဆုံးဖြတ်ချက်တွေအပေါ် သက်ရောက်မှု မရှိသေးဘူး။ တစ်ခုတော့ ရှိတာပေ့ါနော်။ တစ်ခါတခါ စကားပြောတာက ခပ်ပြတ်ပြတ်နဲ့ စိတ်တိုတဲ့အသံပါရင်လည်း ပါသွားမှာပေါ့နော်။ ကိုယ့်ဘာသာကိုယ် စိတ်တိုနေလို့၊ ပင်ပန်းနေလို့။ ဒါပေမဲ့ ဒါက သက်သက်ပဲ စောစောက ပြောသလိုပေ့ါ။ ဆုံးဖြတ်ချက်ပေါ်မှာ တော့ သက်ရောက်မှုမရှိဘူး။ အဲဒါကျတော့ ကံကောင်းတယ်ပဲလို့ ပြောရမလား မသိဘူး။ ကိုယ့်ကိုယ်ကိုယ်ကို စိတ်ဆိုးနေရင်လည်း

ရယ်နေတယ်။ စိတ်ဆိုးနေတယ်ဆိုတာ သိနေတယ်။ အဲဒါက ဗီဇ အရတင်လည်း မဟုတ်ဘူး၊ တရားထိုင်တာနဲ့လည်း အများကြီး ဆိုင်တယ်လို့ ထင်တယ်။ ကိုယ့်အခြေအနေကို ကိုယ်သိနေတဲ့ သဘောပေါ့။ ဒါကြောင့်မို့လို့ ကိုယ်စိတ်တိုနေရင်လည်း တစ်ခါ တလေလည်း အစ်မနဲ့ အလုပ်လုပ်နေတဲ့ သူတွေကို ပြောတာပေါ့နော်။ သတိထားနော် ဒီနေ့တော့ စိတ်တိုနေတယ်လို့။ အဲဒါနဲ့ပဲ နည်းနည်း တော့ ဖြေရတာပေါ့နော်။ ရယ်ရယ်မောမောလည်း ပြန်ဖြစ်သွားတယ်။ အခြေအနေလည်း အားလုံးက သိတဲ့အခါကျတော့ သူတို့အတွက် လည်း ပိုပြီး လွယ်တာပေါ့။

**ဦးခင်မောင်စိုး** ။ ။ တစ်လက်စတည်း ကျွန်တော်မေးချင် တယ် ခင်ဗျ။ ဆိုတော့ မိမိက လူတစ်ယောက်ကို ယုံယုံကြည်ကြည် နဲ့ ဆက်ဆံတယ်ဗျာ။ ဒါပေမဲ့ အဲဒါမျိုးကို ပြန်ပြီး ယုံကြည်မှုကို အလွဲသုံးစား လုပ်တာမျိုးနဲ့ ကြုံမယ်ဆိုရင် ဘယ်လို သဘောထားဖို့ ကောင်းမလဲခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အင်း… အစ်မကတော့ ကိုယ့်ဖော်မြူလာလေးနဲ့ ကိုယ်ပေါ့နော်။ အလုပ်စဉ်လေးတစ်ခုရှိ တယ်။ လူတိုင်းလူတိုင်းဟာ သံသယရဲ့ အကျိုးကိုတော့ ခံစားပိုင်ခွင့် ရှိရမယ်။ နောက်ပြီးတော့ လူတိုင်းလူတိုင်းဟာ အနည်းဆုံးတော့

ဒုတိယ အကြိမ်ဆိုတဲ့ အခွင့်အရေးတော့ ရရမယ်။ ဒါပေမဲ့ အစ်မ ပြောပြရရင် တတိယအကြိမ် အခွင့်အရေးပေးရင်တော့ ကိုယ့်ဘက်က မှားနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်သူမဆို မှားနိုင်တယ်။ ကိုယ်လည်း မှားနိုင်တယ်။ မှားတယ်ဆိုတာကို သိအောင်လို့ ချပြပြီး ပြီ။ ဒါဘယ်လိုကြောင့် ဘယ်လိုကြောင့် ဒီလိုမလုပ်သင့်ဘူးဆိုတာကို ပြောပြပြီးပြီ၊ ရှင်းပြပြီးပြီ ။ ရှင်းပြပြီးတော့မှ နောက်တစ်ခါ ပြန် လုပ်တယ်ဆိုလို့ရှိရင် အဲဒီဒုတိယအကြိမ်ထိတော့ အစ်မကနေပြီး တော့ ထပ်ပြီး ရှင်းပြမယ်၊ ထပ်ပြီးတော့ အခွင့်အရေးပေးမယ်။ လူ တွေဆိုတာက ပြဿနာတွေ အများကြီးနဲ့ ရင်ဆိုင်နေရတာ။ အပြစ် ကင်း သဲလဲစင်တော့ မဟုတ်ဘူး။ တစ်ခါတခါ အမှားလေး ကျူး လွန်တာနဲ့ ရေရှည်မှာ ခံစားရတာမျိုးလည်း မဖြစ်စေချင်ဘူး။ သို့သော်ငြားလည်း တတိယအကြိမ်ထိ ခွင့်ပြုမယ်ဆိုလို့ရှိရင် အား ပေးရာ ရောက်မယ်။ ကိုယ်ကနေပြီးတော့ လက်ခံတယ်ဆိုတဲ့ သဘော ဟိုဘက်ကနေ မြင်သွားလို့ရှိရင် ထပ်ထပ်ပြီးတော့ လုပ် မယ်ဆိုတာ အစ်မက မြင်တယ်။

♦

၁၉၊ ဧပြီ၊ ၂၀၁၂။

**ဦးခင်မောင်စိုး** ။ ။ လူငယ်တွေနဲ့ ပတ်သက်ပြီးတော့ အစ်မ ဟိုအပတ်ကလည်း ပြောဖူးပါတယ်ခင်ဗျ။ လူငယ်တွေဟာ ရုတ်တရက် ကြည့်လို့ရှိရင် နိုင်ငံရေးအမြင်တို့ဘာတို့ ရှိတယ် မထင်ရပေမဲ့ သူတို့ တော်တော် တက်တက်ကြွကြွ ပါကြတယ်ပေါ့နော်။ လက်ရှိ လူငယ်တွေဟာဆိုလို့ရှိရင် ဒီမိုဒီယာတွေ ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်တာလည်း တစ်နှစ်လောက်ပဲ ရှိသေးတယ်။ အဲဒီတော့ ဟိုဘက် အနှစ် ၂၀ လောက်အထိ ပြတ်သွားတဲ့ သတင်းအချက်အလက်တွေကို သူတို့မရဘဲနဲ့ အခုခေတ်ရဲ့ နိုင်ငံတကာ ပြောင်းလဲမှုတွေနဲ့ အညီ လိုက်နိုင်တာ ဘယ်လိုကြောင့်လဲ ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အင်တာနက်လည်းပါတာ ပေါ့နော်။ အခု ဗမာလူငယ် တော်တော်များများဟာ အင်တာနက် သတင်းတွေလည်း သိနေကြတယ်။ ကိုယ်ကိုယ်တိုင်တောင်မှ အင်တာနက်နဲ့ ဆက်သွယ်မှုမရှိဘူးဆိုရင်တောင်မှ ဒီအင်တာနက်

သုံးတဲ့ သူတွေဆီက ကြားနေရတယ်။ သတင်းစကားတွေ ကြားနေရတယ်ပေါ့။ နောက်ပြီး ပြည်တွင်းမီဒီယာတွေက အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ အစ်မကနေပြီးတော့ ရွေးကောက်ပွဲအောင်အောင်မြင်မြင် ဖြစ်သွားတာနဲ့ ပတ်သက်လို့ ပြည်တွင်းမီဒီယာတွေကို ကျေးဇူးတင်တယ်လို့ အထူးပြောရတာက ဒီဂျာနယ်တွေ၊ မဂ္ဂဇင်းတွေရဲ့ ကဏ္ဍဟာ မနည်းပါဘူး။ ဒီတတိုင်းပြည်လုံး အခုဘယ်နေရာမှာမဆို ဂျာနယ် နှစ်ခုသုံးခုကတော့ ဝယ်လို့ရတယ်။ အဲဒီအထဲမှာဆိုလို့ရှိရင် သတင်းတွေက တစ်ချိန်လုံးပါတယ်။ အခုအစ်မတို့ ရွေးကောက်ပွဲ သတင်းတွေဆိုလို့ရှိရင် ဒီရွေးကောက်ပွဲမတိုင်မီ တစ်လလောက် အချိန်ကတည်းက တောက်လျှောက်ပါနေတာ။ ရွေးကောက်ပွဲဝင်မယ့် ပါတီတွေ၊ ကိုယ်စားလှယ်တွေ၊ အင်တာဗျူးတွေ နောက် စည်းရုံးရေးခရီးစဉ်အကြောင်းတွေ။ အဲဒီတော့ အဲဒါတွေကနေ အများကြီး လူငယ်တွေ သိလာတယ်လို့ထင်တယ်။ ဥပမာဆိုလို့ရှိရင် အစ်မမြို့ထဲသွားလို့ရှိရင် မြင်တာနဲ့ လူတွေက သိတယ်။ ဒါအရင်တုန်းက ဒီလို မသိဘူး။ အရင်တုန်းကဆိုတာ ၂၀၀၂-၂၀၀၃ နောက်ဆုံးအကြိမ်အကျယ်ချုပ် မကျမီအချိန်ပေါ့။ အဲဒီတုန်းကဆိုရင် အခုလောက် အစ်မမျက်နှာကို မသိဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုလောက် အစ်မဓာတ်ပုံကို ရောင်းရတယ်ဆိုတာ မရှိဘူးလေ။ သတင်းစာတွေ၊ မဂ္ဂဇင်းတွေမှာလည်း အစ်မ ဓာတ်ပုံကို လုံးဝမထည့်

ရဘူး။ ဖေဖေ့ဓာတ်ပုံတောင်မှ မထည့်ရတာ။ အစ်မ ဓာတ်ပုံဆိုရင်တော့ ဝေးသေးတယ်။ အဲဒီတော့ အခုနောက်ပိုင်းကျတော့ ဒီလိုဓာတ်ပုံကို မြင်နေကျဆိုတော့ လူကို သိနေတယ်။ အဲဒီလိုပေါ့နော်။ မြင်နေကျ မြင်နေကျ၊ ကြားနေကျ ကြားနေကျ ဖြစ်ပြီးတော့ နိုင်ငံရေးဖြစ်စဉ် အကြောင်းလည်း သိလာတယ်။ နိုင်ငံရေးမှာ ပါဝင်နေတဲ့ ပုဂ္ဂိုလ်တွေ အကြောင်းလည်း အများကြီး သိလာကြတယ်။ အဲဒါကြောင့်လည်း စိတ်ဝင်စားလာတာ၊ ပါဝင်လာတာတွေက နောက်ဆက်တွဲအဖြစ်နဲ့ ဖြစ်တယ်လို့လည်း ထင်တယ်။

♦

၁၇၊ မေ၊ ၂၀၁၂။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်ကဲ့ခင်ဗျ။ ဒီအပြောင်းအလဲတွေနဲ့ ပတ်သက်ပြီးတော့ပေါ့ တစ်ဆက်တည်းဘဝမှာ ပျော်ရွှင်စရာတွေနဲ့ တွေ့ကြုံရလို့ဖြစ်စေ၊ ဝမ်းနည်းစရာတွေကို ရင်ဆိုင်ရတဲ့အခါဖြစ်စေ အဲဒီဝမ်းသာမှုတွေ၊ ကြေကွဲမှုတွေကို အလွန်အကြူးမဖြစ်အောင် ဘယ်လိုထိန်းချုပ်ရင် ကောင်းမလဲလို့ အစ်မ ကျွန်တော့်ကို အကြံဉာဏ် ပေးပါလားခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ ထိန်းချုပ်တာကတော့ ကိုယ့်ကိုယ်ကိုယ်ပဲ တရားချရမယ်လို့ ပြောရမှာပေါ့နော်။ ဒါပေမဲ့ အစ်မကိုယ်တွေ့ အတွေ့အကြုံနဲ့ ပြောရမယ်ဆိုရင်တော့ အသက်ကြီးလာလေလေ ဒါတွေကို အဝေးကနေ မြင်သလိုပေါ့၊ သိပ်ပြီးတော့ စိတ်လှုပ်ရှားတာတွေ ဘာတွေက နည်းသွားတာပေါ့။ ဘဝဆိုတာကတော့ တစ်ချိန်လုံး ပြောင်းလဲနေတာပဲလေ။ ဒီအပြောင်းအလဲတွေကို ရင်ဆိုင်နိုင်ဖို့ပဲ။ နောက်ဆုံးကျတော့ ဒါလောကဓံကို ရင်ဆိုင်နိုင်ခြင်းပဲ

မဟုတ်ဘူးလား။ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် အမှန်ပြောလို့ရှိရင်တော့ အစ်မအခုဆို ကိုယ့်ကိုယ်ကိုလည်း နားလည်သွားပြီ။

တစ်ခုခုဖြစ်လို့ စိတ်လှုပ်ရှားတယ်ဆိုရင်လည်း ဒါဟာ ၂၄ နာရီကြာရင် ဒီစိတ်လှုပ်ရှားမှုဟာ တော်တော်လေးကို ပြန်ငြိမ်သွားပြီ။ အဲဒါကတော့ အသက်နဲ့ပဲ ဆိုင်လား၊ တရားထိုင်ခြင်းရဲ့ အကျိုးပဲလားဆိုတာတော့ မသိဘူး။ အဲဒီလို ၂၄ နာရီစောင့်နိုင်တဲ့အခါကျတော့ ၂၄ နာရီစောင့်ရတာပေါ့။ တချို့ကိစ္စတွေကျတော့ ချက်ချင်းဆုံးဖြတ်ရမယ့်ဟာမျိုးတွေ ရှိတာပေါ့။ ဒါပေမဲ့ ၂၄ နာရီအတွင်း ဆုံးဖြတ်ရမယ့်ကိစ္စတွေရှိသလို ၂၄ နာရီထက်ပိုပြီးတော့ အချိန်ယူနိုင်တာတွေရှိတယ်။ တချို့ကိစ္စတွေကျတော့ ချက်ချင်းလက်ငင်းကို ဆုံးဖြတ်ရမှာရှိတယ်ပေါ့။ ဘာပဲဖြစ်ဖြစ် တတ်နိုင်သလောက်ကတော့ ချင့်ချင့်ချိန်ချိန်လုပ်ဖို့က အရေးကြီးပါတယ်။

♦

၂၊ ဩဂုတ်၊ ၂၀၁၂။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်ကဲ့ခင်ဗျ။ တစ်ဖက်မှာကျတော့မှ ဉာဏ်ပညာ အင်မတန် ထက်မြက်ကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေ၊ လောကအကျိုးဆောင် နာမည်ကြီးပုဂ္ဂိုလ်တွေထဲမှာ တချို့ဟာ ဘယ်ဘာသာရေးအယူအဆမှ ကိုးကွယ်ဆည်းကပ်ခြင်း မရှိဘူးလို့လည်း ကျွန်တော်ကြားဖူးပါတယ် ခင်ဗျ။ အဲဒီလို ဘယ်ဘာသာမှ မကိုးကွယ်တာကျတော့ ကောင်းပါ့မလားခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ ဘာသာဆိုတာ ကိုးကွယ်ဖို့လား၊ ကျင့်ကြံဖို့လားဆိုတာ အဲဒါ ကိုခင်မောင်စိုး စဉ်းစားရမယ်။ ဟို အစ်မအနေနဲ့ကတော့ တကယ်ဘာသာရေး ကိုင်းရှိုင်းတယ်ဆိုတာ လေ့ကျင့်တာပဲ။ အဲဒီဘာသာရေး သွန်သင်ဆုံးမမှုအရ ကိုယ့်ဘဝကို ကျောင်းသွားတာပဲ။ အဲဒီလိုမလုပ်ဘဲနဲ့ စိပ်ပုတီးကြီးကို တစ်နေ့လုံး စိပ်၊ ဒီစိပ်ပုတီးစိပ်တဲ့လက်နဲ့ပဲ တခြားသူတွေကို ရိုက်လားပုတ်လား၊ နာကျင်အောင်လုပ်လား လုပ်ဆိုတော့ အဲဒါဟာ တကယ်ပဲ ဘာသာရေး လေ့ကျင့်နေတာလား ဆိုတာမေးစရာ ဖြစ်တာပေါ့။

ဘာသာရေးကို ကိုးကွယ်တယ်ဆိုတာ လေ့ကျင့်ရမယ့်ကိစ္စပဲလို့ မြင်ပါတယ်။ အဲဒီတော့ ဗုဒ္ဓဘာသာဝီသချင်ရင် ဗုဒ္ဓဘုရားရဲ့ အဆုံးအမနဲ့ နေရမယ်။ ခုနက ကိုခင်မောင်စိုး ပြောသလိုပေါ့နော်၊ ဘယ်ဘာသာမှ မကိုးကွယ်ဘူးဆိုပေမဲ့ အများကောင်းကျိုးအတွက် လုပ်တယ်ဆိုတာ ဒီလူတွေက ငါးပါးသီလ စောင့်စည်းတဲ့သူတွေ ဖြစ်နိုင်တယ်။ ဒါမှမဟုတ် သူတို့ ခရစ်ယာန်ဘာသာအရဆိုရင် ခရစ်ယာန်ဘာသာရဲ့ ပညတ်တွေ စောင့်စည်းတဲ့သူတွေ ဖြစ်နိုင်တယ်။ သူတို့ကိုယ် သူတို့ ခရစ်ယာန်လို့ မခေါ်သောငြားလည်း၊ ဗုဒ္ဓဘာသာလို့ မခေါ်သော်ငြားလည်း၊ ဘာဘာသာဝင်ရယ်လို့မှ မသတ်မှတ်သော်ငြားလည်း သူတို့ရဲ့နေထိုင်မှု၊ ကျင့်ကြံမှုဟာ ဘာသာရေးသွန်သင်ဆုံးမှုတွေနဲ့ ကိုက်ညီတယ်ဆိုလို့ရှိရင် အစ်မတို့က သူတို့ကို ဘာများ ဝေဖန်စရာရှိလဲ။ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရမှာပေါ့။ ကိုယ်ကရော အနေအထိုင်၊ အပြောအဆို၊ အမူအကျင့်တွေက သူတို့လောက်တောင် မြင့်ရဲ့လား၊ သူတို့လောက်တောင် သန့်စင်ရဲ့လား အဲဒါကို ကြည့်ရမှာပေါ့။

♦

၂၀၊ ဒီဇင်ဘာ၊ ၂၀၁၂။

**ဦးခင်မောင်စိုး** ။ ။ လုပ်ရပ်တစ်ခု မှားတယ်မှန်တယ်ဆို တာကို ဘယ်အချက်တွေနဲ့ အစ်မ တိုင်းတာမလဲခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အဲဒါတော့ အစ်မတို့တွေက ဝိဇ္ဇာတွေ၊ ဇော်ဂျီတွေလည်း မဟုတ်ဘူးပေါ့နော်။ နောက်ပြီးတော့ အလုံးစုံကို သိနိုင်မြင်နိုင်တဲ့ အရည်အချင်းတွေလည်း ရှိတာမဟုတ် ဘူး။ အစ်မတို့အနေနဲ့ အကောင်းဆုံး၊ အမှန်ဆုံးလို့ ထင်တာကို ကိုယ့်ကိုယ်ကို မလိမ်ညာဘဲနဲ့၊ နောက်ပြီးတော့ ပြည်သူကို မလိမ် ညာပဲနဲ့ လုပ်ဖို့ပဲ။ တချို့ကတော့ ပြည်သူ ငြိုငြင်မယ်ထင်တဲ့ ကိစ္စကို ရှောင်တယ်။ မှန်တာ မှားတာ၊ လုပ်သင့်တာ မလုပ်သင့်တာကို မစဉ်းစားကြဘူး။ အများက ငြိုငြင်မယ်ဆိုရင် ရှောင်ကြတယ်။ တချို့ကျတော့လည်း မှန်တယ် မှားတယ်ဆိုတာကို မသိလို့ မှားသွား တာလည်း ရှိတာပေ့ါ။ တချို့ကျတော့လည်း မဆင်ကို မဆင်ခြင်တာ ပေါ့။ မှန်လား၊ မှားလားတောင် သိပ်ပြီးတော့ မစဉ်းစားတော့ဘူး။

ကိုယ်လုပ်ချင်တာ လုပ်တယ်ဆိုတာမျိုး။ အမျိုးမျိုးပေ့ါ။ အစ်မတို့ အနေနဲ့ကတော့ တတ်နိုင်သလောက် စဉ်းစားတာပဲ။ ကိုယ့်မှာ အပြစ်မရှိဘူး။ ကိုယ်လုပ်တာ အမြဲမှန်တယ်လို့ အဲဒီလိုလည်း သုံးသပ်လို့ မရဘူး။ အတတ်နိုင်ဆုံး ဟိုဘက်ဒီဘက်ကြည့်တယ်။ ဓမ္မဓိဋ္ဌာန်ကျကျ ဆင်ခြင်တယ်။ သုံးသပ်တယ်။ နောက်ပြီးတော့ ကိုယ့်ကို အကြံဉာဏ်ကောင်းပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆွေးနွေးတယ်။ အားလုံးအဘက်ဘက်က ကြည့်ပြီးတော့ ဘာလုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်ရတာပေ့ါ။ နောက်ဆုံးကျတော့ ကိုယ့်ဆုံးဖြတ်ချက်အတွက် ကိုယ်ပဲ တာဝန်ယူရမယ်။ အဲဒီ ဆုံးဖြတ်ချက်ကို မကြိုက်လို့ ဝေဖန်ရင်လည်း ခံရုံပဲရှိတာပေ့ါ။

♦

၁၇၊ ဇန်နဝါရီ၊ ၂၀၁၃။

**ဦးခင်မောင်စိုး** ။ ။ လူတချို့က ဒီမှားနေတာကို သိလျက်နဲ့ ဝန်မခံကြဘူးခင်ဗျ။ တချို့ကလည်း ဒီမှန်တာကိုသိလျက်နဲ့ မလုပ်ကြဘူးခင်ဗျ။ အဲဒီတော့ အခြေအနေတစ်ခုကို အမှန်အတိုင်းတွေးခေါ်နိုင်အောင်၊ လုပ်ကိုင်နိုင်အောင် ဘယ်လို လိုက်နာကျင့်ကြံမလဲ အစ်မ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ ဒီလိုပဲ မှားနေတာကို သိလျက်နဲ့ မလုပ်ဘူးဆိုတာ သူဒီလိုပဲ အမှားအမှန်ကို မခွဲခြားတတ်လို့ မလုပ်ဘူးပေါ့နော်။ အဲဒီဟာကတော့ အဂတိတရားလေးပါးနဲ့ ဆိုင်တာပေါ့နော်။ အဓိကကတော့ ကာယကံရှင်ကိုယ်တိုင်က ပြုပြင်ချင်တဲ့စိတ် ရှိရမယ်။ နောက်ပြီးတော့ ဘေးပတ်ဝန်းကလည်း တတ်နိုင်သမျှတော့ ဝိုင်းဂန်းပြီးတော့ ကူညီရမှာပဲ။ ဥပမာ လူတစ်ယောက်က ကြောက်နေပြီဆိုရင် သူကြောက်နေရတဲ့ အကြောင်းရင်းက သူကိုယ်တိုင် တစ်ယောက်တည်း ဖယ်ရှားလို့မရရင် ဝိုင်းပြီးတော့ ဖယ်ရှား

ပေးရင် ကောင်းတာပေါ့။ ဒီလို ဒီမိုကရေစီစနစ်မှာ ဆိုလို့ရှိရင် အများပြည်သူဟာ ကြောက်ရွံ့ခြင်းကနေ ကင်းဝေးအောင် လုပ်ပေးရမှာပဲ။

**ဦးခင်မောင်စိုး** ။ ။လူတစ်ယောက်ရဲ့ အတွေးအခေါ်ကို အဓိကအားဖြင့် ဘာတွေက လွှမ်းမိုးလဲ ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ တချို့ကတော့ ပြောတာပေါ့နော်။ ဒါသူ့ရဲ့ သဘာဝအရ ဖြစ်တာလား၊ ဒါမှမဟုတ် ပြုစုပျိုးထောင်မှုလားဆိုတာ နှစ်ခုစလုံးကတော့ ပါတယ်ပေါ့။ အစ်မတို့ သတိထားမိတာက ပညာရေးစနစ်တွေ၊ ငယ်ငယ်တုန်းက ပြုစုပျိုးထောင်မှုတွေဟာ လူတွေရဲ့ တွေးပုံခေါ်ပုံ၊ ပြုမူလုပ်ကိုင်ပုံတွေမှာ အများကြီး လွှမ်းမိုးမှုရှိတယ်ဆိုတာတော့ တွေ့ခဲ့ရတယ်လေ။ ဒီ အစ်မတို့ခေတ်က သွန်သင်ဆုံးမပုံတွေနဲ့ ကျောင်းတွေမှာ သွန်သင်ဆုံးမပုံတွေဟာ ဒီဘက်ခေတ်တွေမှာ မတူဘူး။ မတူတဲ့အခါကျတော့ မွေးထုတ်လိုက်တဲ့သူတွေရဲ့ တွေးခေါ်ပုံတွေကလည်း မတူဘူးဆိုတာ တွေ့ရတယ်။ အဲဒီတော့ သွန်သင်ဆုံးမမှု၊ ပညာရေးစနစ်ပေါ့နော်။ မိဘတွေကလည်း သွန်သင်ဆုံးမမှု၊ ပြုစုပျိုးထောင်မှုတွေဟာလည်း အများကြီး စကားပြောတယ်။

**ဦးခင်မောင်စိုး** ။ ။ အဲဒီတော့ ဆုံးဖြတ်ချက်တစ်ခုချမှတ်တာကို ဗီဇနဲ့ ဘဝဖြတ်သန်းမှု ဘယ်အချက်ကပိုပြီး ဩဇာသက်ရောက်တယ်လို့ အစ်မ ထင်ပါသလဲ ခင်ဗျာ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အဲဒါက ပြောရခက်ပါတယ်။ ဒါဟာ ပညာရှင်တွေတောင်မှ ပြတ်ပြတ်သားသား ပြောဖို့ရာ မလွယ်ပါဘူး။ နှစ်ခုစလုံးကတော့ အကျုံးဝင်တာပေါ့နော်။ ဒါပေမဲ့ ဗီဇဟာ ဘယ်လောက်ကောင်းသလဲ၊ သွန်သင်ဆုံးမမှုက ဘယ်လောက်ရှိခဲ့သလဲဆိုတာ အဲဒီဟာကလည်း ထည့်ပြီးတော့ စဉ်းစားရလိမ့်မယ် ထင်ပါတယ်။

**ဦးခင်မောင်စိုး** ။ ။ သူတို့ ဖြတ်သန်းတဲ့အတွေ့အကြုံကရော ဘယ်လောက်လောက်ထိ ထိရောက်မလဲ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ ဖြတ်သန်းတဲ့ အတွေ့အကြုံဆိုတာ သွန်သင်ဆုံးမှုတစ်မျိုးပေါ့။ ဘဝရဲ့ သွန်သင်ဆုံးမမှုပေါ့။ ကိုယ့်ရဲ့ အတွေ့အကြုံတွေဆိုတာ ကိုယ့်ကိုယ်ကိုယ် သွန်သင်ဆုံးမသွားမှာပါပဲ။

◆

၇၊ ဖေဖော်ဝါရီ၊ ၂၀၁၃။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်ကဲ့၊ ဟုတ်ကဲ့။ အသက်ငယ်ငယ်တုန်းကရှိတဲ့ ဒီ မဟုတ်မခံစိတ်ပေါ့ ခင်ဗျာ။ အသက်ကြီးလာတဲ့အခါမှာ လျော့သွားပြီးတော့ သည်းခံစိတ်က ပိုများလာတယ် အစ်မ။ အချက်အလက်အများကြီး ထောက်ထားစရာရှိလို့ ထိန်းချုပ်လိုက်တာတွေကို တစ်ခါတလေ ငါဒီကိစ္စမှာ တုံ့ပြန်မှုနည်းသွားပါလားလို့ ခံစားရတယ် ခင်ဗျ။ အဲဒီတော့ မဟုတ်မခံစိတ်နဲ့ သည်းခံစိတ်ကို ဘယ်နားမှာ စည်းခြားမလဲ ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ မဟုတ်မခံစိတ်နဲ့ သည်းခံစိတ်နဲ့က မတူဘူးနော်။ မဟုတ်မခံဆိုတာ အစ်မကတော့ အခုဆိုလို့ရှိရင် အသက်ကြီးလာလို့လား မသိဘူး၊ မဟုတ်လို့ရှိရင် ဒက်ခနဲဆိုပြီး ပြောချင်တာ၊ လုပ်ချင်တာ ရှိတာပဲ။ ဒါပေမဲ့ သည်းခံစိတ်ဆိုတာ ဘာပေါ်မှာ အခြေခံသလဲဆိုတော့ တစ်ဖက်ကို နားလည်မှုအပေါ်မှာ အခြေခံရမယ်။ အဲဒီတော့ ဒီ နားလည်မှုဆိုတာကလည်း ရင့်ကျက်မှု

နဲ့အတူတူ တိုးတက်လာရမယ်လေ။ ကိုယ်ရင့်ကျက်လာတာနဲ့အမျှ တခြားသူကို ပိုပြီးတော့ နားလည်မှုပေးနိုင်မယ်။ အဲဒီနားလည်မှုကနေလာတဲ့ သည်းခံစိတ်နဲ့ အဲဒီ မဟုတ်မခံစိတ်ကို စွန့်လွှတ်ပြီးတော့ မဟုတ်ရဲ့သားနဲ့ ခံနေတဲ့စိတ်က မတူဘူးနော်။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်ကဲ့ အစ်မ။ အဲဒါကို ပြတ်သားမှုဆိုတာကို ဒီနေရာမှာ ဘယ်လိုပြောမလဲ ခင်ဗျာ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ ပြတ်သားမှုဆိုတာ စိတ်ထဲကနေပြီးတော့ စရမှာပေါ့။ စိတ်ထဲကနေ ပြတ်ပြတ်သားသား မြင်ရမယ်။ ကိုယ်က သည်းခံသည်ဖြစ်စေ၊ သည်းမခံသည်ဖြစ်စေ အရာတစ်ခုကိုတော့ ပြတ်ပြတ်သားသား မြင်ရမယ်။ ပြတ်ပြတ်သားသား မြင်ပြီးတော့မှ သည်းခံသင့်တယ်၊ သည်းခံချင်တယ်ဆိုရင် သည်းခံပေါ့။ ဒီပြတ်ပြတ်သားသား မြင်ပြီးတော့မှ သည်းမခံသင့်ဘူးလို့ မြင်လို့ ရှိရင်တော့ သည်းမခံရဘူးပေါ့။ သည်းမခံဘူးလို့ ပြောတယ်ဆိုရင်တော့ တစ်မျိုးကြီးပေါ့လေ။ သည်းညည်းခံတာနဲ့ မဟုတ်မခံတာနဲ့ မတူဘူးဆိုတာ ခုနက ပြောတဲ့အတိုင်းပဲလေ။ မဟုတ်တဲ့ကိစ္စကို ခံနေတယ်ဆိုတာ ဒါ သည်းညည်းခံတာမဟုတ်ဘူး၊ ဒါ အညံ့ခံတာပဲ။

**ဦးခင်မောင်စိုး** ။ ။ ပျော့ပျောင်းမှုလို့ တစ်ဖက်က မြင်ချိန်မှာ တစ်ဖက်ကလည်း ပျော့ညံ့မှုလို့ မြင်နိုင်ပါတယ်။ အဲဒါမျိုးကို ဘယ်လို ပိုင်းဖြတ်မလဲ ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ ဒီကိစ္စက အစ်မ မကြာခဏ ပြောဖူးပါတယ်။ ပျော့ပျောင်းမှုနဲ့ ပျော့ညံ့တာက မတူဘူးပေါ့နော်။ စိတ်ထား ပျော့ပျောင်းတယ်ဆိုတာ ဟိုဘက်ဒီဘက် မြင်တတ်တာ။ အပေးအယူ လုပ်တတ်တာ။ လိုတိုးပိုလျှော့လုပ်တတ်တာ။ အဲဒီဟာက ပျော့ပျောင်းတာပေါ့။ ပျော့ညံ့တယ်ဆိုတာကတော့ အဂတိတရားလေးပါးကြောင့်၊ အကြောင်းကြောင်းကြောင့်မို့လို့ပေါ့နော် အလျှော့ပေးရတာ။ ဒါက ပျော့ညံ့တာပေါ့နော်။ ပျော့ညံ့တာနဲ့ ပျော့ပျောင်းတာနဲ့က မတူပါဘူး။

♦

၂၁၊ မတ်၊ ၂၀၁၃။

**ဦးခင်မောင်စိုး** ။ ။ အခု ကျွန်တော်တစ်ဆက်တည်း လူတွေ ကြုံရတတ်လေ့ရှိတဲ့ ပြဿနာလေးတစ်ခု မေးပါရစေ ခင်ဗျ။ မိမိက စေတနာနဲ့ လိုက်လိုက်လျောလျော ကူညီဆောင်ရွက်တဲ့ ကိစ္စ တစ်ခုကို တစ်ဖက်သားက ဒီလူဒီလောက်ကောင်းတာ မရိုးသားဘူး၊ ဒါ တစ်ခုခုကို မျှော်ကိုးပြီး လုပ်ဆောင်တာပဲလို့ အထင်ခံရတတ်ပါ တယ်။ အဲဒါဟာ မိမိလုပ်ပုံကိုင်ပုံက မှားလို့လား။ ဒါမှမဟုတ် တစ်ဖက်လူက စေတနာကို နားမလည်နိုင်တာဟာ သူကိုယ်တိုင်က သဘောထားသေး သိမ်လို့လား။ အဲဒါမျိုး ကြုံလာမယ်ဆိုရင် အစ်မ စိတ်ထဲ ဘယ်လိုခံစားမလဲ ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ တစ်ဖက်ကနေ ကိုယ့်စေတနာ နဲ့ကိုယ် လုပ်လို့ရှိရင် ကိုယ်လိပ်ပြာ သန့်ရမှာပေါ့။ ဒါ တကယ်လည်း လုပ်ချင်လို့၊ စေတနာသန့်သန့်နဲ့ လုပ်တယ်ဆိုရင် ဟိုဘက်က ဘယ် လိုပဲထင်ထင် လုပ်ရဲရမယ်။ လုပ်တာကို ကျေနပ်ရမယ်။ တကယ်

လည်း ကိုယ်က စေတနာသန့်သန့်နဲ့ကို ဟိုဘက်ကနေ တစ်မျိုးထင်တယ်ဆိုရင် သူနဲ့ပဲ ဆိုင်တယ်ပေါ့။ ကိုယ်နဲ့ မဆိုင်တော့ဘူးလေ။ ဒီလိုပဲ အစ်မတော့ မြင်တယ်။ ဒါပေမဲ့ ကိုယ့်ဘက်က စေတနာ မသန့်လို့ရှိရင်လည်း ကိုယ်အသိဆုံးပေါ့။ ကိုယ့်လိပ်ပြာ ကိုယ်သန့်ရင်ပြီးရောပေါ့။ ဖေဖေ တစ်ခါပြောဖူးတယ် မဟုတ်လား။ ဖေဖေရဲ့ လိပ်ပြာခုံရုံးရှေ့မှာ အစစ်ခံနိုင်တယ်ဆိုတာ။ အဲဒါပဲပေါ့။

♦

၁၀၊ အောက်တိုဘာ၊ ၂၀၁၃။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်ကဲ့အစ်မရေ… တစ်ဆက်တည်း စာပေလေ့လာမှုနဲ့ ပတ်သက်တဲ့ အစ်မအမြင်လေး ကျွန်တော်သိပါရစေ။ ဘယ်လိုစာပေတွေကို အဓိကထားပြီး အစ်မ လေ့လာဖတ်ရှုခဲ့ပါသလဲ ခင်ဗျာ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ဒါကတော့ ပြောရမယ်ဆိုလို့ရှိရင် အရွယ်အရပေါ့နော်။ ငယ်ငယ်တုန်းကလည်း ကလေးဆိုတော့လည်း ကလေးစာအုပ်တွေပေါ့။ ကြီးလာတော့လည်း ပိုပိုပြီးတော့ မြင့်တဲ့စာအုပ်တွေ ဖတ်လာတာပေါ့။ နောက်ဆုံးကျ အဓိကအားဖြင့် ပတ်ဝန်းကျင်ကနေပြီးတော့ စာပေကောင်းတွေ ဖတ်နိုင်ဖို့ ဖန်တီးပေးဖို့ လိုပါတယ်။ စာပေကောင်းတွေ ဖတ်နိုင်တဲ့ပတ်ဝန်းကျင်မှာ ကြီးပြင်းလာဖို့လိုပါတယ်။ အစ်မက ကံကောင်းတယ်။ မေမေက စာဖတ်ဝါသနာပါတာကို အားပေးတယ်။ အားပေးပြီးတော့ လတိုင်းလတိုင်း မှန်မှန် စာအုပ်တွေ ဝယ်ပေးတယ်။

အဲဒီတုန်းကတော့ အစ်မ မှတ်မိတာကတော့ ရန်ကုန်မှာ နိုင်ငံခြားက စာအုပ်တွေ အမြဲရတယ်။ အဲဒီတုန်းက စာအုပ်တွေဆို တာလည်း အဆင့်မြင့်မြင့်ပဲ ရှိတယ်။ အဲဒီတုန်းက ဂန္ထဝင်မြောက်တဲ့ စာအုပ်တွေပဲ ဝယ်လို့ရတာဆိုတော့ အဲဒီဟာတွေနဲ့ပဲ ကြီးပြင်းလာတာ ပေါ့။ ကြီးပြင်းလာပြီး အသက်ကြီးလာတဲ့ အခါကျတော့ အစ်မက တော့ အတ္ထုပ္ပတ္တိစာအုပ်တို့ စိတ်ဝင်စားတယ်။ ကိုယ်စိတ်ဝင်စားတဲ့ စာအုပ်တွေကို ရွေးပြီးတော့ ဖတ်နိုင်တဲ့ အဆင့်ကို ရောက်လာတာ ပေါ့။

**ဦးခင်မောင်စိုး** ။ ။ ဟို အစ်မ တက်ကျမ်းတွေကို ဘယ်လို သဘောရသလဲ ခင်ဗျ။ ဒေးလ်ကာနက်ဂျီတို့၊ နပိုလီယံဟေးလ်တို့။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အစ်မ အမှန်ပြောရရင် သိပ် အများကြီး မဖတ်ဖူးပါဘူး။ ဒေးလ်ကာနက်ဂျီဆို အခုထက်ထိ မဖတ်ဖူးဘူး။ အစ်မ ပြောရမယ်ဆိုရင် ဒီလိုတက်ကျမ်းတွေ ဖတ် တာလည်း အကျိုးရှိနိုင်ပါတယ်။ ဒါဖတ်တဲ့လူပေါ်မှာ မူတည်တာပေါ့။ ဒါပေမဲ့လည်း စာများများဖတ်တယ်ဆိုလို့ရှိရင် တက်ကျမ်းတွေရယ် လို့ သတ်သတ် ဖတ်ဖို့မလိုပါဘူး။ စာပေကောင်းတွေမှာ ဆိုလို့ရှိရင် ဒီလိုအတွေးအခေါ်တွေ ဖြစ်စေမယ့် အရေးအသားတွေ အများကြီးပါ ပါတယ်။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်ကဲ့။ လူငယ်တွေအနေနဲ့ ဘယ်လို စာပေမျိုးကို ဦးစားပေးလေ့လာရင် ကောင်းမလဲလို့ အစ်မ အကြံ ဉာဏ် ဘယ်လိုများ ပေးနိုင်မလဲ ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အစ်မ အမြင်ကတော့ စာပေ ကောင်းတွေကို တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့်၊ ကျယ်ကျယ်ဝန်း ဝန်း ဖတ်စေချင်တယ်။ ဒါပေမဲ့ စာပေကောင်းတော့ ဖြစ်ရမှာပေါ့။ ဒီလို သိပ်ပြီးတော့ ကျဉ်းမြောင်းတဲ့ ဘောင်လေးအတွင်းကပဲ စာဖတ် တယ်ဆိုရင်တော့ ဦးနှောက်ကွန့်မြူးဖို့ဆိုတာ သိပ်ပြီးတော့ မလွယ် ပါဘူး။

◆

၇၊ နိုဝင်ဘာ၊ ၂၀၁၃။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်ကဲ့။ Sakharov ဆုယူတုန်းက လူငယ်တွေအနေနဲ့ လွတ်လပ်စွာတွေးခေါ်ဖို့၊ မေးခွန်းတွေပြန်လည်မေး တတ်ဖို့လိုကြောင်း အစ်မ ပြောတယ်လို့ ကြားလိုက်ရပါတယ် ခင်ဗျ။ အရာရာမှာ လူကြီးတွေ အထက်အာဏာပိုင်တွေက ပြောရင် နာခံရမယ်ဆိုတဲ့ အယူအဆ၊ အစဉ်အလာတွေဟာ ကျွန်တော်တို့ ရိုးတွင်းခြင်ဆီမှာ စွဲနေတယ် အစ်မရဲ့။ ဒီတိုင်းပြည်ရောက်ပြီး အတော်ကြာတဲ့ကာလအထိ ကျွန်တော့်ကို သားသမီးတွေက ပြန်ပြောရင် သိပ်မကြိုက်ချင်ဘူး။ နောက်တစ်ခါ ကျွန်တော်ဒီမှာ နေတာ ကြာပြီဖြစ်ပေမဲ့လည်း အဝေးပြေးလမ်းမကြီးပေါ်မှာ ရဲကားတစ်စီး ကျွန်တော့်နောက်က ပါလာရင် အခုချိန်ထိ အလိုလိုကြောက်နေတယ်။ ကျွန်တော် ဘယ်တုန်းက ဘာမှားသွားလဲ အစ်မ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အဲဒါကတော့ အစကတည်းက မေးခွန်း မထုတ်တတ်လို့ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အစက

တည်းကနေပြီးတော့ လူကြီးတွေကပြောတိုင်း လက်ခံရမယ်ဆိုတဲ့ဟာ ဒါ ဟုတ်လား၊ မဟုတ်လားဆိုတာ မေးခွန်းထုတ်ရမှာပေါ့။ ဒါ ဘာ ပဲပြောပြော အစ်မတို့ ဗုဒ္ဓဘာသာ တရားတော်မှာလည်း ဒီအတိုင်းပဲ ပါတယ်လေ။ ဒါ မေးခွန်းထုတ်ရမယ်။ ဒါ မှန်လား၊ မှားလား၊ လုပ်သင့်သလား၊ မလုပ်သင့်ဘူးလားဆိုတာ ဒါမျိုးကို မေးခွန်းထုတ်ရမှာပေါ့။ ဒီရဲကားတွေက နောက်က လိုက်လာတယ်ဆိုတဲ့ ကြောက်ခြင်း တရားတွေကလည်း ဒီမေးခွန်းထုတ်တတ်မှုနဲ့ ဆက်နွယ်နေပါတယ်။ ဘာဖြစ်လို့ ကြောက်တာလဲ။ ဒါကြောက်ဖို့ လိုသလား။ ဒီကြောက်စိတ်ကို ကိုယ် ဘယ်လိုကျော်လွှားရမလဲ။ ဒါကို စဉ်းစားပြီးတော့ ဖောက်ထွက်ရမှာပေါ့။

♦

၅၊ ဒီဇင်ဘာ၊ ၂၀၁၃။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်ကဲ့ခင်ဗျ။ အစ်မ နောက်ဆုံး အချိန်မရတဲ့ ကြားထဲက လူ့ဘဝအကြောင်းလေး တစ်ခုလောက် ကျွန်တော့်ကို ပြောပါ။ ပြောင်းလဲမှုတွေနဲ့အတူ လိုက်လျောညီထွေ ဖြစ်အောင် ဆောင်ရွက်တဲ့နေရာမှာ ကိုယ့်ရဲ့မူတွေလည်း မပျက်အောင် ဘယ်လို ကြံဆယူရမလဲ ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ မူမပျက်အောင်ဆိုတာက တော့ အစကတည်းက မူရှိဖို့ လိုတာပေါ့နော်။ တချို့က မူရှိကိုမရှိ တာ(ရယ်လျက်) ။ အဲဒီတော့ မူမရှိတဲ့သူက ပျက်စရာမူလည်း မရှိဘူး ပေါ့။ နိုင်ငံရေးလုပ်တယ်ဆိုတာကတော့ မူရှိရမှာပေါ့။ မူက အင်မတန်မှ ကျဉ်းတဲ့ဘောင်အတွင်းက မူမျိုးမဖြစ်သင့်ဘူး။ မူဆိုတာ အခြေခံအားဖြင့် လူသားများရဲ့ စံနှုန်းတွေနဲ့ ကိုက်ညီတဲ့မူမျိုးသာ ဖြစ်သင့်တယ်။ ကျယ်ပြန့်ရမယ်၊ နောက်ပြီးတော့ ပျော့ပျောင်းမှုရှိရ မယ်။ ပြုလွယ် ပြောင်းလွယ် ရှိရမယ်ပေါ့။ အဲဒီအပေါ်မှာ အခြေခံ

ပြီးတော့ အလျှော့အတင်းလုပ်တာတို့၊ အပေးအယူလုပ်တာဆိုတာဟာ ဒီလူ့ဘဝကြီးမှာ လုပ်ကိုလုပ်ရမှာပဲ။ အားလုံးပဲ ကိုယ်လိုချင်တဲ့ပုံစံ၊ ကိုယ်အရင်တုန်းက မြင်ခဲ့တဲ့ပုံစံနဲ့ပဲ မြင်မယ်။ အဲဒီအတိုင်းပဲ လုပ်မယ်၊ အဲဒီအတိုင်းပဲ ဆက်သွားမယ်။ အဲဒီလိုတော့ စိတ်တွေထားလို့ မဖြစ်ပါဘူး။ အထူးသဖြင့် လူမှုရေး၊ နိုင်ငံရေးမှာဆိုရင် ပျော့ပျောင်းမှုဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။

♦

၁၉၊ ဒီဇင်ဘာ၊ ၂၀၁၃။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်ကဲ့ခင်ဗျ။ လူတစ်ယောက်ရဲ့ ဒီဘဝတာ တိုတိုလေးထဲမှာ နှစ်တစ်နှစ်ဆိုတာကတော့ အင်မတန်ကို တန်ဖိုးရှိတဲ့ ကာလအရှည်ကြီးတစ်ခုပဲလို့ ကျွန်တော်တော့ ထင်တာ ပေါ့လေ။ အဲဒီတော့ အဓိပ္ပာယ်ရှိတဲ့ နှစ်တစ်နှစ်ဖြစ်အောင် ကျွန်တော်တို့ လူသားတွေအနေနဲ့ ဘာလုပ်သင့်ပါသလဲ ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အဓိပ္ပာယ်ရှိတဲ့ နှစ်တစ်နှစ် ဖြစ်အောင် အဓိပ္ပာယ်ရှိတဲ့ လတွေဖြစ်ရမယ်၊ အဓိပ္ပာယ်ရှိတဲ့ နေ့တွေ ဖြစ်ရမယ်ပေါ့။ အဓိပ္ပာယ်ရှိတဲ့ နေ့တွေဖြစ်အောင် အဓိပ္ပာယ်ရှိတဲ့ နာရီတွေလိုဖြစ်အောင် အဲဒီတော့ တစ်ချိန်လုံး ကြိုးစားနေရမှာပဲ။ လူဖြစ်လာရင် တစ်ချိန်လုံး ကြိုးစားနေရမှာပဲ။ တစ်ချိန်လုံး ကြိုးစား မှလည်း တိုးတက်မှုရှိမှာ။ ဒီလိုမျိုး ညှဲ့နေလို့ကတော့ နောက်ကို ပြန်ဆုတ်သွားဖို့ပဲ ရှိတယ်။

♦

၂၊ ဇန်နဝါရီ၊ ၂၀၁၄။

**ဦးခင်မောင်စိုး** ။ ။လူတစ်ယောက်ရဲ့ လက်တလောလုပ်ရပ်အပေါ် မကျေနပ်တဲ့အခါ အရင်တုန်းက သူကိုယ့်အပေါ် ဘယ်လိုကောင်းခဲ့သလဲဆိုတာတွေကို တစ်ခါတလေ ကျွန်တော်မေ့သွားတတ်ပါတယ်ခင်ဗျ။ အဲဒါ ဘယ်လို သတိထားရမလဲ အစ်မ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အဲဒါ နှစ်ခုရှိတယ်လေ။ ကိုယ့်အပေါ်မှာ ကောင်းခဲ့တဲ့ကျေးဇူးကတော့ ကိုယ်ဘယ်တော့မှ မမေ့သင့်ဘူး။ ဒီကျေးဇူးကိုလည်း အမြဲထောက်ထားသင့်တယ်။ ဒါပေမဲ့ ကောင်းတယ်၊ ဆိုးတယ်ဆိုတာ ကိုယ့်အပေါ်မှာ ပြောတာလား၊ ဒါမှမဟုတ် တခြားကိစ္စတွေမှာ ပြောတာလား။ ဥပမာဆိုလို့ရှိရင် ဆိုပါတော့ အစွန်းဆုံး ဥပမာတစ်ခုယူရမယ်ဆိုလို့ရှိရင် ကိုယ့်ကို ကျေးဇူးပြုတဲ့သူ တစ်ယောက်ကနေပြီးတော့ လူတစ်ယောက်ကို သတ်လိုက်တယ် ဆိုပါတော့။ အဲဒါသူ သတ်တာက ကောင်းတယ်လို့တော့ ဘယ်လိုမှ ပြောလို့မရဘူး။ လူသတ်မှုဟာ လူသတ်မှုပဲ။

ဘယ်ကောင်းမလဲ၊ သူများအသက်ကို ယူတယ်ဆိုတာ။ သို့သော်ငြား လည်း ကိုယ့်အပေါ်မှာ ပြုထားတဲ့ကျေးဇူးကို ထောက်ထားပြီးတော့ ကိုယ်ကိုယ်တိုင်တော့ ကူညီတာ ဖေးမပေးတာ လုပ်သင့်သလောက် လုပ်ရမှာပေ့ါ။ အထိုက်အလျောက်တော့ လုပ်ရမှာပေ့ါ။ ဒီလောက် ကျေးဇူးတရားကတော့ ရှိရမှာပေ့ါ။

ဒါပေမဲ့ ကိုယ့်အပေါ်မှာ ကောင်းခဲ့လို့ လူသတ်တာ မှန်ပါ တယ်လို့တော့ ပြောလို့ဘယ်ဖြစ်မလဲ။ နောက်ပြီးတော့လည်း ဥပဒေ လမ်းကြောင်းအရ မဖြစ်အောင်လို့ လိုက်ကာလို့လည်း ဘယ်ဖြစ်မလဲ။ ဥပဒေလမ်းကြောင်းအရတော့ ဖြစ်ရမှာပဲ။ သို့သော်ငြားလည်း ကိုယ် တကယ်ပဲ ကျေးဇူးတရား ရှိတယ်ဆိုရင် သစ္စာရှိရှိနဲ့ ဒီလူကို ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာအရ တတ်နိုင်သမျှ ကူညီရမှာပေ့ါ။

**ဦးခင်မောင်စိုး** ။ ။ အစ်မရေ … လူတစ်ယောက်က မိမိ ကို သဘောရိုးနဲ့ ဆက်ဆံနေတာလား၊ ဥပါယ်တံမျဉ်နဲ့ ဆက်ဆံနေ တာလား၊ အစ်မ ဘယ်လိုသိလဲ ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အဲဒါထက် ကိုယ်က သူ့ကို သဘောရိုးနဲ့ ဆက်ဆံနေတာလား၊ ဥပါယ်တံမျဉ်နဲ့ ဆက်ဆံနေတာ လားဆိုတာ သိဖို့က ပိုအရေးကြီးပါတယ်။ အဲဒါကတော့ ကိုယ့်ဘာ သာကိုယ် ဆုံးဖြတ်ပြီး ကိုယ်မှန်မှန်ကန်ကန် လုပ်ရမှာပေ့ါ။

**ဦးခင်မောင်စိုး** ။ ။ ဒီလောကမှာ အမှန်တရားအတိုင်း လုပ်ကိုင် ဆောင်ရွက်ခြင်းမရှိကြသူတွေထဲမှာ အမှန်တရားကို တကယ် မသိတဲ့သူ အရေအတွက်နဲ့ သိလျက်နဲ့ မလုပ်တဲ့သူ အရေ အတွက် ဘယ်ဟာ ပိုများမယ် ထင်သလဲ ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အဲဒါကတော့လေ နည်းနည်း ပြောရခက်တယ်။ အစ်မ ငယ်ငယ်တုန်းကတော့ ကိုယ်မှားရင် ကိုယ် သိတာပေါ့နော်။ မသိချင်ယောင်ဆောင်နေကြတာလို့ ထင်ခဲ့တယ်။ ဒါပေမဲ့ နည်းနည်းကြီးလာတော့ တကယ်ပဲ မသိကြတာကို သတိပြု မိတယ်။ တကယ်ကို တချို့တွေက ကိုယ်လုပ်တဲ့ကိစ္စကို မှားတယ်လို့ မထင်တာတွေကို တွေ့ခဲ့ရတော့ အံ့အားသင့်တယ်ပေါ့နော်။

အစ်မ အစက ထင်တာဟာ လူတိုင်းက ကိုယ်မှားလို့ရှိရင် သိကြတယ်။ ဝန်ခံတာ၊ ဝန်မခံတာဘဲ ကွာတယ်လို့ သိခဲ့တယ်။ ဒါပေမဲ့ အဲဒီလိုတော့လည်း မဟုတ်ဘူး။ ဒီတော့ ဘယ်လောက် ရာခိုင်နှုန်းလောက်က မသိသလဲဆိုတာတော့ အစ်မလည်း မတွက် တတ်ဘူး။ ဒါပေမဲ့ တကယ်ကို ကိုယ်မှားတာတွေကို မသိတဲ့သူတွေ ရှိတာကိုတော့ အသက်ကြီးလာလို့ သဘောပေါက်သွားတယ်။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်ကဲ့၊ အဲဒီတော့ အဲဒီလို အမှန် တရားကို မသိတဲ့သူတွေကရော ခင်ဗျ။ သိဖို့ မကြိုးစားကြသူတွေ

လား ဒါမှမဟုတ် အမှန်တရားကို ငါတို့ သိပြီးပြီလို့ အယူလွဲနေကြတာလား။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အဲဒါကတော့ ဟို ပြောရမယ်ဆိုလို့ရှိရင် အမျိုးမျိုးရှိတာပေ့ါနော်။ တချို့ကျတော့လည်း ပညာဘက်မှာ ပညာဆိုတာ အတန်းပညာပြောတာ မဟုတ်ဘူးနော်။ ဒီလိုဆင်ခြင်တုံတရားဘက်မှာ အားနည်းလို့မသိတာတွေလည်း ရှိတာပေါ့။ အဲ တချို့ကျတော့လည်း ခုနက ကိုခင်မောင်စိုး ပြောသလိုပေါ့ သူတို့ ကိုယ်သူတို့ သိပ်သိလှပြီဆိုပြီးတော့ အဲဒီလို မှားနေတဲ့သူတွေလည်း ရှိတာပေါ့။ ဒါတော့ အမျိုးမျိုးပေါ့။

♦

၁၆၊ ဇန်နဝါရီ၊ ၂၀၁၄။

**ဦးခင်မောင်စိုး** ။ ။ အခု အတွေးလေးတစ်ခု မေးပါရစေ။ လူတစ်ယောက်ကို မိမိနဲ့ မသိခင်က မြင်တဲ့အမြင်နဲ့ သိရှိပြီး အမြင်တွေ ကွာခြားသွားတတ်တာ ဘာကြောင့်များလဲ ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အဲဒါတော့ မသိလို့ပေါ့။ (ရယ်လျက်)။ အစတုန်းကတော့ မသိလို့ မသိသလို စဉ်းစားထားတာပေါ့။ သိတော့လည်း သိသလို စဉ်းစားရမှာပေါ့။ အခြေအနေကမှ မတူဘဲ။ ကိုယ်သိတဲ့သူတောင်မှ အခြေအနေအရ ပြောင်းသွားတတ်တာပဲ။ မသိတဲ့သူဆိုရင်တော့ ကိုယ်ထင်တာနဲ့ မတူတာဟာ ဘာမှ အံ့အားသင့်စရာ မရှိပါဘူး။

**ဦးခင်မောင်စိုး** ။ ။ ဒါပေမဲ့လည်း တကယ်တမ်း လူကိုယ်တိုင် အချင်းချင်း တွေ့လိုက်တဲ့အခါကျတော့ အဲဒီအချိန်မှာ စကားပြောဆိုသံ အမူအရာက စပြီးတော့ ရင်းနှီးချင်တယ်ပေါ့ဆိုရင်လေ

ပိုပြီး နားလည်မှု ရသွားသလားလို့ ကျွန်တော် အဲဒီလိုမျိုး တွေးမိတယ်။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ တချို့ကျတော့လည်း ပိုပြီးတော့ ရင်းနှီးသွားတယ်။ ပိုပြီးတော့ နီးကပ်သွားတယ်။ တချို့ကျတော့လည်း တစ်ယောက်အကြောင်း တစ်ယောက်သိမှ ပိုပြီးတော့ ဝေးသွားတာတွေလည်း ရှိတယ်ပေ့ါနော်။ အဲဒါကလူတွေက တစ်ယောက်နဲ့တစ်ယောက် တူတာမှ မဟုတ်ဘဲ။ လူတိုင်းဟာ ကိုယ်နဲ့ ဘယ်သဘော ချင်းတူပါ့မလဲ။ နောက်ပြီးတော့ လူတိုင်းဟာ ကိုယ်ရဲ့ အကြိုက်မဟုတ်သလို ကိုယ်ဟာလည်း လူတိုင်းအကြိုက်တော့ ဘယ်ဟုတ်ပါ့မလဲ။

**ဦးခင်မောင်စိုး** ။ ။ ကျွန်တော့်မိတ်ဆွေ အပေါင်းအသင်း အထိ သူငယ်ချင်းတချို့ပေါ့လေ သူတို့နဲ့ နည်းနည်းအဆက် အသွယ် ပြတ်သွားပြီဆိုလို့ရှိရင် ကျွန်တော် သူတို့အပေါ် အရင်ကလို မဟုတ်တော့ဘူး။ ကျွန်တော်ဟာ ကိစ္စအကြောင်းကြီးငယ်ရှိမှ သူတို့ကို ဆက်ဆံတယ်ဆိုတဲ့ အမြင်မျိုး တွေ့ရတတ်တယ် ခင်ဗျ။ အဲဒါ နားလည်မှုလွဲတာလို့ ကျွန်တော် ယူဆတယ်ပေါ့လေ။ ဘယ်လို ရှောင်ရှင်ရမလဲ ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အဲဒီဟာကလေ တကယ်နီးစပ်တဲ့ သူငယ်ချင်းတွေဆိုရင် ဒီပြဿနာမရှိပါဘူး။

ဥပမာဆိုလို့ရှိရင် အရင်နှစ်က အစ်မ အောက်စဖို့ဒ်ကို သွားလည်တဲ့အခါမှာ အနှစ် ၂၀ ကျော် ၃၀ နီးပါး မတွေ့ခဲ့ရတဲ့ သူငယ်ချင်းတွေနဲ့ ပြန်တွေ့တော့ ဘာမှမထူးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းကတည်းက တကယ့် သူငယ်ချင်းတွေ ဖြစ်တယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေ ရှိတယ်။ တစ်ယောက်သဘော တစ်ယောက် သိကြတယ်။ ဟို နောက်ဆုံးတော့ နားလည်မှုပေါ့နော်။ တစ်ယောက်အပေါ်မှာတစ်ယောက် နားလည်မှုရှိတယ်။ တကယ် မေတ္တာပေါ်မှာ အခြေခံတယ်လို့ ပြောရမှာပေ့ါ။ ဘာမှမထူးခြားပါဘူး။ အများအားဖြင့် အစ်မက စာမရေးတာ များပါတယ်။

သူတို့ဘက်က စာရေးရင်တောင်မှ အစ်မက မပြန်ဖြစ်တာပေါ့နော်။ အစ်မ မပြန်ဖြစ်လို့ သူတို့စိတ်ထဲမှာ အစ်မကနေပြီးတော့ ကြီးကျယ်သွားတယ်။ စိမ်းကားသွားတယ်လို့ သူတို့ မရှိပါဘူး။ သူတို့ သဘောပေါက်တယ်၊ သူတို့ နားလည်တယ်။ သူတို့ကို ကြုံတဲ့အခါလည်း ပြောပြတယ်။ နားလည်ပေးပါပေါ့။ အစ်မက ကိုယ်ရေးချင်တဲ့စာတွေ ရေးဖို့ဆိုတဲ့အချိန်က မရှိဘူးလေ။ အဲဒီစာတွေပဲ ရေးနေမယ်ဆိုရင် တခြား ဘာအလုပ်မှပြီးမှာ မဟုတ်တော့ဘူး။ အဲဒီ

တော့ တကယ့်မိတ်ဆွေစစ်ဆိုလို့ရှိရင်တော့ ဒါပြဿနာ မဟုတ်ပါဘူး။ သိပ်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် မရင်းနှီးလို့ရှိရင်တော့ ဒီလိုပဲ နားလည်မှု လွဲတာတွေကတော့ ဖြစ်တတ်ပါတယ်။ တတ်နိုင်သမျှ ကိုယ့်ဘက်က မေတ္တာနဲ့ ဆက်ဆံဖို့ပဲပေါ့။

♦

၇၊ မေ၊ ၂၀၁၄။

**ဦးခင်မောင်စိုး** ။ ။ ကျွန်တော့်ဆရာတစ်ယောက်က ပြောဖူးတယ်။ လောကကြီးမှာ အောင်မြင်ကျော်ကြားတဲ့သူတွေဟာ ရှင်းလင်းတာနဲ့ ဝန်ခံတာကို သိပ်ပြီး လုပ်လေ့မရှိဘူးလို့ ပြောတယ်။ အဲဒါ ဖြစ်နိုင်သလား ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ ဘယ်သူတွေကို အခြေခံပြီး ပြောသလဲဆိုတာတော့ မသိဘူးလေ။ အောင်မြင်ကျော်ကြားတာနဲ့ မရှင်း လင်းတာနဲ့ ဘာဆိုင်လို့လဲ။ ဒီအတိုင်း စဉ်းစားလိုက်ရင်တော့ သိပ်ပြီး အဖြေမပေါ်ဘူး။ ဒါပေမဲ့ သူတို့သုံးသပ်ထားတာ ဘာကို အခြေခံပြီး သုံးသပ်ထားတာလဲဆိုတာ နည်းနည်း နားလည်ဖို့လိုတာ ပေါ့နော်။ တစ်ယောက်နဲ့တစ်ယောက် အမြင်လည်း မတူပါဘူး။ အခု ကိုခင်မောင်စိုး ပြောတာနဲ့ ပြောင်းပြန်ဝါကျတစ်ခုကိုလည်း ဖတ်ဖူးပါတယ်။ တစ်နှစ်၊ နှစ်နှစ်လောက်ကနဲ့ တူပါတယ်။ အဲဒီ အောင်မြင်တဲ့ ခေါင်းဆောင်တွေ ဆိုတာပေ့ါနော်။ ဘာဖြစ်လို့ ဘာ

လုပ်တယ်ဆိုတာ ရှင်းလင်းပြလေ့ရှိတယ်ပေ့ါ။ အဲဒါမျိုး ရေးထားတာတော့ တွေ့ဖူးပါတယ်။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်ကဲ့။ စိတ်စွမ်းအား ကောင်းစေတဲ့ သော့ချက်တွေက ဘာတွေလဲ အစ်မ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ စိတ်စွမ်းအားကောင်းစေတဲ့ သော့ချက်တွေကတော့ ကိုယ်ရဲ့ စိတ်စွမ်းအားကို ဖြည့်ဆည်းချင်တဲ့ ဆန္ဒရှိတာက အများကြီးပါတယ်လို့ ထင်ပါတယ်။ ဆန္ဒရှိမှနော်။ အောင်မြင်ချင်းတရား လေးပါးက ဆန္ဒနဲ့စတယ်လေ။ အဲဒီတော့ စိတ်စွမ်းအားရှိဖို့ဆိုတာ စိတ်စွမ်းအားရှိချင်တဲ့ ဆန္ဒနဲ့ စရလိမ့်မယ်လို့ ထင်ပါတယ်။ အဲဒီတော့ ပြောရမယ်ဆိုရင် စိတ်စွမ်းအားကို ယုံကြည်မှုရှိတာပေ့ါ။

**ဦးခင်မောင်စိုး** ။ ။ဟုတ်ကဲ့။ ပြီးတော့ရော ခင်ဗျာ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ ယုံကြည်မှုရှိရုံနဲ့မကဘူး၊ အဲဒီ အောင်မြင်ခြင်းတရားလေးပါးနဲ့ သွားမယ်ဆိုရင် ဆန္ဒပြီးတော့ ဝီရိယ။ ဆန္ဒရှိရုံနဲ့ မရဘူး။ စိတ်စွမ်းအားတိုးတက်အောင် လုပ်ချင်တယ်ဆိုလို့ရှိရင် တိုးတက်အောင်လုပ်တဲ့ ဝီရိယလည်း ရှိရမယ်။ နောက် မှန်ကန်တဲ့ စိတ်ဓာတ်လည်း ရှိရမယ်။ ပညာလည်း ရှိရမယ်။

အစ်မကတော့ ဒီအောင်မြင်ခြင်းတရား လေးပါးက တော်တော်ပြည့်စုံတယ်လို့ ယုံကြည်ပါတယ်။ ဆန္ဒ၊ ဝိရိယ၊ စိတ်ဓာတ်၊ ပညာ ဒါတွေနဲ့ ဆိုလို့ရှိရင်တော့ အောင်မြင်မှုကို ရနိုင်ပါတယ်။

♦

၃၊ ဇူလိုင်၊ ၂၀၁၄။

**ဦးခင်မောင်စိုး** ။ ။ဟုတ်ကဲ့။ လူတစ်ယောက်ရဲ့ တန်ဖိုးဆိုတာ သမိုင်းပေးတာဝန်ကို သူ ဘယ်လောက် ကျေပွန်ခဲ့သလဲဆိုတာနဲ့ပဲ တိုင်းတာရမှာပဲလို့ ဆရာဇန်းမော်တင်အောင်က ပြောတဲ့စကား တော်တော်လေး လူသိများပါတယ် ခင်ဗျ။ အစ်မအနေနဲ့ကရော လူတစ်ဦးရဲ့အရည်အချင်းကို ဘယ်လိုအချက်အလက်တွေနဲ့ သတ်မှတ်ပါသလဲ ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ လူတစ်ဦးနဲ့ တစ်ဦးဟာ မတူပါဘူး။ နောက်ဆုံးကျတော့ ကိုယ်အကောင်းဆုံးဖြစ်အောင် ကိုယ်ကြိုးစားရမှာပဲ။ အဲဒီတော့ လူတစ်ဦးရဲ့ အရည်အချင်းကို ဥပမာဆိုလို့ရှိရင် ဒီလူက အတန်းထဲမှာဆိုရင် တကယ်တော်တဲ့ ဆရာဆိုလို့ရှိရင် အမှတ်အများဆုံး ကလေးကိုတင် ဂရုစိုက်တာ မဟုတ်ဘူး။ အမှတ်တွေ မများပေမဲ့ တခြားကလေးတွေကိုလည်း ဂရုစိုက်တယ်။ ရှိသမျှ အရည်အချင်းတွေ၊ ရှိတဲ့အရည်အချင်းတွေကိုလည်း ပြုစုပျိုး

ထောင်ခွင့်ပေးတယ်။ အဲဒါကတော့ ဆရာကောင်းများက လုပ်တတ်ပါတယ်။ မြင်လည်း မြင်တတ်ပါတယ်။ ဒီလိုပဲပေါ့ လူတိုင်းလူတိုင်းကတော့ အရည်အချင်းတော့ မတူပါဘူး။ လုပ်နိုင်အားလည်း မတူပါဘူး။ ဒါပေမဲ့ နောက်ဆုံးကျတော့ စေတနာ စေတသိက်ပေါ့။

♦

၁၇၊ ဇူလိုင်၊ ၂၀၁၄။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်ကဲ့။ ဒီကနေ့ လူငယ်တွေရဲ့ နိုင်ငံရေးအပေါ် စိတ်ဝင်စားမှုကို ၈၈ ကာလလူငယ်တွေနဲ့ နှိုင်းယှဉ်မယ် ဆိုရင်ရော ဘယ်လိုများ ပြောနိုင်မလဲ ခင်ဗျာ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အဲဒါ ကာလတွေက မတူဘူးလေ။ ကာလတွေ( မတူတဲ့အခါကျတော့ သူတို့ရဲ့ နိုင်ငံရေးစိတ်ဝင်စားပုံက မတူဘ ။ ၈၈တုန်းက ဆိုလို့ရှိရင် ဒီ ၈၈ ထဲမှာပါလာတဲ့လူငယ်တွေရဲ့ ‌ ‌များစုက ကျောင်းသားတွေပေါ့နော်။ တက္ကသိုလ်ကနေ စပြီးတော့ ကျောင်းသားတွေပေါ့နော်။ နောက်ပြီးတော့ အဲဒီတုန်းက တစ်ပါတီအာဏာရှင်စနစ်ကို မကြိုက်လို့ ဒီမိုကရေစီဘက်ကို သွားချင်တဲ့ စိတ်ဓာတ်တွေနဲ့၊ အခု လူငယ်တွေကတော့ ကိုယ်ဖြတ်သန်းခဲ့တဲ့ကာလ မတူဘူး။ တစ်နည်းအားဖြင့်ဆိုလို့ရှိရင်လည်း မဆလ အာဏာရှင်တစ်ပါတီ စနစ်ထက်ပိုပြီးတော့ ကြမ်းတမ်းတဲ့ အခြေအနေတွေကိုလည်း ဖြတ်သန်းခဲ့ရတယ်လို့ ပြော

လို့လည်း ရတာပေါ့နော်။ စုစည်းမှုကလည်း အရင်တုန်းကလိုတော့ မရှိဘူးပေ့ါ။ အရင်တုန်းက ဒီ ၈၈ မတိုင်မီက ကျောင်းသားတွေက တက္ကသိုလ်တွေမှာ စုစည်းလို့ရတယ်။ အခု တက္ကသိုလ်တွေက အရင်ပုံစံမဟုတ်ဘူးလေ။ ပြီးတော့ ကျောင်းသားတွေ၊ လူငယ်တွေရဲ့ ကြီးပြင်းလာပုံကလည်း အရင်ပုံစံ မဟုတ်တော့ဘူးပေါ့။

◆

၉၊ ဇန်နဝါရီ၊ ၂၀၁၅။

**ဦးခင်မောင်စိုး** ။ ။ အစ်မရေ… အတွေးအခေါ်လေးတစ်ခု မေးပါရစေ။ ဘဝဆိုတာ တိုတိုလေးပဲလို့ ပြောကြပါတယ်ခင်ဗျ။ အဲဒါ ကျွန်တော်တော့ အသက်ကြီးလာတော့ ပိုပြီးသဘောပေါက်လာတာပေါ့ အစ်မရာ။ အဲဒီတော့ လူတစ်ယောက်ရဲ့ဘဝကို ကျွန်တော်တို့ အချိန်တိုတိုမှာ အကျိုးရှိဆုံး အသုံးချဖို့အတွက် ကျွန်တော် အစ်မရဲ့ အတွေးအမြင်လည်း ကြားပါရစေ ခင်ဗျာ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ တစ်ယောက်နဲ့တစ်ယောက် မတူဘူးပေါ့နော်။ ဒါပေမဲ့ ဘယ်မှာပဲဖြစ်ဖြစ် ကိုယ့်တစ်ယောက်တည်း အတွက်တော့ စဉ်းစားလို့မဖြစ်ပါဘူး။ ကိုယ့်တစ်ယောက်တည်း အတွက်ပဲ စဉ်းစားတယ်။ ကိုယ့်ရဲ့အကျိုးအတွက်ပဲ အဓိကထားပြီး စဉ်းစားတဲ့ သူတွေကတော့ အများအကျိုးကို မဖြစ်စေဘူးဆိုရင်တော့ နေရကျိုး သိပ်မနပ်ဘူးလို့ အစ်မကတော့ ဒီလိုပဲထင်တာပဲ။

**ဦးခင်မောင်စိုး** ။ ။ အစ်မရေ… တစ်ခါတခါကျတော့ မာန်မာနနဲ့ ရပ်တည်ချက် ပြတ်သားမှုကို ကျွန်တော် နည်းနည်းရောနေတယ်။ ဘယ်လိုများ စည်းခြားရင် ကောင်းမလဲ ခင်ဗျာ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ မာန်မာနဆိုတာ ဘာကို ဆိုလိုတာလဲ။

**ဦးခင်မောင်စိုး** ။ ။ ဥပမာ ဒီကိစ္စက ကျွန်တော်မှန်တယ်၊ ကျွန်တော် လုပ်နိုင်တယ်၊ ကျွန်တော် ရပ်တည်နိုင်တယ်။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အဲဒါက တိကျပြတ်သားတာနဲ့မှ မဆိုင်ဘဲ။ ကိုယ်မှန်တယ်၊ ကိုယ်လုပ်နိုင်တယ် တစ်ဖွတ်ထိုးစဉ်းစားတာနဲ့ တိကျပြတ်သားတာနဲ့ မဆိုင်ဘူးလေ။ အဓိကတော့ တိကျ ပြတ်သားတယ်ပဲ ပြောပြော ဘာပဲပြောပြော အရေးကြီးတာက အခြေအနေတစ်ခုကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ဖို့ပဲ။ မှန်မှန်ကန်ကန် သုံးသပ်ပြီးတော့ အဲဒီသုံးသပ်ချက်အပေါ်မှာတော့ ပြတ်ပြတ်သားသား ဆောင်ရွက်ရမှာပေါ့။ မှန်မှန်ကန်ကန် မသုံးသပ်ဘဲနဲ့ ငါပဲမှန်တယ်၊ ငါပဲ လုပ်ချင်သလို လုပ်မယ်ဆိုရင်တော့ ဒါဘယ်သူ့ကိုမှ အကျိုးမပြုပါဘူး။

**ဦးခင်မောင်စိုး** ။ ။ အစ်မ မှန်မှန်ကန်ကန် သုံးသပ်ဖို့ကရော ဘယ်လိုအခြေခံလိုမလဲ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အခြေခံကတော့ သဘောထားကြီးဖို့လိုမယ်ပေ့ါ။ အမြော်အမြင်ရှိဖို့ လိုမယ်ပေ့ါ။ တခြားလူတွေ ပြောတဲ့ စကားတွေကို နားထောင်ဖို့ လိုမယ်ပေ့ါ။ နားထောင်ပြီးတော့ စဉ်းစားပြီးတော့ ဒါ သူတို့ဘက်က မှန်နိုင်သလားပေ့ါ။ ကိုယ်ပဲ မှန်တယ်ဆိုတဲ့စိတ်နဲ့ စလို့တော့ ဘယ်ဖြစ်မလဲ။ တခြားသူတွေလည်း မှန်နိုင်တယ်ဆိုတာကတော့ မျက်ခြည်မပြတ်ဖို့လည်း လိုတာပေ့ါ။

♦

၂၁၊ မေ၊ ၂၀၁၅။

**ဦးခင်မောင်စိုး** ။ ။ လူငယ်တွေမှာ သတိနဲ့ယှဉ်တဲ့သတ္တိ တွေရှိဖို့ လိုတယ်လို့လည်း အစ်မ ပြောသွားပါတယ်။ ဆင်ခြင်တုံ တရား ကျွန်တော်တို့ ဘယ်လိုပွားမလဲ ခင်ဗျာ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။အဲဒါကတော့ ပတ်ဝန်းကျင်ရဲ့ သွန်သင်ဆုံးမမှုအပေါ်မှာ အများကြီးတည်တာပေ့ါ။ ဆင်ခြင်တုံတရား ဆိုတာ ကိုယ့်ရဲ့ဗီဇအရ ပါတာလည်း အတိုင်းအတာတစ်ခုအထိ ရှိ တယ်။ ဘေးကနေပြီးတော့ ပတ်ဝန်းကျင်ကနေပြီးတော့ ပြုစုပျိုး ထောင် ပေးတာတွေလည်း ရှိပါတယ်။

**ဦးခင်မောင်စိုး** ။ ။ ကျွန်တော် သတိထားမိတဲ့ အချက် တစ်ခုက လူငယ်တချို့ဟာ ငွေကြေး၊ အာဏာရှိတဲ့ အသိုင်းအဝိုင်း တစ်ခုနဲ့ အဆင်ပြေအောင် ပေါင်းသင်းပြီး ကိုယ်ကျိုးစီးပွားဖြစ်ထွန်း အောင် လုပ်နိုင်တာဟာ အဓိက အရည်အချင်းကြီးတစ်ရပ်၊ တစ်

နည်းအားဖြင့် ပါးနပ်လိမ္မာမှုလို့ သဘောထားနေကြတယ် ခင်ဗျ။ အဲဒီအယူအဆကိုရော အစ်မ ဘယ်လိုမြင်သလဲ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ကိုခင်မောင်စိုး၊ လူကြီးတွေ ကိုယ်တိုင်က အဲဒီလိုစိတ်ထားမှတော့ လူငယ်တွေလည်း ဒီလိုစိတ်ထားရှိမှာပေ့ါ။ ဒီလို အာဏာရှိတဲ့၊ ဩဇာရှိတဲ့၊ အခွင့်အရေးပေးနိုင်တဲ့ အသိုင်းအဝိုင်းနဲ့ တည့်အောင်ပေါင်းတာလူငယ်တွေတင်မှ မဟုတ်ဘဲ၊ လူကြီးတွေလည်း လုပ်ကြတာပဲ။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်ကဲ့။ အဲဒီတော့ ဘယ်လိုဖြေရှင်းမလဲ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ ဒါမျိုးက ဖြေရှင်းဖို့ဆိုတာ နေ့ ချင်းညချင်း မဖြစ်ဘူး။ ဒါပေမဲ့ မှန်မှန်ကန်ကန်လုပ်တဲ့ဘက်က ရပ်တည်ပေးမယ့်သူတွေ ပြုစုပျိုးထောင်ဖို့ လိုတာပေ့ါ။ အဲဒီတော့ အစ်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုတာကလည်း ဒီလိုလူတွေနဲ့ ရပ်တည်ခဲ့တာပဲ။ ရပ်တည်ခဲ့တဲ့အထဲမှာ တကယ့်ကို ကိုယ့်ထဲမှာ အနစ်နာခံပြီးတော့၊ စွန့်လွှတ်ပြီးတော့ လုပ်တဲ့သူတွေလည်း ရှိတာပဲ။

တစ်နေ့တစ်ချိန်ခါမှာ အဖွဲ့ချုပ်ထဲမှာ အခွင့်အရေးရမယ်ဆိုပြီးတော့ ဝင်လာတဲ့သူတွေလည်း ရှိတာပဲ။ ဒါက လူ့သဘာဝလေ

ကိုခင်မောင်စိုး။ အဲဒီတော့ အားလုံးရှုန်းကန်ရမှာပဲ။ ဒါပေမဲ့ အစ်မ ကတော့ အယုံအကြည်ရှိတယ်။ အစ်မတို့ ပြည်သူတွေက ရှင်းပြလို့ ရှိရင် သဘော ပေါက်တယ်။ နောက်အခြေခံအားဖြင့် သဘောထား ပုပ်တာ မဟုတ်ပါဘူး။

**ဦးခင်မောင်စိုး** ။ ။ လူတွေစိတ်ထဲမှာ ဒီလိုမှန်တာဆို ပြော ရဲတဲ့ စိတ်ဓာတ်၊ လုပ်သင့်လုပ်ထိုက်တာကို မမေ့တဲ့စိတ်ဓာတ်။ ကိုယ်ကျိုးစီးပွားတော့ လူတိုင်းလုပ်မှာပေ့ါ အစ်မရယ်…။ အဲဒီလို ဂုဏ်သိက္ခာ ရှိရှိလေးနဲ့ တတ်နိုင်သမျှ တိုင်းပြည်အတွက် ဒီစိတ် ဓာတ်လေးတွေ ပေါ်လာအောင်က ဒီလူကြီးတွေ၊ လူကြီးတွေဆိုတာ က အစ်မတို့ လွှတ်တော် ပါမယ်၊ အစိုးရ ပါမယ်၊ စာရေးဆရာ စသဖြင့်ပေါ့နော် နိုင်ငံရေးသမားတွေ၊ အတွေးအခေါ်ပညာရှင်တွေ အကုန်လုံးက လူငယ်တွေကို ဒါမှမဟုတ် မျိုးဆက်သစ်တွေကို အမြဲ တမ်းလိုလို သတိပေး နှိုးဆော်တာတွေ လုပ်ဖို့ရော ဘယ်လိုပုံစံမျိုး တွေ အစီအစဉ်တွေချရင် ကောင်းမလဲ ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ ဒါ သူ့နည်းသူ့ဟန်နဲ့ သူပေါ့။ ဥပမာဆိုရင် စာရေးဆရာတွေဆိုရင်လည်း စာရေးခြင်းဖြင့် လုပ်ရမှာ ပေါ့။ ကျောင်းဆရာတွေ၊ ဆရာမတွေဆိုရင်လည်း ကျောင်းမှာ ကိုယ့်ရဲ့ တပည့်တွေ၊ ကျောင်းသူကျောင်းသားတွေကို သင်ပေးရမှာ

ပေါ့။ နိုင်ငံရေးသမားဆိုရင်လည်း နိုင်ငံရေးသမား ပုံစံနဲ့။ ကိုယ့်ပုံစံနဲ့ ကိုယ်လုပ် သွားရမှာပဲ။ အဲဒီတော့ ပတ်ဝန်းကျင်ရဲ့ တန်ဖိုးထားမှုတွေ၊ စံနှုန်းထားတွေ။ အဲဒါတွေကိုတော့ ပြုပြင်ပြောင်းလဲသွားဖို့ဆိုတာ နောက်ဆုံးကျတော့ အစိုးရလုပ်တဲ့သူတွေက ဦးဆောင်ပြီး လုပ်ကြရမှာပဲ။ ပညာရေးစနစ်ကလည်း ဒီအထဲမှာ ပါရမှာပါပဲ။

♦

၁၇၊ ဇွန်၊ ၂၀၁၅။

**ဦးခင်မောင်စိုး** ။ ။ ဘယ်နေရာပဲရောက်ရောက် တွေ့ရတာကတော့ ဘီယာဆိုင်တွေပဲခင်ဗျ။ တခြားကမ္ဘာ့နိုင်ငံတွေလည်း အနည်းငယ်ပေ့ါလေ ကျွန်တော် ရောက်ဖူးပါတယ်။ ဒါပေမဲ့ မြန်မာပြည်လောက် ဘီယာဆိုင်ပေါတာ ဘယ်မှာမှ မတွေ့ဖူးခင်ဗျ။ ဘီယာကြော်ငြာဆိုင်းဘုတ်တွေကလည်း မြန်မာပြည်မှာ ပြည့်နေတာပဲ။ အဲဒါ အစ်မ ဘယ်လိုများ မြင်သလဲ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အဲဒါကတော့ နံပါတ်တစ်က စီးပွားရေးအရပေ့ါနော်။ ဘီယာကို ရောင်းတဲ့သူတွေ၊ ရောင်းခွင့်ရတဲ့သူတွေကတော့ စီးပွားရေးအရ လုပ်တာပေ့ါနော်။ နံပါတ်နှစ်ကတော့ အစ်မတို့ ပြည်သူလူထုတွေဟာ ထွက်ပေါက်အနေနဲ့ အရက်သောက်နေသလားလို့တောင် စဉ်းစားရမလို ဖြစ်နေပြီ။ အဲဒီတော့ ဒါဟာ ကျန်းမာရေးပညာပေး၊ စိတ်ဓာတ်ရေးရာအရ ပညာပေးတွေနဲ့လည်း အများကြီးဆိုင်မယ်လို့ ထင်ပါတယ်။ အထူးသဖြင့် လူငယ်

တွေ။ လူငယ်တွေ အရက်သောက်တဲ့ကိစ္စက ပိုပိုပြီးတော့ များလာပါတယ်။ မကြာခင်ကဘဲ တချို့တိုင်းရင်းသားတွေနဲ့ ဆွေးနွေးတဲ့အခါမှာ အစ်မက မူးယစ်ဆေးဝါးကိစ္စတွေ ဆွေးနွေးတာပါ။ လူငယ်တွေ မူးယစ်ဆေးဝါးသုံးစွဲတာဟာ ဘယ်လောက်အန္တရာယ်ရှိတယ် ဘာတယ်ဆိုတော့… တချို့က ဘယ်လို ပြောသလဲဆိုတော့။ သိတယ်တဲ့၊ မူးယစ်ဆေးဝါးက ဘယ်လောက်အန္တရာယ်ရှိတယ် ဆိုတာကို။ ဒါပေမဲ့ အရက် အရမ်းသောက်နေတဲ့ဟာကိုလည်း မေ့လို့မဖြစ်ဘူးပေါ့နော်။ ဒါတော်တော်ကို အလွန်အကျွံ အရက်သောက်နေကြတယ်ဆိုပြီးတော့ အဲဒီ စကားသံတွေလည်း ကြားခဲ့ပါတယ်။ ကိုခင်မောင်စိုးပြောတာနဲ့ တစ်ထပ်တည်းပါပဲ။ ဒါဟာ အစိုးရအနေနဲ့ ကျန်းမာရေးရှုထောင့်ကပဲ ဖြစ်ဖြစ်၊ ကိုယ့်ပြည်သူတွေရဲ့ အရည်အချင်းရှုထောင့်ကပဲဖြစ်ဖြစ် တော်တော် လေးလေးနက်နက် ထားပြီးတော့ ကိုင်တွယ်ရမယ့်ကိစ္စ တစ်ခုဖြစ်ပါတယ်။

**ဦးခင်မောင်စိုး** ။ ။ အစ်မရေ… ကွမ်းယာစားတဲ့ ဓလေ့ကလည်း မြန်မာပြည်မှာ အရင်ကထက် သိသိသာသာထွန်းကားနေတယ် ခင်ဗျ။ လမ်းတွေပေါ်မှာဆို ကွမ်းတံတွေးတွေကို နေရာတကာမြင်ရတယ်။ အဲဒီတော့ အစ်မ စောစောကပြောသလို အရက်သောက်တာလိုပဲ စိတ်သောကတွေ၊ ဘဝအမောတွေကို ကွမ်းယာစားပြီး

ထွက်ပေါက် ရှာနေကြသလားလို့တောင် ကျွန်တော် တွေးမိတယ်။ အစ်မ သိတဲ့အတိုင်းပဲ၊ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ ကွမ်းယာ မစားပါဘူး ခင်ဗျ။ အဲဒီတော့ ကွမ်းယာစားလို့ လူမှုရေး၊ ကျန်းမာရေး ဘယ်လို ထိခိုက်နိုင်သလဲဆိုတာကို အစိုးရကတော့ တာဝန်တော့ တစ်မျိုးပေါ့နော်။ အစ်မတို့ နိုင်ငံရေးသမားတွေကရော နှိုးဆော်သတိပေးဖို့ မသင့်ဘူးလား ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အစ်မကတော့ အမြဲကို ခဏခဏ သတိပေးတာပဲ။ အဖွဲ့ချုပ်ထဲက လူတွေ ကွမ်းစားနေတာတွေ့ရင်လည်း သတိပေးတာပဲ။ ဒီလိုပဲ ပြည်သူထဲက လူတွေ တွေ့ရင်လည်း အမြဲသတိပေးတာပဲ။ တစ်ခါတလေ တချို့မိန့်ခွန်းတွေမှာလည်း ထည့်ပြောဖူးပါတယ်။ နောက် ကွမ်းယာနဲ့ ပတ်သက်လို့ စိုးရိမ်စရာတွေထဲမှာ တစ်ခုက ဘာလဲဆိုတော့ ကွမ်းထဲမှာ ထည့်တဲ့ ဆေးတွေက စွဲသွားနိုင်တယ်လို့ အဲဒီလို ကြားတယ်။ အစ်မလည်း ကိုယ်တိုင်က မစားတော့ မသိဘူးပေါ့နော်။ အဲဒါကြောင့်မို့လို့ ကွမ်းယာ စားတာတွေ သိပ်များလာတယ်လို့ တချို့က ထင်ကြေးပေးကြတယ်။ အဲဒီလိုဆိုရင် ပိုတောင်စိုးရိမ်စရာ ဖြစ်သေးတယ်။ မူးယစ်ဆေးဝါး မဟုတ်ရင်တောင်မှပေါ့နော် ဒါ ဆေးတစ်မျိုးလို ဖြစ်သွားတယ်ပေါ့၊ စွဲသွားတဲ့ ပြဿနာကြီးက ဖြစ်လာနိုင်တာပေါ့။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်ကဲ့ခင်ဗျ.. ကွမ်းယာစားတယ် ဆိုရင် နောက်ဆုံး လူမှုရေးအရကြည့်မယ်ဆိုရင် သွားတွေက မကြာမီ ကျိုးပျက်မယ်...။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ ဟုတ်တယ်။ အဲဒါ အစ်မ အမြဲပြောပါတယ်။ သွားတွေလည်း ပျက်စီးမယ်။ ကျန်းမာရေး လည်း မကောင်းဘူး။ တချို့ကဆိုရင် ပါးစပ်ကင်ဆာတွေ ဘာတွေ ဖြစ်မယ်။ နောက်ပြီးတော့ ပိုက်ဆံလည်း ကုန်တယ်။ ပတ်ဝန်းကျင် လည်း ညစ်ညမ်းမယ်၊ မစားပါနဲ့လို့တော့ အစ်မကတော့ အမြဲတိုက် တွန်းတာပေါ့။ ဒါပေမဲ့ တစ်ဖက်မှာလည်း အမြဲပဲ ခေါင်းထဲမှာ ဘာ ရှိသလဲဆိုတော့ ကွမ်းယာရောင်းပြီးတော့ အသက်ရှင်သန်နေရတဲ့ ပြည်သူလူထုအတွက် အစားထိုးလုပ်ငန်းတွေ ဘာတွေလည်း ရှိပေး ရမယ်။ အဓိက,က ဘီယာဆိုင်တွေ လိုပေ့ါ။ ဘီယာဆိုင်တွေ ပိတ် ပိတ် ပိတ်၊ အရက်ဆိုင်တွေ ပိတ် ပိတ် ပိတ် ဆိုတာ အဲဒီလို လုပ် တာဆိုတာလည်း တချို့ကတော့ ပြောမှာပေ့ါ။ အရက်ရောင်းပြီး တော့ အသက်မွေးဝမ်းကျောင်းပြုတဲ့သူတွေကို သနားရမှာလားဆို တာ အဲဒါလည်း စဉ်းစားရမှာပဲ။ ပြည်သူလူထု အားလုံးအတွက် စဉ်းစားရမှာပဲ။ ဆိုတော့ ကွမ်းယာရောင်းပြီးတော့ အသက်မွေးဝမ်း ကျောင်းရှာနေရတဲ့သူတွေ၊ ဘီယာဆိုင်မှာ အလုပ်လုပ်ပြီးတော့

အသက်မွေးဝမ်းကျောင်း ရှာနေရတဲ့သူတွေအတွက် အစားထိုးအလုပ်တွေလည်း စဉ်းစားရမယ်။ တစ်ဖက်ကလည်း ပြည်သူလူထုတွေ မသောက်အောင်၊ မသုံးစွဲအောင် ပညာပေးတွေအရ၊ စိတ်ဓာတ်ရေးရာအရ အဲဒါလည်း ကြိုးစားရမယ်။

♦

၁၃၊ ဩဂုတ်၊ ၂၀၁၅။

**ဦးခင်မောင်စိုး** ။ ။ ကိုယ့်ကိုယ်ကိုယ် ငါက သိတယ်၊ တတ်တယ် ထင်နေတာမျိုးတွေကို အစ်မ။ ဘယ်လိုမြင်သလဲ ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အဲဒါကတော့ အဖွဲ့အစည်းတိုင်းမှာ ရှိပါတယ်။ ဒီကိစ္စကိုလည်း အစ်မက ပြည်သူနဲ့တွေ့တဲ့၊ စကားပြောပွဲတွေမှာ ဆိုရင်လည်း သုံးလေးခါလောက် ပြောပြဖြစ်တယ်။ ဒါတွေကလည်း အရင်ပြောပြီးသား စကားပါ။ ဒါပေမဲ့လည်း ထပ်တလဲလဲ ပြောနေရတဲ့ စကားဖြစ်တယ်။

အဲဒါကတော့ လူတစ်ယောက်ကို တော်တယ်၊ညံ့တယ် ထင်တယ် ဆိုပြီးတော့ မသတ်မှတ်ဘူးပေါ့နော်။ သင်လို့ရတဲ့ပုဂ္ဂိုလ်လား၊ သင်လို့မရတဲ့ ပုဂ္ဂိုလ်လားဆိုပြီးတော့ သတ်မှတ်တယ်လို့ အစ်မပြောပါတယ်။ အဲဒီတော့ တစ်နေရာ ရောက်တဲ့အခါကျတော့ ဘေးနားမှာရှိတဲ့ ပြည်သူပေါ့နော်၊ ကလေးတွေကလည်း ရှိတယ်။ မေးကြည့်

တယ်။ သင်လို့မရတဲ့ပုဂ္ဂိုလ်တွေက ဘာကြောင့်သင်လို့ မရဘူးလို့ ထင်လဲလို့ဆိုတော့ သူတို့က ဘယ်လိုပြန်ပြောသလဲဆိုတော့ ပညာ အဆင့်နိမ့်လို့တဲ့။ ဒါနဲ့ အစ်မက ပြန်ပြောတယ်။ အစ်မကတော့ ဒီလို မယုံဘူးလို့။ သင်လို့မရတဲ့ပုဂ္ဂိုလ်တွေက သူတို့ကိုယ်သူတို့ အားလုံးတတ်ပြီး သိပ်ကို တတ်လှပြီလို့ ထင်နေတဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီလိုလူတွေက သင်လို့မရတာလို့။ အဲဒီပြဿနာပဲလေ ကိုခင်မောင် စိုး ရေ။

◆

၁၀၊ အောက်တိုဘာ၊ ၂၀၁၅

**ဦးခင်မောင်စိုး** ။ ။ လူငယ်တွေဟာ သူတို့တတ်နိုင်သမျှ မြန်မာနိုင်ငံ နိုင်ငံရေးအပေါ် သူတို့မြင်တဲ့အမြင်တွေကို ဖော်ပြတယ်။ ဒီလှုပ်ရှားမှုတွေကတော့ နောက်ပိုင်းမှာ တော်တော် ခပ်စိပ်စိပ် မြင်ရတယ်။ ဒီနေ့ လူငယ်တွေရဲ့ ဒီလှုပ်ရှားမှုတွေကို သူတို့ရဲ့ စိတ်နေစိတ်ထား ခံယူချက်ကလေးတွေကို အစ်မ ဘယ်လိုမြင်သလဲ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ ဒါကလည်း ဒီနိုင်ငံမှာ လက်ရှိဖြစ်နေတဲ့ကိစ္စတွေကို စိတ်ဝင်စားမှုပြတာပေါ့။ အစ်မ အမြဲပဲ ပြောတယ်လေ။ နိုင်ငံရဲ့လူငယ်တွေဟာ အခုလက်ရှိ ကိုယ့်တိုင်းပြည်မှာ ဖြစ်နေတဲ့ကိစ္စတွေမှာ တကယ်ပဲ စိတ်ပါဝင်စားတယ်ဆိုလို့ရှိရင် ဒါ နိုင်ငံရဲ့ အနာဂတ်အတွက် ကောင်းတာပေါ့။ ဒီလိုလူငယ်တွေက စိတ်ပါဝင်စားတယ်ဆိုတာ နောင် သူတို့ လူကြီးတွေဖြစ်လာတဲ့အခါ တိုင်းပြည်အကျိုး ထမ်းဆောင်ချင်တဲ့စိတ်တွေ ပိုပြီးတော့ မြင့်တက်လာမယ်လို့ ဒီလိုမျှော်လင့်နိုင်တာပေါ့။

**ဦးခင်မောင်စိုး** ။ ။ လူတော်လူကောင်းတစ်ယောက်လို့ အများက ထင်ထားတဲ့ လူတစ်ယောက်ဟာ ကာလတစ်ခုကျတော့ အမှန်တရားတွေ၊ မျှတမှုတွေကနေ ကင်းဝေးသွားတတ်တယ် ခင်ဗျ။ အဲဒါ ဘာကြောင့်လဲ အစ်မ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ ဒါလည်း အနိစ္စတရားကြောင့်ပေါ့။ လောဘ၊ ဒေါသ၊ မောဟဆိုတာ တက်လိုက်ကျလိုက်ပေါ့။ ဒါပေမဲ့ အစ်မက ဘယ်လိုယူဆသလဲဆိုတော့ လူတစ်ယောက်ဟာ ဘယ်လောက်ပဲ ဆိုးဆိုးပေ့ါနော်၊ ကိုယ့်ကိုယ်ကိုယ် ပြင်ပိုင်ခွင့် အမြဲရှိနေတာပဲ။ ကိုယ်ပြုပြင်ချင်ရင် ပြုပြင်လို့ရတာပဲ။ နောက်သူ့နေတဲ့ အသိုင်းအဝိုင်းကလည်း ပြုပြင်ပိုင်ခွင့်တော့ ပေးသင့်တယ်လို့ ဒီလိုပဲ ယုံကြည်တယ်။

လူတစ်ယောက်ဟာ ဒီလူက ဘယ်တော့မှ ဘယ်တော့မှ မကောင်းတော့ပါဘူး ဆိုပြီးတော့ အဲဒီလိုပြောပိုင်ခွင့် တခြားလူတွေမှာ မရှိဘူးလို့ ထင်ပါတယ်။ ဘယ်လိုလုပ်သိမှာလဲ လူတစ်ယောက်က ကောင်းနိုင်သလား၊ ဆိုးနိုင်သလား ဆိုတာ။ ဥပမာ ပြောရမယ်ဆိုလို့ရှိရင် ရှင်အင်္ဂုလိမာလကို ကြည့်လိုက်လို့ရှိရင် မြင်ရတာပဲ။ တစ် ချိန်တစ်ခါတုန်းက ဘယ်သူက ထင်မလဲ။ ဒီလိုရဟန္တာကြီးလို ပုဂ္ဂိုလ်ကြီးဖြစ်လာမယ်လို့။ ဒါပေမဲ့လည်း ဖြစ်နိုင်တာပဲ။ လူတစ်ယောက်ဟာ ဘယ်တော့မှ ပြင်လို့မရပါဘူးလို့ တခြားသူတွေအမြင်

နဲ့ သတ်မှတ်လို့ကတော့ အမြဲမှန်တယ်လို့ ပြောလို့မရပါဘူး။ လူတိုင်းဟာ ဘယ်လောက်ပဲဆိုးဆိုး ပြုပြင်လို့ရပါတယ်လို့။ ပြုပြင်ပိုင်ခွင့် အတိုင်းအတာ တစ်ခုထိတော့ ပေးရမှာပေါ့။

♦

၂၄၊ စက်တင်ဘာ၊ ၂၀၁၅။

**ဦးခင်မောင်စိုး** ။ ။ အစ်မရေ… ဒီမှာ မှတ်မှတ်ရရ တစ်ခု ပြောရအုံးမယ်။ အစ်မ ခရီးစဉ်မှာ သတင်းထောက်တွေလည်း တော်တော် အပင်ပန်းခံကြတာပဲ ခင်ဗျ။ ဝမ်းသာစရာကောင်းတာက ကျွန်တော်တို့မြန်မာ သတင်းထောက်တွေထဲမှာ လူငယ်တွေလည်း များတာတော့ ကောင်းတာပေ့ါနော်။ နောက်တစ်ခါ နိုင်ငံတကာ အဆင့်မီတဲ့ ကင်မရာတွေ၊ အသံဖမ်းစက်တွေ၊ ကွန်ပျူတာဆက်သွယ်ရေးစနစ်တွေကို သူတို့ တော်တော် ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုကြတယ်ခင်ဗျ။ ဒီထက်ပိုပြီး ချီးကျူးစရာကောင်းတာက ဒီသတင်းထောက်တွေ အထူးသဖြင့် လူငယ်တွေပေ့ါနော်၊ ဒီလျှပ်စစ်မီးတို့၊ အင်တာနက်အခက်အခဲတွေ တော်တော်များများရှိတဲ့ မြန်မာပြည်မှာ အဲဒါကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကျော်လွှားဖြေရှင်းပြီးတော့ သတင်းတွေ၊ အရုပ်တွေ၊ အသံတွေ ရအောင်ပို့နေကြတယ်။ အဲဒါ ကျွန်တော့် ကိုယ်တွေ့ပဲပေ့ါနော်။ ကော့မှူးမှာ ညအိပ်တော့၊

အဲဒီတော့ ဒီလို အရည်အချင်းမျိုးက ဖွံ့ဖြိုးပြီးနိုင်ငံက သတင်းထောက်တွေမှာ မရှိဘူးခင်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ဒီလိုလျှပ်စစ်မီးနဲ့ အင်တာနက် အခက်အခဲ မရှိဘူးလေ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ သူတို့ကတော့ အားလုံးချူးပြီး ခပ်ပြီးကိုး။

**ဦးခင်မောင်စိုး** ။ ။ ဟုတ်တယ်။ ကျွန်တော်တို့ မြန်မာလူငယ် သတင်းထောက်တွေကတော့ ဒီအခက်အခဲတွေ ကြားကနေ သူတို့ ရအောင်ပို့တယ်။ အဲဒီတော့ မြန်မာနိုင်ငံသားတွေရဲ့ ကြံရည်ဖန်ရည် အရည်အချင်းနဲ့ ပတ်သက်ပြီး အစ်မ ဝေဖန်ချက်တစ်ခုခု များ ပေးနိုင်မလား ခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည်** ။ ။ အဲဒါတွေကျတော့ အစ်မတို့လည်း သိပ်ပြီးတော့ အားတက်တယ်လေ။ ဒါပေမဲ့ အစကတည်းကလည်း ဥပမာဆိုလို့ရှိရင် မြန်မာဆရာဝန်တွေက တော်တယ်ပေါ့နော်။ ဘာဖြစ်လို့လဲဆို မြန်မာဆေးကျောင်းမှာဆိုလို့ရှိရင် ပစ္စည်းတွေက သိပ်ပြီးတော့ မပြည့်စုံတော့ ရှိတဲ့ပစ္စည်းနဲ့ဖြစ်အောင် လုပ်တတ်ရတယ်။ ခက်ခက်ခဲခဲနဲ့ဖြစ်အောင် လုပ်တတ်ရတယ်ပေါ့။ မြန်မာစက်ပြင်ဆိုင်တွေက ဆရာကြီးတွေကလည်း သိပ်တော်တယ်ဆိုတာ ဒီလိုအကြောင်းကြောင့်ပဲ။ ရှိတဲ့ ပစ္စည်းနဲ့ဖြစ်အောင် လုပ်ရတယ်။ အဲဒီ

တော့ အစ်မတို့ ပြည်သူတွေက အစွမ်းအစရှိတယ်ဆိုတာ သိပ်ရှင်းတယ်။ အခွင့်အရေးပေးဖို့ပဲ လိုတာပါ။ ကိုခင်မောင်စိုးလည်း သတိပြုမိမှာပေ့ါ။ အစ်မ ပြောတယ်လေ။ အစ်မတို့ ပြည်သူတွေကို လက်ဖြန့် တောင်းရတဲ့ ပြည်သူတွေ မဖြစ်ချင်ဘူး။ အခွင့်အရေးသာ ပေးလိုက်၊ လုပ်ပိုင်ခွင့် ပေးလိုက်၊ နောက် လိုအပ်တဲ့ပံ့ပိုးမှုတွေသာ ပေးလိုက်။ အစ်မတို့ ပြည်သူတွေက ကိုယ့်ဝမ်းကိုယ် ဖူလုံဖို့ ကောင်းကောင်း လုပ်စားနိုင်တဲ့ အရည်အချင်း ရှိပါတယ်။

♦

ကိုးကား

- Freedom from fair
- ဒေါ်အောင်ဆန်းစုကြည်၏ လက်ရွေးစင်မိန့်ခွန်းများ၊ သန်းဝင်းလှိုင်။
- ဒီမိုကရေစီခရီးကြမ်းနှင့် ဒေါ်အောင်ဆန်းစုကြည်၊ RFA-ဦးခင်မောင်စိုး။
- မော်နီတာဂျာနယ်၊ ဒေါ်အောင်ဆန်းစုကြည်မိန့်ခွန်းပေါင်းချုပ်။


ဒီမိုကရေစီစနစ်အောက်မှာဆိုရင်
ပြည်သူလူထုဟာ
မိမိတို့စည်းကို မိမိတို့ထိန်းရမယ်။
စည်းကမ်းရှိဖို့လိုမယ်။
တခြားသူက လာပြီးတော့
စည်းတွေထိန်းရမှာမဟုတ်ဘူး။
ကိုယ့်ကိုယ်ကိုထိန်းရမယ်။
ဒီလိုကိုယ့်ကိုယ်ကိုထိန်းနိုင်တဲ့သူမျိုးသာ
တကယ်လွတ်လပ်တဲ့လူမျိုးလို့ ခေါ်နိုင်တယ်။
နေရာလိုချင်တယ်ဆိုတာ
ကိုယ့်တစ်ယောက်တည်းအတွက်ပါ။
နေရာပေးချင်တယ်ဆိုတာ
အများအကျိုးအတွက်ပါ။



# လူငယ်တို့အတွက် ဘဝခွန်အား ပြောစကားများ

## ဒေါ်အောင်ဆန်းစုကြည်

ဖိုးစိုင်း(ဂျာနယ်လစ်)
စုစည်းတင်ပြသည်



# ဒေါ်အောင်ဆန်းစုကြည်


(သို့မဟုတ်)

# သံမဏိကြိုးမျှင်

မောင်သွေးချွန်







## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမို ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

နမော တော ဗုဒ္ဓ ဝိရဏ္ဍု

မန္တြီမစာစဉ်(၃၂)

# ဒေါ်အောင်ဆန်းစုကြည်

( သို့ မ ဟု တ် )

# သံမဏိကြိုးမျှင်

မောင်သွေးချွန်

ဒေါ်အောင်ဆန်းစုကြည် (သို့မဟုတ်) သံမဏိကြိုးမျှင်

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ❖ | ၃၁၀၀၀၃၀၁၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ❖ | ၃၁၀၀၀၂၀၁၁၂ |
| ပုံနှိပ်ခြင်း | ❖ | ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀) |
| ထုတ်ဝေသည့်ကာလ | ❖ | ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ |
| ထုတ်ဝေသူ | ❖ | ဒေါ်ခင်မာချို<br>ပန်းဝေဝေစာပေ<br>အမှတ်(၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊<br>ကျောက်တံတားမြို့နယ်။ |
| အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် | ❖ | ဦးမျိုးမြင့်ကျော်<br>မြတ်ထက်ဟိန်းပုံနှိပ်တိုက်<br>အမှတ်(၅)၊ ဈေးလမ်း၊<br>တပ်မြေ (၆)ရပ်ကွက်၊ ပုဇွန်တောင်။ |
| အတွင်းဖလင် | ❖ | ကိုဦး (၀၉ ၅၀၇၀၆၆၃) |
| အတွင်းအပြင်အဆင် | ❖ | အိအိဖြိုး၊ ထက်ထက်အောင် |
| တန်ဖိုး | ❖ | ၅၀၀ ကျပ် |

မောင်သွေးချွန် CIP 808.84

ဒေါ်အောင်ဆန်းစုကြည် (သို့မဟုတ်) သံမဏိကြိုးမျှင်

ပန်းဝေဝေစာပေ၊ ၂၀၁၂။

စာ - ၄၈၊ ၁၀.၅ x ၇.၃ စင်တီ။

# ကျေးဇူးတင်လွှာ

ဒေါ်အောင်ဆန်းစုကြည်စာစုကို ပုံနှိပ်ဖော်ပြခဲ့တဲ့ နံနက်ခင်းဂျာနယ်နဲ့ မန္တလေးအလင်းဂျာနယ်မှ အယ်ဒီတာများ၊ ဒီစာစုကိုပုံနှိပ်ထုတ်ဝေဖို့ ခွင့်ပြုတဲ့ သက်ဆိုင်ရာမှ ပုဂ္ဂိုလ်များ၊ မှတ်တမ်းတစ်ခုအနေနဲ့ ကျန်ရစ်အောင် စာအုပ်ငယ်လေး တစ်အုပ်အဖြစ် စီစဉ်ထုတ်ဝေခဲ့ကြတဲ့ မဇ္ဈိမစာပေပိုင်းတော်သားများ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

လေးစားစွာဖြင့်
မောင်သွေးချွန်

# မာတိကာ

○ နိဒါန်း (အမတ မာလာ) ........................................ ၇

○ သမိုင်းခေတ်တွေကို သယ်ဆောင်လာတဲ့
ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူးများ ........................... ၉
နံနက်ခင်းဂျာနယ် (၂-၁၁-၁၁)

○ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ခြင်း
တစ်နှစ်ပြည့်အမှတ်တရ ........................................ ၁၈
နံနက်ခင်းဂျာနယ် (၉-၁၁-၁၁)

○ ဒေါ်အောင်ဆန်းစုကြည် သို့မဟုတ်
သံမဏိကြိုးမျှင် ........................................ ၂၆
နံနက်ခင်းဂျာနယ် (၂၃-၁၁-၁၁)

○ ဗိုလ်ချုပ်အောင်ဆန်း နှလုံးသွင်းအားထားခဲ့တဲ့ကဗျာ
ဒေါ်အောင်ဆန်းစုကြည် လက်ဆင့်ကမ်းခဲ့တဲ့ကဗျာ ...................... ၃၃
နံနက်ခင်းဂျာနယ် (၇-၁၂-၁၁)

○ ဒေါ်အောင်ဆန်းစုကြည် နှင့်
နောက်ကြောင်းပြန်မလှည့်တဲ့လမ်း ................................ ၄၁
မန္တလေးအလင်းဂျာနယ် (၉-၁၂-၁၁)

# နိဒါန်း

## အမတ မာလာ

ခေတ်ပြိုင် သမိုင်းကို ဖြတ်သန်းနေတဲ့ နိုင်ငံသားတစ်ယောက် အနေနဲ့ ဒီစာအုပ်ကို ရေးဖြစ်ခဲ့ပါတယ်။ ခေတ်ပြိုင်သမိုင်းရဲ့အမှတ်သင်္ကေတ ဟာ ဒေါ်အောင်ဆန်းစုကြည်ပါပဲ။ အစ်မ ဒေါ် အောင်ဆန်းစုကြည်ကို ၁၉၈၉ – ၉၀ လောက်က ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်မြို့ကလေး မှာ စတင်မြင်တွေ့ခဲ့ဖူးပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီမိုကရေစီ စည်းရုံးရေး ခရီးစဉ်မှာ မြင်တွေ့လိုက်ရတာပါ။

ရွှေညောင်မြို့အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ရုံးရှေ့လမ်းပေါ်မှာ၊ ဘာပကာသနမှ မပါတဲ့ အခမ်းအနားလေးမှာ ဒေါ်အောင်ဆန်းစုကြည် ဝကားပြောကာနီး သပြေပန်းတစ်စည်း ကမ်းဆက်ခွင့်ရခဲ့ပါတယ်။ သပြေဆိုတာ အောင်နိမိတ်ပါ။ အမတ မာလာ မသေတဲ့ပန်းပါ။

လွန်ခဲ့သော အနှစ် ၂၀ ကျော်ကပင် ဒေါ်အောင်ဆန်းစုကြည်ကို ကိုယ်တိုင်ကမ်းဆက်ခွင့်ရခဲ့တဲ့ သပြေပန်းကလေးဟာ ဘယ်တော့မှ မညှိုးနွမ်း၊ လန်းဆန်းနေတယ် ဆိုတဲ့ယုံကြည်မှုဖြင့် …။

မောင်သွေးချွန်

၅ – ၁၂ – ၂၀၁၁

# သမိုင်းခေတ်တွေကို သယ်ဆောင်လာတဲ့ ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူးများ


| | | |
|---|---|---|
| စာအုပ် | ⇨ | ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခြင်း |
| ရေးသူ | ⇨ | ကိုကို (စက်မှုတက္ကသိုလ်) |
| စာမူခွင့်ပြုချက် | ⇨ | ၃၁၀၂၂၉၁၀၁၁ |
| ထုတ်ဝေကာလ | ⇨ | ၂၀၁၀၊ အောက်တိုဘာလ |
| တန်ဖိုး | ⇨ | ၈၀၀ ကျပ် |
| ဖြန့်ချိ | ⇨ | e-Empire Media House |


နိုင်ငံတော် အစိုးရသစ်ရဲ့ မူဝါဒသစ် အခင်းအကျင်းမှာ လူထု ခေါင်းဆောင် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အခန်း

ကဏ္ဍဟာ ပိုပြီးတော့ လင်းလင်းရှင်းရှင်း ပေါ်ထွက်လာပါတယ်။ လငပုပ် အဖမ်းခံထားရာက လွတ်မြောက်လာတဲ့ လမင်းကြီးလို ဝင်းဝင်းပပ ရွှန်းရွှန်းမြမြ ရှိလှပါတယ်။ လမင်းကြီးရဲ့ အေးမြတဲ့အရသာကို ခံစားရင်းက ဘယ်အချိန် … တိမ်ညို တိမ်မည်း တိမ်ပုပ်တွေ ဖုံးလွှမ်းသွားဦးမှာလဲလို့လည်း စိုးရိမ်ခဲ့ကြပါတယ်။ တကယ်တော့ ဒေါ်အောင်ဆန်းစုကြည် ဆိုတာ ပြည်သူ့ဘဝ မိုးကောင်းကင်မှာ အမြဲသာနေမယ့် ဒီမိုကရေစီ လမင်းကြီးပါ။

ဟိုတုန်းက လမိုက်ညတွေမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသံကို ဘီဘီစီ၊ ဗွီအိုအေ စတဲ့ ပြည်ပ အသံလွှင့်ဌာနတွေကတစ်ဆင့်သာ စောင့်မျှော် နားထောင်ခဲ့ရပါတယ်။ အခုလို လရောင်ဦး ကွန့်မြူးစပြုချိန်မှာတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသံကို ပြည်တွင်းထုတ် သတင်းဂျာနယ်များမှာ ပီပီသသ ကြားလာရပြီ ဖြစ်ပါတယ်။ သတင်းဂျာနယ် အတော်များများမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခြင်းများ (အင်တာဗျူး) များကို တခမ်းတနား ဖော်ပြခဲ့ပါတယ်။

ကျွန်တော် အရင်ဆုံး ဖတ်ခဲ့ရတာက ၂၀၁၁ စက်တင်ဘာလ ၁၆ ရက်ထုတ် လျှပ်တပြက် ဂျာနယ်မှာ ဆရာမြတ်နိုင် တင်ဆက်ခဲ့တဲ့ "ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခြင်း" ဖြစ်ပါတယ်။ ဆရာမြတ်နိုင် ဆိုတာလည်း နိုင်ငံရေး ဖြတ်သန်းမှုရှိတဲ့ ဝါရင့်စာနယ်ဇင်းဆရာတစ်ဦး ဖြစ်ပါတယ်။ ဒါကြောင့် သူ့မေးခွန်းတွေဟာ ထိထိရှရှ ရှိခဲ့သလို ဒေါ်အောင်ဆန်းစုကြည်ရဲ့ အဖြေတွေကလည်း ပွင့်ပွင့်လင်းလင်း ရှိခဲ့ပါတယ်။ [ဆရာကိုကို (စက်မှုတက္ကသိုလ်) ရဲ့ တွေ့ဆုံခြင်းကို ဆက်သွားဖို့ အတွက် ဆရာမြတ်နိုင်ရဲ့ ဗျူးကို အခြေပျိုးလိုက်ရခြင်း ဖြစ်ပါတယ်။]

ဆရာမြတ်ခိုင်က ဒီလို မေးပါတယ်။

"အဲဒီတော့ အရင်အစိုးရ လက်ထက်က ဦးအောင်ကြည်နဲ့ တွေ့ခဲ့တာ အဆင်မပြေဘူး။ အခု လက်ထက်မှာ ဦးအောင်ကြည်နဲ့ နှစ်ကြိမ် တွေ့ပြီးတော့ သမ္မတကြီးနဲ့ တွေ့တဲ့အဆင့် ရောက်ရှိလာတဲ့အတွက် အပြောင်းအလဲ အရမ်းမြန်တာပဲ" ဒေါ်အောင်ဆန်းစုကြည်က ဒီလို ဖြေခဲ့ပါတယ်။

အပြောင်းအလဲ မြန်တယ်လို့ ဆိုရအောင်လည်း ဒီကိုရောက်ဖို့အတွက် အနှစ် ၂၀ ကျော် ကြာခဲ့တယ် လို့ ပြောရင်လည်း ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကံ ကံ၏အကျိုးဆိုသလို ဘာပဲလုပ်လုပ် အကျိုးဆက်ကတော့ ရှိတာပဲ။ အဲဒီတော့ အရင်တုန်းက လုပ်ခဲ့တဲ့ဟာတွေကလည်း အဟောသိကံ ဖြစ်သွားတယ်လို့ ပြောလို့မရပါဘူး။ အဲဒီတော့ အရင်တုန်းက လုပ်ခဲ့တာတွေပေါ်မှာ အခြေခံပြီးတော့ အခု လုပ်တဲ့အခါမှာ မြန်သလို ဖြစ်သွားတာပေါ့"

ဒီနေ့ ခေတ်ပြိုင်နိုင်ငံရေး ဆိုတာ ယမန်နေ့က အဆက်၊ အတိတ်သမိုင်းရဲ့ ကွင်းဆက် ဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်း သဘောပေါက်ထားဖို့ လိုပါတယ်။ ဒီနေ့ ခေတ်ပြိုင်သမိုင်းရဲ့ မနေ့ကအထိ အတိတ်သမိုင်းများ ဆက်စပ်နေပုံဟာ သိပ်အရေးကြီးပါတယ်။ ဆရာကိုကို (စက်မှုတက္ကသိုလ်) ကလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခြင်းစာအုပ် နိဒါန်းစကားမှာ ဒီစာအုပ် "ထုတ်ဝေရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဒေါ်အောင်ဆန်းစုကြည်နှင့် အင်တာဗျူးများကို သမိုင်းအဖြစ် ကျန်ရစ်စေရန် ဖြစ်ပါသည်" လို့ ဆိုထားပါတယ်။ သမိုင်း ရည်ရွယ်ချက်နဲ့ သမိုင်းကို အလေးအနက်ထားတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဒါပေမဲ့ ဆရာကိုကို (စက်မှုတက္ကသိုလ်) ရဲ့ အင်တာဗျူးများမှာ "ချန်လှပ်ခဲ့တာတွေ" ရှိနေကြောင်း ၂၀၁၁ အောက်တိုဘာ ၆ - ၁၂ ထုတ် ရန်ကုန်တိုင်းမ် ဂျာနယ်မှာ ဝန်ခံ ဖော်ပြထားတာ တွေ့ရပါတယ်။

၂၀၁၀ ဒီဇင်ဘာ ၁၇ ရက်က ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့တဲ့ အင်တာဗျူးကို ပြန်လည် ဖော်ပြရာမှာ **မျက်မှောက်နိုင်ငံရေး အချိန်အခါနှင့် ဆီလျော်မှု မရှိသည်များကို ချန်လှပ်ထားခဲ့ပြီး မျက်မှောက်နိုင်ငံရေး အချိန်အခါနှင့် ဆီလျော်ကိုက်ညီမှု ရှိသည်များကို ပြန်လည်ကောက်နုတ် ဖော်ပြခြင်း ဖြစ်ပါသည်**" တဲ့။

၂၀၁၀ ဒီဇင်ဘာ ၁၇ ရက်မှ ၂၀၁၁ အောက်တိုဘာ ၆ - ၁၂ အတွင်း (ဆယ်လခန့် အချိန်အတွင်း) မှာ ဘာတွေများ မဆီလျော်စရာတွေရှိလို့ ချန်လှပ်ခဲ့ရတာပါလဲ။ နိုင်ငံရေး ဖြစ်ပေါ်မှုမှာ တိုးတက်မှု၊ ဆုတ်ယုတ်မှုတွေ ရှိနိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံရေးသဘောတရားကတော့ မပြောင်းလဲပါဘူး။ ဒီမိုကရေစီ လမ်းစဉ်အတိုင်း ဆက်သွားနေမှာပဲ။ ဒေါ်အောင်ဆန်းစုကြည်၊ ဆရာမြတ်နိုင်ကို ပြောခဲ့တဲ့အတိုင်း "ဒီကိုရောက်ဖို့အတွက် အနှစ် ၂၀ ကျော် ကြာခဲ့တယ်" ဆိုတာကို သတိပြုမိရန် ချန်လှပ်ထားခဲ့စရာတွေ လိုအပ်ပါသေးသလား။ (စာဖတ်သူများကတော့ တတ်နိုင်သမျှ ပြည့်ပြည့်စုံစုံ သိချင်ပေလိမ့်မယ်)

နောက်ထပ် တင်ပြချင်တာက သမိုင်းရေးရာနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းမ်ဂျာနယ်၊ စက်တင်ဘာ ၂၉ အောက်တိုဘာ ၅၊ ၂၀၁၁ ထုတ်) မှာ ဖော်ပြခဲ့တဲ့ နိုင်ငံရေးသုံးသပ် ဆောင်းပါး ဖြစ်ပါတယ်။ မှူးဖော်ရေးတဲ့ "အစိုးရသစ် ၆ လ သက်တမ်းနှင့် မဟာအိုင်ဒီယာများ" ဆောင်းပါး မှာ ဒီလို ဖတ်ခဲ့ရပါတယ်။

"အစိုးရသစ်သည် အစိုးရသစ် ဖြစ်သည်၊ အစိုးရသစ်ကို အစိုးရသစ်ဟု မြင်ဖို့ လိုသည်။ အတိတ်က ဖြစ်စဉ်များ၊ သမိုင်းဖြစ်ရပ်များ ပြန်လည်ကိုးကား ရည်ညွှန်းနေခြင်း၊ အတိတ်ကို ဆက်လက် ကိုင်စွဲနေခြင်းများသည် လက်ရှိ အခင်းအကျင်းနှင့် လုံးလုံးမအပ်စပ်တော့"

နိုင်ငံရေးဆိုတာ သမိုင်းဖြစ်ရပ်၊ ဒီနေ့ နိုင်ငံရေးကို ခေတ်ပြိုင်သမိုင်းလို့ ခေါ်ပါတယ်။ ဒီလောက်မှ မသိဘဲ (ဝါ) နိုင်ငံရေးဆိုတာ ဘာမှန်း မသိဘဲ နိုင်ငံရေး သုံးသပ် ဆောင်းပါးရေးတာလည်း အံ့သြစရာပါပဲ။ ဆရာမြတ်ခိုင်နဲ့ အင်တာဗျူးမှာ ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တာတွေ ပြန်နားထောင်ကြည့်ပါ။

ဒီကို ရောက်ဖို့အတွက် အနှစ် ၂၀ ကျော် ကြာခဲ့တယ်။

အရင်တုန်းက လုပ်ခဲ့တာတွေအပေါ်မှာ အခြေခံပြီးတော့ အခုလုပ်တဲ့အခါမှာ ...

အဲဒီလို သမိုင်းရေးကို အလေးအနက်ထားပြီး ပြောကြားသွားခဲ့ပါတယ်။ သမိုင်းဆိုတာ နိုင်ငံရေး နားမလည်သူတွေ အထိတ်တလန့် ပစ်ပယ်ရမယ့်အရာ မဟုတ်ပါ။ ဆရာမြတ်ခိုင်နဲ့ အင်တာဗျူးမှာ "အစ်မကိုယ်တိုင်ကကော အရင်က ကိစ္စတွေ သင်ပုန်းချေဖို့ ရှိသလား" လို့ မေးတော့ ဒေါ်အောင်ဆန်းစုကြည်က ဒီလို ဖြေခဲ့ပါတယ်။

"သင်ပုန်းချေတယ်ဆိုတာက အရင်တုန်းက ကိစ္စတွေကို ဘာမှမဖြစ်ခဲ့သလို နေရမယ်ဆိုတာက အဲဒါတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ သမိုင်းဆိုတာကတော့ ရှိမှာပဲ၊ နောက်ပြီးတော့ သမိုင်းမှန်ကန်မှုရှိဖို့ဆိုတာက တိုင်းပြည်ရဲ့ အနာဂတ်အတွက်လည်း အရေးကြီးတယ်။ ကလဲ့စားချေတယ်ဆိုတာကျတော့ မမ လုံးဝ စိတ်မဝင်စားဘူး။ အဲဒါ

လည်း အားမပေးဘူး။ အဖြစ်အပျက်တွေအတိုင်း သေသေချာချာ သမိုင်းမှတ်တမ်းအရ လုပ်ချင်တာ။ ဒါက တစ်မျိုး၊ ဒါကတော့ တိုင်းပြည် တစ်ပြည်အတွက် အရေးပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံသူ နိုင်ငံသား တွေရဲ့ စိတ်နေသဘောထား အကျင့်သီလနဲ့ သူတို့ရဲ့အပေါ်မှာ သူတို့ ယုံကြည်မှုဆိုတာက ကိုယ့်နိုင်ငံရဲ့ သမိုင်းနဲ့ အများကြီး ဆိုင်တယ်။ အဲဒါ ကြောင့် သမိုင်းအချက်အလက်တွေကို သေချာအောင်လို့ လုပ်တယ် ဆိုတာက အဲဒါမျိုးကတော့ လုပ်သင့်တဲ့ အလုပ်ပါပဲ"

အတိတ်သမိုင်းဆိုတာ ခေတ်ပြိုင်သမိုင်းရဲ့ မြစ်ဖျားပါ။ ခေတ် ပြိုင် သမိုင်းနဲ့အတူ ဆက်လက် စီးဆင်းနေတာပါ။ ဧရာဝတီအကြောင်း ပြောရင် မြစ်ဆုံ မြစ်ဖျားက သိပ်အရေးကြီးတယ် မဟုတ်လား။ မေခ မေလိခ မြစ်ဆုံဆိုတဲ့ မြစ်ဖျားဧရာ မရှိခဲ့ရင် ဧရာဝတီဆိုတဲ့ အသက်သွေး ကြောပြီး ဆက်လက် စီးဆင်းနိုင်မည် မဟုတ်တော့ပါ။

အဲဒီတော့ ဦးကိုကိုက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခြင်း စာအုပ်ကို သမိုင်းအဖြစ် ကျန်ရစ်စေချင်တဲ့ ရည်ရွယ်နဲ့ ထုတ်ဝေလိုက် တာကို ကျေးဇူးတင်ကြောင်း ထပ်ပြောပါရစေ။

ရန်ကုန်တိုင်းမ်ရဲ့ မေးခွန်းမှာ "အကျဉ်းသားများ လွတ်မြောက် ရေး" ကိစ္စလည်း ပါဝင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အဖြေက အကျဉ်းသားများ လွတ်မြောက်ရေးဆိုတာ တခြားနိုင်ငံရေးကိစ္စတွေနဲ့ ခွဲခြားမြင်လို့ မရဘူး။ အားလုံးက တစ်ခုကို တစ်ခု ဖေးမသွားမယ်လို့ မြင် တယ်။ အကျဉ်းသားများ လွတ်မြောက်ခြင်းဆိုတာ ပူးပေါင်း ဆောင်ရွက် မှုကို အထောက်အကူပြုသလို ပူးပေါင်း ဆောင်ရွက်မှုကလည်း အကျဉ်း သားတွေ လွတ်မြောက်ရေးကို အထောက်အကူ ဖြစ်မယ်လို့ အန်တီ မြင်

တယ်။ ဒါတွေက ခွဲခြားမြင်လို့ မရဘူး။ အားလုံး ဆက်နွှယ်နေတယ်။ အန်တီတို့ ဦးတည်တာက အမျိုးသား ပြန်လည် ရင်ကြားစေ့ရေးနဲ့ စစ်မှန်တဲ့ ဒီမိုကရေစီ အဆောက်အအုံတွေကို အမြစ်တွယ်အောင်လုပ်ရေးလေ၊ အားလုံးက ဆက်နွှယ်နေတယ်။ တစ်ခုနဲ့တစ်ခုကို မတူသလို ကိုင်တွယ်လို့ မရပါဘူး" (စာ-၁၁)

တိုင်းရင်းသားများအရေးငြိမ်းချမ်းရေးကိစ္စ မေးတဲ့အခါ "လွယ်လွယ်နဲ့တော့ ဖြစ်မှာမဟုတ်ဘူး" လို့ ဒေါ်အောင်ဆန်းစုကြည်က အလေးအနက် ဖြေကြားခဲ့ပါတယ်။ အမျိုးသား ပြန်လည် ရင်ကြားစေ့ရေးမှာ တိုင်းရင်းသား အရေးဟာ အလွန့်အလွန် အရေးကြီးကြောင်း သတိပြုကြဖို့ပါပဲ။ "တစ်ယောက်ပေါ် တစ်ယောက် ယုံကြည်မှုပဲ၊ ယုံကြည်မှု တည်ဆောက်တဲ့ နေရာမှာ ပထမ လိုအပ်တာက ရိုးစင်းမှုပဲ" လို့ ဒေါ်အောင်ဆန်းစုကြည်က ဆိုပါတယ်။

အမျိုးသား ပြန်လည် သင့်မြတ်ရေးကို မေးတဲ့အခါ ဒေါ်အောင်ဆန်းစုကြည်က "ဘယ်တုန်းကမှ မသင့်မြတ်ဘူး။ ဒါပေမဲ့ ပထမ အခု သင့်မြတ်အောင် လုပ်ရမှာပေါ့" လို့ အဖြေပေးရင်း "ဖြစ်ကို ဖြစ်လာရမှာပေါ့။ ဒါပေမဲ့ ဆန္ဒရှိရမယ်၊ ဝီရိယ ရှိရမယ်၊ စိတ်ဓာတ်ရှိရမယ်၊ ဦးနှောက်ရှိရမယ်၊ အဲဒီအပေါ်မှာ အခြေခံပြီး ဖြစ်အောင် လုပ်ရမှာပေါ့" လို့ ဆက်လက် ဖြေဆိုသွားပါတယ်။ (စာ-၄၂)

ဗမာအမြင်နဲ့ ပြောရရင် အောင်မြင်ခြင်း တရားလေးပါးပေါ့တဲ့။

ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခြင်းများမှာ ကံ ကံ၏အကျိုး၊ ယောနိသောမနသိကာရ စတဲ့ တရားစကားများကို အလေးအနက်ထည့်သွင်းပြီး အလင်းစကားပြောကြားသွားတဲ့အတွက် ကျေးဇူး အထူးတင်

နေမိပါတယ်။ ဒါပေမဲ့ အောင်မြင်ခြင်းတရားလေးပါးကို ပြောရာမှာ "ဦးနှောက် ရှိရမယ်" လို့ ပြောသွားတာ မူလအဓိပ္ပာယ်နဲ့ နည်းနည်း အလှမ်းဝေးနေသလိုပါပဲ။ ဒီလိုပါ အောင်မြင်ခြင်း တရားလေးပါး (ဝါ) အဓိပတိတရားလေးပါး ဆိုတာ ...

(၁) ဆန္ဒာဓိပတိ - ဆန္ဒ
(၂) ဝီရိယာဓိပတိ - ဝီရိယ ပြင်းထန်ရမယ်
(၃) စိတ္တာဓိပတိ - စိတ်အားထက်သန်ရမယ်
(၄) ဝီမံသာဓိပတိ - ထိုးထွင်းသိမြင် ဆင်ခြင်တတ်ရမယ်

လို့ ဖြစ်ပါတယ်။

အဓိပတိတရားလေးပါး အပါအဝင် အခြားတရားတော်များမှာလည်း "ဦးနှောက်" အကြောင်း ထည့်သွင်း ဟောကြားသွားတာ မတွေ့မိ ပါ။ ဦးနှောက်ဆိုတာ ဒီဘက်ခေတ်မှာ ပေါ်လာတဲ့ ဆေးသိပ္ပံက ပေါ်ထွက် လာတဲ့ စကားပါ။ ခေတ်စကားအရတော့ ထိုးထွင်းသိမြင်တာ၊ ဝေဖန် ပိုင်း ခြားတာ၊ စဉ်းစားတာတွေကို "ဦးနှောက်" က လုပ်တယ်။ ဦးနှောက်ရဲ့အလုပ်လို့ ထင်ကြပါတယ်။ တကယ်တော့ တရားတော်အရ ထိုးထွင်းသိမြင်တဲ့ အလုပ်ကို စိတ်ရဲ့အများဆုံး တည်ရာမှီရာဖြစ်တဲ့ ဟဒယနှလုံးအိမ်က လုပ်တာပါ။ သိပ္ပံပညာရှင်တွေရဲ့ တွေ့ရှိမှုဟာ နှလုံး အိမ်အထိ မရောက်ခဲ့ပါ။ ဦးနှောက်က သိတယ်၊ စဉ်းစားတယ်၊ ဆင်ခြင် တယ်ဆိုတာ မှားကြောင်း မိုးကုတ်ဆရာတော်ဘုရားကြီးက အကျယ် တဝင့် ဟောကြားခဲ့တဲ့အတိုင်း ကျွန်တော်လည်း ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပြီးပါပြီ။ ဒါပေမဲ့ "ဦးနှောက်ရှိရမယ်" လို့ ပြောလိုက်တာနဲ့ "ထိုးထွင်း သိမြင် ဆင်ခြင်တတ်ရမယ်" လို့ ခေတ်လူတွေ အလွယ်တကူ သဘော

ပေါက်နိုင်ပါတယ်။ ကျွန်တော်က ဝီမံသာဓိပတိရဲ့ အဓိပ္ပာယ်ကို စကားကပ်ပြီး ပြောတာ မဟုတ်ပါ။ ကိုယ် လေးစားကြည်ညိုမှုကို မလွဲစေချင်တဲ့ စေတနာနဲ့ တင်ပြခြင်း ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခြင်းများပါတဲ့ ဂျာနယ်တွေ ဝယ်စုထားပါတယ်။ ပြောစရာ ဆွေးနွေးစရာတွေ ကျန်နေပါသေးတယ်။ ရန်ကုန်တိုင်းမ်မှာပါတဲ့ အင်တာဗျူး ၂ ပုဒ်ကို စုထုတ်သလို ဂျာနယ်ပေါင်းများစွာမှာပါတဲ့ ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူးများ ကို ဂျာနယ်ဆရာများ စုစည်း ညီညွတ်စွာနဲ့ စုထုတ်ပေးနိုင်ရင် သမိုင်းဝင်စာအုပ်ကြီး တစ်အုပ် ဖြစ်လာနိုင်ကြောင်း မျှော်လင့်မိပါတယ်။

(၂-၁၁-၁၁ ထုတ်၊
နံနက်ခင်းဂျာနယ်)

## ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ခြင်း

# တစ်နှစ်ပြည့် အမှတ်တရ

တန်ဆောင်တိုင် မီးထွန်းပွဲတော်ရက်များအတွင်း ကျွန်တော်တို့အတွက် ထူးခြားတဲ့ လူသားအလင်းရောင်တစ်ခုကို ရခဲ့တယ်။ အဲဒါကတော့ ၂၀၁၀ နိုဝင်ဘာ ၁၃ ရက်မှာ ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်လာခြင်းပါပဲ။ အဲဒီနေ့က ပြည်သူလူထုကြီးထောင်သောင်းများစွာ လမ်းပေါ် ထွက်လာတယ်။ နေမင်းက ပူသနဲ့။ ဒီနေကြီး ခေါင်းပေါ်ရွက်ပြီး ဒေါ်အောင်ဆန်းစုကြည် လွတ် မြောက်ချိန်ကို ဒုက္ခခံ စောင့်မျှော်ခဲ့ကြတာ။ ညနေ ငါးနာရီကျော် နေဝင်ရီ သရော အချိန်လောက်မှာ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာ တယ်။ ပြည်သူတွေ လူငယ်

တွေ ပျော်လိုက်ကြတာ။ နှစ်ပေါင်းများစွာ ကွဲ ကွာနေတဲ့ ကိုယ့်အမေနဲ့ ပြန်တွေ့လိုက်ရသလိုမျိုး အားလုံးက မေတ္တာ တရား နှလုံးသားဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို နှုတ်ဆက် ကြိုဆိုခဲ့ကြတယ်။ ပြည်သူတွေ မေတ္တာဖြင့် တောင်းခံ မျှော်လင့်ခဲ့တာက ဒီမိုကရေစီ ဆိုတဲ့ သစ္စာတရား။

ခု လာမယ့် ၂၀၁၁ နိုဝင်ဘာ ၁၃ ရက်မှာ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ခြင်း တစ်နှစ်ပြည့်ပြီ။ အချိန်နဲ့ တစ်ပြေးညီ ဒီမိုကရေစီရေး ကြိုးပမ်းမှုတွေကလည်း ပျားပန်းခတ်လို့ပေါ့။ တစ်နှစ်အတွင်း သမိုင်းမှတ်တိုင်သစ်ကို စိုက်ထူခဲ့ရာ "တွေ့ဆုံဆွေးနွေး အဖြေရှာခြင်း" များဟာ အလွန်ပဲ အရေးပါခဲ့ပါတယ်။ ဒီအချိန်မှာ နိုင်ငံတကာ အခင်းအကျင်းတွေကလည်း အလင်းခေတ်ဆီ ဦးတည် ရန်းကြွနေပြီ။ အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသ အာရပ်ကမ္ဘာက လူထု အုံကြွမှုကြီးတွေရဲ့ အောင်ပွဲဟာ ပေးဆပ်ရတာ အရင်းအနှီးကြီးသလောက် အောင်ပွဲကလည်း ကြီးမားခဲ့တယ်။ ကမ္ဘာ့သမိုင်းမှာ စာမျက်နှာသစ်တွေ ရေးထိုး မော်ကွန်းတင်နိုင်ခဲ့ပြီ။ ဒီအချိန်မှာ --------။ နှစ်ပေါင်းများစွာကတည်းက တောင်းဆိုခဲ့တဲ့ "တွေ့ဆုံ ဆွေးနွေးရေး" ------ ပေါ်ပေါက်ခဲ့တယ်။ ကျွန်တော်တို့ ကြားခဲ့တဲ့ သမိုင်းပဲ့တင်သံက "သုံးပွင့်ဆိုင်" ပါ။ တစ်ပွင့်က တိုင်းရင်းသားများအရေး ငြိမ်းချမ်းရေးဆိုတဲ့ အခွင့်အလမ်း အပွင့်အလန်းပါ။

အဲဒီတုန်းက အင်အယ်လ်ဒီဆီက အကျယ်လောင်ဆုံး ကြားခဲ့ရတဲ့ ကြွေးကြော်သံဟာ ၂၁ ရာစု ပင်လုံညီလာခံ (ဝါ) ဒုတိယ ပင်လုံညီလာခံကြီး ဖြစ်လာစေဖို့ပါ။ ဒါပေမဲ့ ဖြစ်နိုင်တာက စလုပ်တဲ့အခါ ယုံကြည်မှု တည်ဆောက်ခြင်းကို စလုပ်ခဲ့တာ တွေ့ခဲ့ရပါတယ်။

ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကြည်နဲ့ ၂၀၁၁ ဇူလိုင် ၂၅ မှာ တစ်ကြိမ်၊ ဩဂုတ်လ ၁၂ ရက်မှာ တစ်ကြိမ် နှစ်ကြိမ် တွေ့ဆုံပြီးတာနဲ့ ဩဂုတ်လ ၁၉ ရက်မှာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နဲ့ သမိုင်းဝင် တွေ့ဆုံ ဆွေးနွေးပွဲကြီး ဖြစ်ပေါ်ခဲ့ပါတယ်။

ဒါပေမဲ့ ဘယ်လိုအကြောင်းအရာတွေကို တွေ့ဆုံ ဆွေးနွေးခဲ့တယ်ဆိုတာ သတင်းထုတ်ပြန်ခြင်း မရှိပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကလည်း ဘာတွေ ဆွေးနွေးခဲ့ပါတယ် ဆိုတာ ပြောပြဖို့ (ဂျာနယ် အင်တာဗျူးတွေမှာ) တရားဝင် ငြင်းကွယ်ခဲ့ပါတယ်။ မီဒီယာတွေကို မဆိုထားနဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လူကြီးတွေ ဖြစ်တဲ့ ဦးဝင်းတင်တို့ ဦးဉာဏ်ဝင်းတို့တောင် ဘာတွေ ပြောခဲ့တယ်ဆိုတာ မသိပါဘူးလို့ ဆိုကြပါတယ်။ အဲဒီမှာ ဆွေးနွေးပွဲရဲ့ဖြစ်နိုင်ချေ အကြောင်းအရာတွေကို ခန့်မှန်းပြောဆိုသံတွေ ကြားခဲ့ရပါတယ်။

အမျိုးသား ပြန်လည် သင့်မြတ်ရေး၊ အကျဉ်းသားများ ပြန်လွှတ်ပေးရေး၊ တိုင်းရင်းသားများအကြား ငြိမ်းချမ်းမှု တည်ဆောက်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး စတဲ့ အကြောင်းအရာတွေဟာ ဆွေးနွေးပွဲရဲ့ သော့ချက်များ ဖြစ်ခဲ့မယ်လို့ ယူဆရပါတယ်။ ဘာတွေပဲ ဆွေးနွေးပါစေ အခြေခံ လိုအပ်ချက်ဟာ ဒီမိုကရေစီ အခင်းအကျင်းပါပဲ။ ဒီမိုကရေစီရဲ့ အခြေခံဟာ တရားဥပဒေစိုးမိုးရေးလို့ ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့ပါတယ်။

"ကျွန်မတို့ ပထမဦးဆုံး စရမှာကတော့ ဥပဒေရေးရာ ကျွန်မတို့အနေနဲ့ ဒီတိုင်းပြည်မှာ ဥပဒေစိုးမိုးရေး ရှိပြီလားဆိုရင် မမြင်ရသေးဘူးလို့ ဆိုရမှာပေါ့။ ဥပဒေ စိုးမိုးရေးကို ဦးတည်တယ် ဆိုတာကတော့

သမ္မတ ကိုယ်တိုင် မိန့်ခွန်းထဲမှာ ပြောခဲ့ပြီးပြီ။ ဒါပေမဲ့ ဦးတည်တယ်ဆိုရုံနဲ့တော့ မပြီးသေးဘူး။ လက်တွေ့ကျကျ ပြနိုင်ဖို့လိုမယ်"

(၂၉ စက်တင်ဘာ ၂၀၁၁ ထုတ်
ပြည်သူ့ခေတ်ဂျာနယ်
အင်တာဗျူးမှ)

အကျဉ်းသားများ လွတ်မြောက်ရေး ဆိုတာဟာလည်း ဒီမိုကရေစီအရေး တရားဥပဒေစိုးမိုးရေးနဲ့ ဆက်စပ်နေတာပါပဲ။ ဥပဒေစိုးမိုးရေးဟာ စီးပွားရေးလုပ်ငန်းကြီးတွေနဲ့ ဆက်စပ်နေပုံကိုလည်း ကြားနာခဲ့ရပါတယ်။

"အန်တီ အင်တာဗျူးတစ်ခုမှာ ဖြေခဲ့တဲ့ အခွင့်ထူးခံ လူတန်းစား အုပ်စုလေးတစ်ခုတည်းက စီးပွားရေးလုပ်ငန်းတွေကို ချုပ်ကိုင်ထားမယ်ဆိုရင် နိုင်ငံအတွက်တင်မကဘူး ဒီလုပ်ငန်းရှင်ကြီးတွေအတွက်ပါ ရေရှည်မှာ မကောင်းဘူးလို့ ပြောခဲ့ပါတယ်။ အဲဒီတော့ တခြားလူလတ်တန်းစား စီးပွားရေးလုပ်ငန်းရှင်တွေ ထိထိရောက်ရောက် ပါဝင်မယ့် တိုင်းပြည် စီးပွားရေး တိုးတက်အောင် ဆောင်ရွက်ဖို့ ဘာတွေ အထူးပြု ဆောင်ရွက်သင့်တယ်လို့ အန်တီ အကြံပြုချင်ပါသလဲ"

"အရေးအကြီးဆုံးက ဥပဒေစိုးမိုးရေးပါပဲ။ စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့လည်း ဥပဒေတွေ ရှိရမယ်။ ဥပဒေအရ မှန်မှန်ကန်ကန် လုပ်ဖို့လိုတယ်။ အခွင့်ထူးခံ ဆိုကတည်းက ဒါဥပဒေနဲ့ မညီတဲ့ သဘောရှိတယ်။ ဥပဒေနဲ့ ညီတဲ့ အခွင့်အရေးဆိုတာ အခွင့်ထူးခံ မဟုတ်ဘူး အားလုံးကို တန်းတူညီတူ ဥပဒေအရ ပေးထားတဲ့ အခွင့်အရေး

အတိုင်း ဆက်ဆံမယ်ဆိုလို့ရှိရင် ဒီဟာက အများကြီး အထောက်အကူ ဖြစ်တယ်"

(၂၁-၁၀-၁၁ ထုတ်
မြန်မာပို့စ် ဂျာနယ်အင်တာဗျူးမှ)

ဥပဒေ စိုးမိုးရေးနဲ့ ဆက်စပ်နေတဲ့ အကျဉ်းသားများ ပြန်လွှတ်ပေးရေး ကိစ္စဟာလည်း ခုချိန်ထိ ကျေနပ်လောက်တဲ့ မပြည့်နိုင်သေးတာ တွေ့ရပါတယ်။ အကျဉ်းသားကိစ္စကို ဒေါ်အောင်ဆန်းစုကြည်က ဒီလို ဖော်ထုတ် ပြောဆိုခဲ့ပါတယ်။

"အကျဉ်းကျနေတဲ့သူတွေ တော်တော်များများဟာ ဥပဒေ အရ လုပ်ဆောင်ချက်မရှိခဲ့လို့ အကျဉ်းကျနေတာ၊ အဲတော့ ဒီလို ဒီနှစ်ခု ပေါ့။ ဥပဒေစိုးမိုးရေးလည်း ရှိမယ်၊ အကျဉ်းသားတွေဆိုတာလည်း မရှိဘူး ဆိုရင်တော့ ဒီတိုင်းပြည်ဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ခိုင်ခိုင်မာမာ ရောက်သွားတယ်လို့ ပြောနိုင်ပါတယ်။

(၂၉-၉-၂၀၁၁ ထုတ်
နယူးဝိခ် အင်တာဗျူးမှ)

၇-၁၀-၂၀၁၁ ထုတ် "မဇ္ဈိမလေးအလင်း" ဂျာနယ်မှာလည်း အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးနှင့် ဥပဒေစိုးမိုးရေး တို့အတွက် ဆောင်ရွက်သွားမည် ဆိုတဲ့ သတင်းခေါင်းစဉ်အောက်မှာ "NLD သာ ဥပဒေနဲ့အညီ မှတ်ပုံတင်ပြီးသွားတဲ့အချိန်မှာ ကျွန်တော်တို့ NLD နဲ့အတူ လက်တွဲပြီး ဆောင်ရွက်သွားဖို့ အမြဲတမ်း တိုင်ပင်လျက်

ရှိပါတယ်" ဟု ဦးအောင်ကြည်က ထုတ်ပြန်ပြောဆိုသည်လို့ ဖော်ပြထား ပါတယ်။

နိုင်ငံတော်အစိုးရကလည်း "ဥပဒေနဲ့အညီ" ဆိုတဲ့ စကားကို အတိအလင်း ပြောကြားထားပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ရည်ညွှန်းပုံရပါတယ်။ ဒီဥပဒေ ရေးဆွဲဖို့ အမျိုးသားညီလာခံ ကျင်းပစဉ် ကပင် NLD က သပိတ်မှောက်ထွက်ခွာလာခဲ့တာလည်းမမေ့သင့်ပါဘူး။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ အားနည်းချက်တွေ ရှိတယ်ဆိုပြီး NLD က ပါတီမှတ်ပုံတင်လည်း မတင်၊ ရွေးကောက်ပွဲလည်း မဝင်ခဲ့ပါဘူး။

ဒါပေမဲ့ တိုင်းပြည်အတွက် အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ပါ မည်လို့ ဒေါ်အောင်ဆန်းစုကြည်ကလည်း ထုတ်ပြန် ကြေညာထားလေ ရာ ဘယ်လိုပုံစံနဲ့ ဘယ်လို အခန်းကဏ္ဍက ပူးပေါင်းဆောင်ရွက်မှာလဲ လူထုခေါင်းဆောင်အနေနဲ့လား၊ ပါတီခေါင်းဆောင်အနေနဲ့လား၊ လွှတ် တော်အမတ်အဖြစ်နဲ့လား။ ဒီလို ပါဝင်နိုင်လာအောင် "လွှတ်တော်မှာ ပါတီမှတ်ပုံတင်ခြင်း ဥပဒေ" ကို ပြင်ဆင် ရေးဆွဲနေပြီဖြစ်ကြောင်း သိရ ပါတယ်။

"ကျွန်မတို့ NLD ပါတီ မှတ်ပုံပြန်တင်ရေးကိစ္စသည် ဥပဒေ ပေါ်မှာ မူတည်ကြောင်း၊ အဲဒီတော့ ဥပဒေအတည်ပြုပြီး ထွက်လာတယ် ဆိုရင်တော့ အဲဒီဥပဒေကို ကြည့်ပြီးမှ စောင့်ပြီးတော့ ပြောနိုင်မယ့်ကိစ္စ ဖြစ်ပါတယ်။ ဒီဥပဒေပေါ်လာပြီဆိုရင်တော့ ကျွန်မတို့က အစည်းဝေးခေါ် ရမှာပေ့ါ။ ကျွန်မတို့ ပါတီစည်းမျဉ်းစည်းကမ်းအရ အစည်းအဝေးခေါ်ပြီး တော့ ဆုံးဖြတ်ချက်ကို ချရပါမယ်။ ကျွန်မတို့ ဥပဒေကို ကြည့်ပြီးမှ ပြော ရမှာပါ။ ဥပဒေ မပြင်ရသေးဘဲ ပြောမရပါဘူး"

၁၀-၁၀-၂၀၁၁ တွင် ဝန်ကြီး ဦးအောင်ကြည်နှင့် လေးကြိမ်မြောက် တွေ့ဆုံ ဆွေးနွေးပွဲအပြီးမှာ ဒေါ်အောင်ဆန်းစုကြည်က အဲဒီလို ပြောခဲ့ပါတယ်။

(၁၀-၁၀-၁၁ ထုတ် မော်နီတာဂျာနယ်မှ)

NLD မှတ်ပုံတင်ရေး မတင်ရေးကိုတော့ ၂၀၁၁ စက်တင်ဘာ ၁၅ ရက်မှာ ကျင်းပ ပြုလုပ်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားမှာ ကြိုတင်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

"မှတ်ပုံတင်ခြင်း မပြုလုပ်ရသေးသော အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဝင်တွေဟာ နှစ်ပေါင်း ၂၀ ကျော် ဒီမိုကရေစီအတွက် လုပ်ရပါတယ်။ လုပ်လာပါတယ်လို့ ပြောပြီးမှ အခုလိုအချိန်ရောက်တဲ့အခါမှာ ကိုယ့်ရဲ့ တာဝန်ဟာ ဘာလဲ၊ ကိုယ် ဘယ်လိုဆက်ပြီးတော့ လုပ်သွားရမယ်ဆိုတာကို ကိုယ်ပိုင်ဉာဏ်နဲ့သိအောင် ကြိုးစားကြပါ။ လူများ ပြောတိုင်းလည်း နားထောင်ဖို့ မလိုပါဘူး။ ကျွန်မ ပြောတိုင်းလည်း ယုံစရာ မဟုတ်ပါဘူး။ ကိုယ့်ဘာသာကိုယ် သေသေချာချာ လေ့လာပါ။ လေ့လာပြီးတော့ ကိုယ် ယုံကြည်သရွေ့ ယုံကြည်သည့်အလျောက် ဆက်ပြီးတော့ ခိုင်ခိုင်မာမာနဲ့ လျှောက်လှမ်းသွားကြပါလို့ ကျွန်မ တိုက်တွန်းချင်ပါတယ်"

(၂၉ စက်တင်ဘာ ၂၀၁၁ ထုတ် *Hot News* ဂျာနယ်မှ)

အဲဒီတော့ NLD တာဝန်ရှိ ပုဂ္ဂိုလ်များ ဘယ်လို ဆုံးဖြတ်မှာလဲ။ တိုင်းပြည်က စိတ်ဝင်စားနေပြီ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်

ကတော့ သူမဟာ NLD နဲ့ ခွဲမရပါကြောင်း လျှပ်တပြက် အင်တာဗျူးမှာ ဖြေဆိုခဲ့ဖူးပါတယ်။ လျှပ်တပြက် အင်တာဗျူးမှာပဲ ဆရာမြတ်နိုင်က "အစ်မကို ရာထူးတစ်ခုများ ပေးလိုက်မလား။ ဝန်ကြီးချုပ်များ ပေးမလား ပေါ့ စိတ်ပူနေကြတယ်" လို့ မေးတဲ့အခါ -

"မမတို့ကတော့ ရာထူးနေရာထက် အလုပ်တွေ လုပ်ပိုင်ခွင့်ကိုပဲ လိုချင်တာပါ" လို့ ဒေါ်အောင်ဆန်းစုကြည်က အဖြေပေးခဲ့ပါတယ်။

၂၁ အောက်တိုဘာလ ၂၀၁၁ ထုတ် မြန်မာပို့စ်ဂလိုဘယ်ဂျာနယ်မှာလည်း -

"တရားဝင်တာဝန်တစ်ခုနဲ့ကမ်းလှမ်းလာရင် တိုင်းပြည်အတွက် အကျိုးရှိရမယ်ဆိုလို့ရှိရင်တော့ လက်ခံရမှာပေါ့" လို့ ထုတ်ဖော် ပြောဆိုခဲ့တာလည်း ရှိနေပါတယ်။

ဒီစကားတွေအရ အစိုးရအဖွဲ့ထဲ တရားဝင် နေရာယူဖို့ဆိုရင် NLD ပါတီ မှတ်ပုံတင်ရေးက အလေးသာနေတယ်လို့ခန့်မှန်းရပါ တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီ ခွဲခြားလို့မရဘူးလို့ ဆိုထားတာကိုး။ ဘယ်လိုပဲဖြစ်ဖြစ် ခေတ်ပြိုင် မြန်မာ့နိုင်ငံရေးဟာ သိမ်မွေ့ခက်ခဲနက်နဲတဲ့ အခြေအနေမှာ ရှိနေတယ်လို့ ရှုမြင်မိပါတယ်။

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာပြီး တစ်နှစ်ပြည့်ခါနီး ရက်ပိုင်းအလိုမှာ ဘာတွေ ဆက်ဖြစ်မှာလဲဆိုတာ စောင့်ကြည့်နေရဦးမှာ ပေါ့ဗျာ။

(၉-၁၁-၁၁ ထုတ်၊ နံနက်ခင်းဂျာနယ်)

## ဒေါ်အောင်ဆန်းစုကြည်
## (သို့မဟုတ်)
# သံမဏိကြိုးမျှင်

ဒီနေ့ (၁၄ နိုဝင်ဘာ ၂၀၁၁) မှာ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ် သတင်းစာ ရှင်းလင်းပွဲကို ရွှေဂုံတိုင် NLD ရုံးချုပ်မှာ ပြုလုပ်ခဲ့ပါတယ်။ ဒီအချိန်မှာ ပြည်သူလူထုကြီးက စိတ်ဝင်တစား သိချင်နေတာက **NLD** ပါတီ မှတ်ပုံတင်မှာလား၊ ရွေးကောက်ပွဲဝင်မှာလား ဆိုတဲ့ ကိစ္စပါပဲ။ ဒီကိစ္စကို နိုဝင်ဘာ ၁၈ ရက် NLD ဗဟိုကော်မတီ အစည်းအဝေးမှာ ဆုံးဖြတ် အတည်ပြုမှာ ဖြစ်လို့ ဒီနေ့ (လွတ်မြောက်ခြင်း တစ်နှစ်ပြည့်) မှာ မမေးစေချင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ကြိုတင် မေတ္တာရပ်ခံခဲ့တယ်လို့ သိရပါတယ်။ ပါတီမှတ်ပုံ တင်/မတင်ဆိုတဲ့ အကြောင်းအရာက ကြိုတင်ပြီး

တော့ စကားအစွန်းထွက်ပြီးသား ဖြစ်နေခဲ့ပါပြီ။ NLD က ပြောရေး ဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက မှတ်ပုံတင်ဖို့ များတယ်။ အလားအလာရှိတယ်ဆိုတာ ပြည်ပ အသံလွှင့်ဌာနတစ်ခုက အင်တာဗျူးမှာ ပြောသွားခဲ့ပြီ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကလည်း နိုင်ငံတော်အစိုးရက "တရားဝင် တာဝန်တစ်ခုနဲ့ ကမ်းလှမ်းလာရင် တိုင်းပြည်အတွက် အကျိုးရှိမယ်ဆိုလို့ရှိရင်တော့ လက်ခံရမှာပေါ့" လို့ ၂၁ အောက်တိုဘာ ၂၀၁၁ ထုတ် မြန်မာပို့စ်ဂလိုဘယ်ဂျာနယ်မှာ တရားဝင် ထုတ်ဖော်ပြောဆိုခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် NLD ပါတီ မှတ်ပုံတင်ရေးက အလေးသာနေကြောင်း ၉ နိုဝင်ဘာ ၂၀၁၁ ထုတ် "နံနက်ခင်း သတင်းဂျာနယ်" မှာ ကျွန်တော် ကြိုတင်ခန့်မှန်း ရေးသားခဲ့ပါတယ်။

လွတ်မြောက်ခြင်း တစ်နှစ်ပြည့် သတင်းစာ ရှင်းလင်းပွဲမှာတော့ တစ်နှစ်တာအတွင်း နိုင်ငံရေး ဖြစ်ပေါ် ပြောင်းလဲမှုတွေကို ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်း မိန့်ကြားသွားခဲ့ပါတယ်။ ရလဒ်ပြောင်းလဲသွားတယ်၊ သမ္မတကြီးနဲ့ တွေ့ဆုံ ဆွေးနွေးခဲ့တာ အားတက်စရာ ကောင်းတယ် ဆိုတဲ့ ယေဘုယျသဘော သုံးသပ် ပြောဆိုသွားတာတွေ ကြားလိုက်ရပါတယ်။ ဒီနေ့ ဘာအရေးကြီးဆုံးလဲ ဆိုရင် တရားဥပဒေ စိုးမိုးရေးသာ အရေးအကြီးဆုံး ဖြစ်ကြောင်း အလေးအနက်ထောက်ပြသွားပါတယ်။ တရားဥပဒေ စိုးမိုးရေးသာလျှင် အရေးအကြီးဆုံး ဖြစ်ကြောင်း ဂျာနယ် အင်တာဗျူးတွေမှာလည်း ဒေါ်အောင်ဆန်းစုကြည်က အကြိမ်ကြိမ် ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

အကျဉ်းသားများ လွတ်မြောက်ရေး၊ ပြည်တွင်းစစ် ရပ်စဲ ငြိမ်းချမ်းရေး၊ စီးပွားရေး လူမှုရေး အရေးအရာအားလုံးရဲ့ အခရာသည် တရား

ဥပဒေစိုးမိုးရေး ဖြစ်ကြောင်းကိုလည်း တပ်လောင်း ပြောကြားသွားပါတယ်။ ဒီမိုကရေစီလမ်းကြောင်း တကယ်ပွင့်ပြီလား ဆိုရင်လည်း တရားဥပဒေစိုးမိုးမှုရှိရင် ပွင့်ပြီလို့ ဆိုနိုင်ကြောင်း ကြားခဲ့ရပါတယ်။ အစိုးရမှာ အများကြီးလုပ်ဖို့ လိုသေးတယ်လို့လည်း ဝေဖန် ပြောကြားသွားပါတယ်။ အစိုးရနဲ့ တွေ့ဆုံဆွေးနွေးတာတွေဟာ အပေးအယူလုပ်တာ မဟုတ်ဘဲ အကျိုးရှိအောင် ဆောင်ရွက်တာဖြစ်ကြောင်းလည်း ရှင်းပြသွားပါတယ်။

ဒီလိုအကျိုးရှိအောင် ဆောင်ရွက်ရာမှာ NLD ပါတီ မှတ်ပုံတင်ခြင်းနဲ့ ရွေးကောက်ပွဲ ဝင်ခြင်းတို့လည်း အကျုံးဝင်သွားနိုင်ပါတယ်။ သဘောထား တင်းမာသူများ ရှိနိုင်ပေမယ့် ပါတီမှတ်ပုံတင်ရေးကသာ အလေးသာ အနိုင်ရသွားမှာ ဖြစ်ပါတယ်။

ဒီနေ့ နိုင်ငံရေး အခြေအနေအရ ပါတီမှတ်ပုံမတင်ရင် တရားဝင်နိုင်ငံရေး လှုပ်ရှား ဆောင်ရွက်မှုတွေ လုပ်လို့ မရနိုင်ပါဘူး။ တစ်ချိန်မဟုတ် တစ်ချိန်မှာ တားမြစ်ခံရမှာ ဖြစ်ပါတယ်။ ပြီးတော့ အထူးသဖြင့် မြို့နယ်အသီးသီးမှာရှိတဲ့ NLD ပါတီရုံးတွေ ဆိုင်းဘုတ်တင်တာ အလံလွှင့်တာကအစ တရားဝင် မှတ်ပုံတင် မထားရင် အများကြီး အခက်အခဲ ရှိပါလိမ့်မယ်။ ပါတီမှတ်ပုံတင်လိုက်ခြင်းအားဖြင့် အစည်းဝေးများ၊ အခမ်းအနားများကို တရားဝင် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ တစ်ပြည်လုံးက NLD ပါတီဝင်တွေရဲ့ မျက်နှာကို ကြည့်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၁၈-၁၁-၁၁ NLD ပါတီ ဗဟိုကော်မတီဝင်များရဲ့ အစည်းဝေးပွဲကြီးမှာ သဘောထား ကွဲလွဲမှုတွေ ရှိကောင်းရှိနိုင်ပေမယ့် NLD ပါတီ မှတ်ပုံတင်ရေးဘက်ကသာ အလေးသာ အနိုင်ရသွားမှာ ဖြစ်ပါတယ်။

ပါတီမှတ်ပုံတင်ပြီးရင် ကြားဖြတ် ရွေးကောက်ပွဲဝင်၊ မဝင် ဆိုတဲ့ ကိစ္စကို ဆက်ပြောရမှာ ဖြစ်ပါတယ်။ "ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ရွေးကောက်ပွဲ ဝင်မယ်" ဆိုတဲ့ သတင်းများ ထွက်ပေါ်နေပြီ ဖြစ်ပါတယ်။ ရွေးကောက်ပွဲနိုင်လို့ လွှတ်တော်ထဲ ရောက်သွားပြီဆိုရင်လည်း NLD က အနည်းစုပဲ ဖြစ်နေမှာပါ။ ပြည်ခိုင်ဖြိုးက အများဆုံးဖြစ်ပြီး တပ်မတော်သား ကိုယ်စားလှယ်များကလည်း ၂၅ ရာခိုင်နှုန်း ရှိနေပါတယ်။ ဒီနေ့ လွှတ်တော် အနေအထားကိုလည်း အားလုံး တွေ့မြင်နေပြီးသားပဲ။ မေးခွန်းတွေ ကြိုတင်ရမယ်။ ပယ်တာလည်း ရှိမယ်။ အမေးတခြား အဖြေ တခြား ဖြစ်နေတာတွေလည်း သတင်းစာ ဂျာနယ်တွေထဲ တွေ့နေရတယ်။ ဒီလို လွှတ်တော်ထဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD အမတ်များ ပြည်သူကို ကိုယ်စားပြုပြီး ဘယ်လို စခန်းသွားကြမှာလဲလို့ မေးခွန်းထုတ်သူတွေ ရှိနေပါတယ်။

ဒီအနေအထားမှာ NLD က အရေးပါတဲ့ ဆရာကြီး ဦးဝင်းတင်ကတော့ ဒီလို သုံးသပ်ပြပါတယ်။

"အခုဖြစ်နေတဲ့အနေအထားက ပြည့်စုံလုံလောက်ခြင်း၊ အကျိုးရှိမယ်၊ မရှိမယ်ဆိုတာကတော့ မပြောနိုင်သော်ငြားလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ချိတ်မိတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ချိတ်မိနေတော့ မြန်မာပြည် နိုင်ငံရေးအခြေအနေက အဲလို အခြေအနေကြီး ဖြစ်နေတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ သိပ်ပြီးတော့ ထူးခြား ပြောင်းလဲတယ်လို့တော့ မထင်သေးဘူး။ တစ်ဖက်က ဒီမိုကရေစီ အင်အားစုတွေက ဘာပဲပြောပြော ဘာမှမလုပ်နိုင်သေးဘူး။ ထောင်ထဲက လူတွေက ထောင်ထဲက မလွှတ်ကြသေးဘူး။ နိုင်ငံခြားရောက်နေတဲ့ သူတွေက ယုံယုံကြည်ကြည်

နဲ့ မြန်မာပြည် ပြန်လာနိုင်တဲ့ အနေအထား မရှိသေးဘူး။ တစ်ခါ ပြည်တွင်း နိုင်ငံရေး အင်အားစုတွေက NLD မှာ ခိုအောင်းနေတယ်ပဲခေါ်ခေါ်၊ လက်တွဲလုပ်နေတယ်ပဲ ခေါ်ခေါ် ရှိတဲ့ အင်အားစုတွေကလည်း ဘာမှ ထူးထူးခြားခြား ပြောင်းလဲ လှုပ်ရှားနိုင်တဲ့ အင်အား မရှိဘူး"

"သို့သော် ဒီထဲကနေပြီးတော့ NLD ပါတီရဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်က ဦးသိန်းစိန် အစိုးရရဲ့ ဖိတ်ကြားချက်ကို လက်ခံပြီးတော့ တွဲလုပ်တဲ့အခါကျတော့ ကြိုးမျှင်လေးတစ်ခု ဆက်သလိုတော့ ဆက်နေ - - - တဲ့ အနေအထားမှာ ရှိတယ်။ ဒီကြိုးမျှင်လေးဟာ ဘယ်လောက်ကြာကြာ တောင့်တောင့်တင်းတင်းနဲ့ ဟိုဘက်က အင်အားစုတွေကို ဆွဲနိုင်မလဲ။ ဒီကြိုးမျှင်လေးက တစ်ဆင့် ကျန်တဲ့ ဒီမိုကရေစီအင်အားစု သုံးစုကိုဆွဲနိုင်မလားဆိုတာကတော့ စောင့်ကြည့်ရမယ့် အနေအထားပဲ။ ဒီကြိုးမျှင်လေးက **သံမဏိကြိုးမျှင်**လို့ ပြောလို့ရတဲ့ အနေအထား ရှိတယ်။ သူ့ရဲ့ဩဇာ၊ သူ့ရဲ့ သိက္ခာ အင်မတန် ကြီးမားတယ်လို့ ပြောလို့ရတယ်။ ဒါပေမဲ့ ကြိုးမျှင်က ကြိုးမျှင်ပဲ။ သူက တစ်ဦးတည်း သွားနေရတာကိုး။ ဒီကြိုးမျှင် အင်အားနဲ့ ဒီမိုကရေစီ အင်အားစုတွေက ဝိုင်းဆွဲကြမယ်။ ကိုယ်လိုချင်တာကို။ အစိုးရကလည်း သူတို့ လိုချင်တဲ့ တောင်းဆိုချက်တွေ ခေါ်ခေါ်၊ သူတို့ လိုချင်တဲ့ ပြုပြင် ပြောင်းလဲမှုတွေပဲ ခေါ်ခေါ်၊ သူတို့ရဲ့ အသွင်ပြောင်းလဲမှုပဲ ခေါ်ခေါ် ဒီကြိုးမျှင်ကနေ ဆွဲမှာပဲ။ အဲဒီတော့ ဒီကြိုးမျှင်ဟာ သံမဏိကြိုးမျှင်လား၊ ရိုးရိုးကြိုးမျှင်လား ဆိုတာကတော့ စောင့်ကြည့်ရမှာပဲ။ ဘယ်လောက် အထိ တောင့်ခံနိုင်မလဲ"

(၁၃-၁၁-၁၁ ထုတ် မော်နီတာဂျာနယ်မှ)

ဆရာကြီး ဦးဝင်းတင်က ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ပြီး ဒီလို ဆက်ပြောထားပါတယ်။ ဒီပါတီထဲမှာ မှတ်ပုံတင်တာကို မကျေနပ်တဲ့သူတွေ ရှိချင်ရှိမယ်၊ နည်းပါတယ်။ တစ်ခါ ပါတီလုပ်တဲ့ လုပ်ငန်းတွေကို မကြိုက်လို့ ခွဲထွက်မယ်ဆိုတဲ့သူတွေက နည်းနည်းပဲ ရှိပါမယ်။ ကျွန်တော်ကတော့ အဲသလိုပဲ မြင်တယ်။ ဘာဖြစ်လို့ ဒီလို ပြောရလဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုဂ္ဂိုလ်ရေး ဩဇာလို့ပဲ ပြောရလိမ့်မယ်။ ဒါကလည်း အလွန်ကြီးမားတဲ့ အနေအထားမှာ ရှိပါတယ်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုပ်ရပ် အကုန်လုံး မှန်တယ်လို့ မယူဆနိုင်ဘူး။ ပြောလို့ မရနိုင်ဘူး။ သို့သော် အဲဒီကြားထဲကပဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဩဇာကြီးနေတယ်။ ဩဇာရှိနေတဲ့အခါကျတော့မှတ်ပုံတင်တယ်ဆိုရင်လည်း အများစုက ဒေါ်အောင်ဆန်းစုကြည် နောက် လိုက်နေမှာပဲ။ ဒေါ်အောင်ဆန်းစုကြည် အနေအထားကတော့ အများစုရဲ့ပေါ်မှာ တည်တာပဲ။ အဲလိုအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ဆန့်ကျင်တာတွေက မဖြစ်နိုင်ဘူးလို့ ကျွန်တော်တော့ထင်တယ်"

(၁၃-၁၁-၁၁ ထုတ် မော်နီတာဂျာနယ်မှ)

ဆရာကြီး ဦးဝင်းတင်က အဲဒီလို ရှင်းရှင်းလင်းလင်း သုံးသပ်ပြတဲ့ အတွက် ကျေးဇူးအထူးတင်ပါတယ်။ ဒီတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဆရာကြီး ဦးဝင်းတင် ပြောတဲ့ ကြိုးမျှင်ကလေးဟာ ဘယ်လို ကြိုးမျှင်ကလေးလဲ။ **သံမဏိ ကြိုးမျှင်** ဖြစ်မယ်လို့ ယုံကြည်ပါတယ်။

ပျော့ပျောင်းတယ် ဆိုတာ ပျော့ညံ့တာ မဟုတ်ဘူးလို့ (၁၄-၁၁-၁၁) လွတ်မြောက်ခြင်း တစ်နှစ်ပြည့် သတင်းစာ ရှင်းလင်းပွဲမှာ

ဒေါ်အောင်ဆန်းစုကြည်က အတိအလင်း ထည့်သွင်း ပြောကြားခဲ့ပြီ ဖြစ်ပါတယ်။ ကြိုးဆိုတာ ပျော့ပျောင်းတာမျိုးပဲ။ ဒါပေမဲ့ စတီးကြိုးဟာ သန်မာသလို မူ (ဝါဒ) ဆိုတာ ခိုင်ခိုင်မာမာရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်က အလေးအနက် ပြောကြားသွားပါတယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်ဟာ လွှတ်တော်ထဲပဲ ရောက်ရောက်၊ လွှတ်တော်အပြင်မှာပဲ ရှိရှိ သံမဏိကြိုးမျှင်အဖြစ်နဲ့သာ တွေ့မြင်ရလိမ့်မယ်လို့ ယုံကြည် မျှော်လင့်မိပါတယ်။ ကြံ့ဟာ သူ့ကို ဘယ်လိုပဲကြိတ်ကြိတ် ချိုတဲ့သတ္တိကိုမစွန့်လွှတ်သလိုပဲ ဒေါ်အောင်ဆန်းစုကြည်ဟာလည်း ပြည်သူ့အတွက် ဆိုတဲ့ ယုံကြည်ချက်ကို ဘယ်တော့မှ စွန့်မှာ မဟုတ်ဘူးလို့ ယုံကြည်နေမိပါတယ်။

(၂၃-၁၁-၁၁ ထုတ်၊ နံနက်ခင်းဂျာနယ်)



# ဗိုလ်ချုပ်အောင်ဆန်း
# နှလုံးသွင်းအားတင်းခဲ့တဲ့ ကဗျာ
# ဒေါ်အောင်ဆန်းစုကြည်
# လက်ဆင့်ကမ်းခဲ့တဲ့ ကဗျာ

၂၅ နိုဝင်ဘာ ၂၀၁၁ မှာ NLD ပါတီဟာ တရားဝင်မှတ်ပုံတင်လိုက်ပြီ ဖြစ်ပါတယ်။ ဒီနေ့မှာပဲ သက္ကသိုလ်ရိပ်သာလမ်းက ဒေါ်အောင်ဆန်းစုကြည်နေအိမ်မှာ ဂီတအနုပညာရှင်များ စုဝေးရောက်ရှိ စည်းဝေးခဲ့ကြပြီး NLD ပါတီကြားဖြတ်ရွေးကောက်ပွဲမှာ အနိုင်ရရှိရေးအတွက် တက်ကြွလှုပ်ရှားပါဝင်သွားမယ်လို့ သိရပါတယ်။ ဒီနေ့မှာပဲ ကုလသမဂ္ဂအထွေထွေညီလာခံကြီးက မြန်မာနိုင်ငံရေး တိုးတက်မှုရှိခဲ့သော်လည်း လူ့အခွင့်အရေး လှုပ်ရှားမှုပိုင်းမှာ နောင့်နှေးနေသေးတယ်။ အားရဖွယ်

မရှိဘူးလို့ ထုတ်ပြန်ကြေညာလိုက်ပါတယ်။ အဓိကအားဖြင့် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ ပြန်လွှတ်ပေးရေးကိုပဲ တညီတညွတ်တည်း ထောက်ပြတောင်းဆိုနေလျက်ရှိပါတယ်။ ဒီဇင်ဘာလဆန်းပိုင်းမှာ မြန်မာနိုင်ငံကိုရောက်လာတော့မယ့် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ဟီလာရီကလင်တန်ကလည်း ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ ပြန်လွှတ်ပေးရေးကို မုချမသွေ ထည့်သွင်းပြောဆို ဆွေးနွေးဦးမှာ ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး မြန်မာ အစိုးရသစ်ရဲ့နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နဲ့ ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းတို့က မြန်မာပြည်မှာ နိုင်ငံရေးအကျဉ်းသားမရှိကြောင်း အတိအလင်း ထုတ်ဖော်ပြောဆိုခဲ့ပြီးဖြစ်ပါတယ်။ ယခုနောက်ဆုံးကြားလိုက်ရတာကတော့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကိုယ်တိုင်က "ယုံကြည်ချက်ကြောင့် ဆိုတဲ့ဟာကတော့ပြောရမှာခက်တယ်။ ကျွန်တော်တို့က ယုံကြည်ချက်ကြောင့် ဆိုတဲ့ဟာကတော့ လက်မခံဘူး။ ဥပဒေ တစ်ခုခုကို ကျွန်တော်တို့ ကျူးလွန်ထားတဲ့အတွက်ကြောင့် ကျွန်တော်တို့က ဒါအရေးယူထားတာဖြစ်ပါတယ်။" လို့ ပြောကြားသွားခဲ့ပါတယ်။ (အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ ကျင်းပခဲ့တဲ့ ၁၉ ကြိမ်မြောက် အာဆီယံထိပ်သီး အစည်း အဝေးသို့ တက်ရောက်လာစဉ် ပြည်တွင်းပြည်ပမီဒီယာများနှင့် တွေ့ဆုံ မေးမြန်းခန်းမှာ ဖြေကြားခဲ့တာဖြစ်ပါတယ်။)

သမ္မတကြီးရဲ့ အဖြေစကားကို RFA ရေဒီယိုက ထုတ်လွှင့်ခဲ့တာ နားထောင်ခဲ့ရပြီးတဲ့နောက် နိုဝင်ဘာ ၂၄-၁၀-၂၀၁၁ ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်မှာလည်း ပုံနှိပ် ဖော်ပြခဲ့တာ ဖတ်ခဲ့ရပါတယ်။

သမ္မတကြီးရဲ့အဖြေကတော့ ရှင်းပါတယ်။ နိုင်ငံရေး အကျဉ်းသား မဆို ထားနဲ့၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများပင်မရှိလို့ ဆိုလို ပါတယ်။ ယုံကြည်ချက်ကြောင့် ဆိုတဲ့ဟာကတော့ လက်မခံဘူးလို့ အပြတ်ပြောလိုက်ပြီ ဖြစ်ပါတယ်။

ဧရာဝတီမြစ်ဆုံ ကိစ္စမှာတုန်းက ပညာရှင်များ ပြည်သူများရဲ့ အသံကို နားထောင်ပြီးတော့ မြစ်ဆုံစီမံကိန်းတွေကို ရပ်ဆိုင်းဖို့ အမိန့် ပေးခဲ့တဲ့အတွက် နိုင်ငံတော်သမ္မတကြီးကို တစ်ခဲနက် ချီးကျူးသံတွေ ဘဝင်ထိ ညံသွားတယ်လို့ ထင်ရပါတယ်။ ကဗျာဆရာကြီးများဖြစ်ကြတဲ့ ဆရာဒဂုန်တာရာနဲ့ ဆရာကိုလေး(အင်းဝဂုဏ်ရည်)တို့ဆိုရင် သမ္မတကြီး ကိုဖွဲ့ဖွဲ့နွဲ့နွဲ့ဂုဏ်ပြုချီးကျူးခဲ့ကြတာကလား။ သမ္မတကြီးရဲ့အသံဟာ နွေဦး အလာတွင် တွန်ကျူးသော ဥဩတေး သံကဲ့သို့ ချိုမြသာယာပါသည်လို့ ဆရာဒဂုန်တာရာက ဖွဲ့နွဲ့ဖော်ပြခဲ့ပါတယ်။ ဆရာကိုလေး (အင်းဝဂုဏ် ရည်)ကတော့ "သမ္မတကြီး သက်တော်ရာကျော်ရှည်ပါစေ၊ ပြီးတော့ နောက်ထပ် သမ္မတသက်တမ်းမှာလည်း ဆက်အရွေးခံပါ။ အသည်း ကြားမှ မဲတစ်ပြားကို ထည့်ပေးပါ့မယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

(၁၁-၁၀-၂၀၁၁) ထုတ်

ခေါင်ကြည့်သတင်းဂျာနယ် ၈ာ-၁၉)

ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကလည်း သမ္မတကြီးကို ယုံလိုက်ပါ၊ ရာခိုင်နှုန်းပြည့် ယုံကြည်လိုက်ပါလို့ ၁၇၇၃ သီတင်းကျွတ် လပြည့်နေ့မှာ ထောင်က လွတ်လာတဲ့ ကိုဇာဂနာကို အားပါးတရပြော ကြားခဲ့ပါတယ်။ သမ္မတကြီးကို ယုံကြည်ဖို့ ဒေါ်အောင်ဆန်းစုကြည်က

ဂျာနယ်ပေါင်းစုံမှာ အကြိမ်ကြိမ်ပြောကြားခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးကို ခံစားချက်နဲ့ မလုပ်ဖို့၊ ယုံကြည်ချက်နဲ့ လုပ်ဖို့ကိုလည်း ၂၁-၁၀-၂၀၁၁ မှာ ပြုလုပ်တဲ့ ဝါရင့်နိုင်ငံရေးသမားကြီးများ ကန်တော့ပွဲမှာ အတိအလင်း ပြောကြားခဲ့ပါတယ်။ ယခု နိုင်ငံတော်သမ္မတကြီးက "ယုံကြည်ချက်ကြောင့် ဆိုတဲ့ဟာကတော့ လက်မခံဘူး" လို့ မီဒီယာတွေကို အဖြေပေးလိုက်လေရာ "ဘာဆက်လုပ်ကြမှာလဲ" ဆိုတဲ့ မေးခွန်းတွေ ပဲ့တင်လာပါတယ်။

ဒီနေ့ပဲ (၂၅-၁၁-၂၀၁၁)မှာ RFA ရေဒီယိုကနေ ဒေါ်အောင်ဆန်းစုကြည်က ...

"အန်တို့ ဘဝမှာ လောင်းကစား လုံးဝမလုပ်ခဲ့ဘူး။ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ပုံပြီးမယုံခဲ့ဘူး" လို့ မေးခွန်းတစ်ခုကို ဖြေကြားသွားတာ ကြားလိုက်ရပါတယ်။ ယခု NLD ပါတီက ရွေးကောက်ပွဲဝင်မှာနဲ့ သမ္မတကြီးနဲ့ တွေ့ဆုံ ဆွေးနွေးခဲ့တာတွေကို ရည်ညွှန်းပြီး ဒါဟာ ကစားပွဲမဟုတ်တဲ့ စွန့်စားဆောင်ရွက်ခြင်းဆိုတဲ့ အဓိပ္ပာယ်နဲ့ ပြောကြားသွားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့စွန့်စားဆောင်ရွက်ခြင်းတွေ အပေါ် လွှတ်တော်ကကြိုဆိုခဲ့သလို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က ဒါဟာ ကောင်းတဲ့ လက္ခဏာ၊ မင်္ဂလာသတင်း အဖြစ် ဝမ်းပမ်းတသာ ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့ပါတယ်။ ပြည်သူတွေကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံနေလျက်ပါပဲ။ သို့သော် နိုင်ငံရေးအကဲခတ်များ၊ သဘောထား တင်းမာသူများ၊ စာရေးဆရာ၊ ကဗျာဆရာများဆီက ဒေါ်အောင်ဆန်းစုကြည်အပေါ် ဝေဖန် ပြောဆိုသံများကိုလည်း ကျယ်

ကျယ်လောင်လောင်၊ ကျယ်ကျယ်ပြန့်ပြန့် ကြားလာရပြီ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က ဝေဖန်ရေးကို ကြိုဆိုကြောင်း ၁၆-၉-၂၀၁၁ ထုတ် လျှပ်တစ်ပြက်ဂျာနယ် အင်တာဗျူးမှာ ပြောဆိုခဲ့ပြီး ဖြစ်ပါတယ်။

ဆက်လက်ဖြတ်သန်းရဦးမယ့် ဒေါ်အောင်ဆန်းစုကြည်ရဲ့နိုင်ငံရေးခရီးမှာ ဗေဒါပျံ့ အံကိုခဲရဦးမှာဖြစ်ပါတယ်။ ပန်းပန်လျက်ပဲဆိုတဲ့ အနေအထားကို ကျွန်တော်တို့မျှော်လင့်ပါတယ်။ ဒီအချိန်မှာ ၁၃၇၃ ခုနှစ်တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၂၀-၁၁-၂၀၁၁)က လက်ဆောင်ရခဲ့တဲ့ "အကယ်၍" ဆိုတဲ့ ကဗျာစာအုပ်ကလေးကို ပြန်ဖတ်နေမိပါတယ်။ (၂၄-၁၁-၁၉၈၈) နေ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လူငယ်) မှ စည်းရုံးရေးတာဝန်ခံ (ယာယီ) လူငယ် ၁၄ ဦး စည်းရုံးရေးမဆင်းမီ နှုတ်ဆက်သြဝါဒ ခံယူပွဲ၌ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က Rudyard Kipling (1865-1936) ရေး IF ကဗျာအားရွတ်ဆိုအဓိပ္ပာယ်ပြန်ကာ ပြောကြားခဲ့ပါသည်လို့ စာအုပ်မျက်နှာဖုံးရဲ့အတွင်းစာမျက်နှာမှာ ဖော်ပြထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က အဓိပ္ပာယ်ပြောပြတာကို ကဗျာပုံသဏ္ဍာန်ဖြစ်အောင် ဆရာမ မသီတာ (စမ်းချောင်း)က ပြန်ရေးပေးခဲ့ရကြောင်းလည်း သိရပါတယ်။ ကဗျာတစ်ပုဒ်လုံးရဲ့ဖော်ပြချက်ကတော့ လောကဓံတရားနဲ့ ရင်ဆိုင်ကြုံတွေ့လာရချိန်မှာဘယ်လိုနလုံးသွင်းရမယ်ဆိုတာ အားပေးတိုက်တွန်းထားတာပါပဲ။

(အကယ်၍ ကဗျာကို (၈-၁၁-၂၀၁၁)ထုတ် ပေါ်ပြူလာဂျာနယ်မှာ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်)

**အကယ်၍** မဂ္ဂမစာပေတိုက်

အကယ်၍
မင်းအသိုင်းအဝိုင်းက
တုန်လှုပ်ခြောက်ခြားပြီး
ဒါတွေဟာ
မင်းကြောင့်လို့
ဝိုင်းဝန်းပြစ်တင်ကြတဲ့အခါ
မင်းဟာ
ခေါင်းအေးအေးနဲ့ ရင်ဆိုင်နိုင်မယ်ဆိုရင် . . .။
ကဗျာရဲ့ပထမအပိုဒ်မှာပဲ ကြုံတွေ့နိုင်တဲ့ အခြေအနေနဲ့ အားပေးစကားကို ကြားလိုက်ရပြီ ဖြစ်ပါတယ်။ လောက မှာ ဘဝမှာ မုချ ရင်ဆိုင် ဖြတ်သန်းရမယ့် အနေအထားတွေကို ကဗျာက ပြောကြားသွားပါတယ်။
အကယ်၍
မင်းရဲ့ အမှန်စကားတွေကို
လူလိမ်လူညစ်တွေက
လှည့်စားပြောင်းလဲပြီး
မုသားအဖြစ် ထောင်ချောက်ဆင်ညစ်တဲ့အခါ
မင်းဟာ
တည်ငြိမ်စွာ နားကြားနိုင်မယ်ဆိုရင် . . .။
ဒါမှမဟုတ်
မင်းဘဝ တစ်ခုလုံးပေးပြီး
အရိပ်တကြည့်ကြည့် ဖြည်းဆည်းခဲ့ရတဲ့အရာရာကို
ဖျက်ဆီးခံလိုက်ပြီးတဲ့နောက်မှာ
အင်မတန်မှ သေးငယ်တဲ့ တန်ဆာပလာအရာရာနဲ့
ပြန်လည်တည်ဆောက်နိုင်မယ်ဆိုရင် . . .။

ကဗျာတစ်ပုဒ်လုံး ဆင်ခြင် နှလုံးသွင်းစရာတွေချည်းပါပဲ။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဒီကဗျာကို ကြိုက်နှစ်သက်လှသမို့ လူငယ်တွေကို လက်ဆင့်ကမ်းမျှဝေခဲ့တာဖြစ်ပါတယ်။ တစ်ကယ်တော့ နိုင်ငံရေးဆိုတာ လရောင်အောက်မှာ ဇာပန်းထိုးတာမဟုတ်ပါ။ အတိုက် အခံ ဆိုတာ ရှိနေစမြဲပါ။ ဗိုလ်ချုပ်အောင်ဆန်း ဘယ်လောက် ကောင်း အောင်လုပ်လုပ် ကဖျက်ယဖျက် ထိုးနက် တိုက်ခိုက်သူတွေ ရှိခဲ့တာပဲ မဟုတ်ပါလား။ ဒီမှာ ဗိုလ်ချုပ်ကဘာပြောလဲ။

"ဘုရားတောင်မှ အတိုက်အခိုက် မကင်းဘူးကျုပ်တို့က ဘာမို့ လဲ" တဲ့။

အဲဒီလို လေးလေးနက်နက် နှလုံးသွင်းနိုင်ဖို့ လိုပါတယ်။ ပြီး တော့ ဗိုလ်ချုပ်အောင်ဆန်းမှာ ကျောင်းသားဘဝကတည်းက စွဲနေတဲ့ ကဗျာတစ်ပုဒ် ရှိခဲ့ပါတယ်။ အများသိပြီးသားဖြစ်တဲ့ "အနိုင်မခံ" ကဗျာ ပါ။ ဒီကဗျာကလည်း လောကဓံ အတိုက်အခိုက်တွေကို ကျော်လွှားနိုင် စေဖို့ ဗိုလ်ချုပ်ကိုအား ဖြစ်စေခဲ့တဲ့ ကဗျာပါ။

✧ ငါ့အားဖုံးလွှမ်းထားသော လကွယ်သန်းခေါင် ဤမှောင်မိုက် တွင်းမှနေ၍ အနိုင်မခံ အရှုံးမပေးတတ်သော ငါ၏စိတ်ဓာတ် ကို ဖန်ဆင်းပေးသည့် နတ်သိကြားတို့အား ငါကျေးဇူးတင်၏။

✧ လောကဓံတရားတို့၏ ရက်စက်ကြမ်းကြုတ်သော လက်ဆုပ် တွင်းသို့ ကျရောက်နေရခြားသော်လည်း ငါကားမတုန်လှုပ်၊ မငိုကြွေး။ ကံတရား၏ ရိုက်ပုတ်ခြင်း ဒဏ်ချက်တို့ကြောင့် ငါ၏ ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီ၏ ညွှတ်ကားမညွှတ်။

✧ ဤလောဘ၊ ဒေါသတို့ကြီးစိုးရာဌာန၏ အခြားမဲ့၌ကား သေခြင်းတရားသည် ကြောက်မက်ဖွယ်ရာ ငုံ့လင့်လျက်ရှိ၏ သို့သော် ငါ့အားမတုန်လှုပ်သည်ကိုသာတွေ့ရအံ့။ နောင်ကိုလည်း ဘယ်တော့မှ မကြောက်သည်ကို သာတွေ့ရအံ့။

✧ သုဂတိသို့သွားရာ တံခါးဝသည် မည်မျှကျဉ်းမြောင်းသည်ဖြစ်စေ၊ ယမမင်း၏ ခွေးရေပုရပိုက်၌ ငါ့အပြစ်တို့ကို မည်မျှပင်များစွာ မှတ်သားထားသည် ဖြစ်စေ၊ ငါကားဂရုမပြု။

✧ ငါသာလျှင် ငါ့ကံ၏ အရှင်သခင်ဖြစ်၍ ငါသာလျှင် ငါ့စိတ်၏ အကြီးအကဲဖြစ်သတည်း။ ။

(မူရင်း - W.E. Henley ၏ Invictus ကဗျာ)

ဗိုလ်ချုပ်အောင်ဆန်းနှလုံးသွင်းအားတင်းခဲ့တဲ့ကဗျာ၊ ဗိုလ်ချုပ်ရဲ့သမီးဒေါ်အောင်ဆန်းစုကြည်မျှဝေ လက်ဆင့်ကမ်းတဲ့ ကဗျာတို့ဖြင့် အသင့်စောင့်ကြိုနေတဲ့ လောကဓံတရားကို ကျော်လွှားနိုင်ကြပါစေဗျာ။

(၇-၁၂-၁၁ ထုတ်၊ နံနက်ခင်းဂျာနယ်)

# ဒေါ်အောင်ဆန်းစုကြည်နှင့်
# နောက်ကြောင်းပြန်မလှည့်တဲ့လမ်း

အမေရိကန်ပြည်ထောင်စုရဲ့နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ရဲ့ မြန်မာခရီးစဉ်ဟာ ကမ္ဘာ့ထိပ်တန်းသတင်း တစ်ပုဒ်ဖြစ်ခဲ့ပါတယ်။ ဟီလာရီကလင်တန်က လက်ရှိမြန်မာ အစိုးရရဲ့သဘောထားအမှန်ကို ကိုယ်တိုင် သိချင်လို့ လာရောက်တာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်က ဟီလာရီကလင်တန်ရဲ့ ခရီးစဉ်ဟာ သမိုင်း စာမျက်နှာသစ် ဖွင့်လိုက်တာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်သမ္မတ လွှတ်တော် ဥက္ကဋ္ဌတို့နဲ့ ဆွေးနွေးခဲ့ရာမှာ နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများဟာ အဓိကအကြောင်းအရာများပဲ ဖြစ်ပါတယ်။ တကယ်တော့